# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

**လောကဝဂ်(ဓမ္မပဒ-၁၇၃)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၅၄)


# ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ မြန်မာ့ခရီးသွားလုပ်ငန်းကွန်ဖရင့်- ၂၀၁၈ သို့ တက်ရောက်

## ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဆွဲဆောင်မှုများ ပိုမိုပြုလုပ်ရေး မှာကြား






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ခရီးသွားလုပ်ငန်းကွန်ဖရင့်-၂၀၁၈ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၁၂**

မြန်မာ့ခရီးသွားလုပ်ငန်းကွန်ဖရင့်-၂၀၁၈ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ရေးရာကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ကျင်းပသည့် အမျိုးသားအဆင့်အစည်းအဝေးသည် နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်သည့်နေရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးများကို ယမန်နှစ်က (၂)ကြိမ်ကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေးများ ကျင်းပစဉ်က ဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ပြီးစီးမည်ဟု ယုံကြည်ပါကြောင်း။

ယခုကွန်ဖရင့်၌ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုနှင့် ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း ဈေးကွက်မဟာဗျူဟာများနှင့် အခွန်ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းနည်းပညာပိုင်းဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်း အရည်အသွေးမြင့်မားစေရန်အတွက် လေ့ကျင့်သင်ကြားပေးရေးတို့တွင်


*စာမျက်နှာ ၃ ကော်လံ ၁* ✻


**ရှန်ဂရီလာသို့ တစ်ခေါက်**

ဆောင်းပါး


စာမျက်နှာ » ၆




**အတိတ်ကို အတိတ်မှာ ထားခဲ့ရန် ကင်နှင့် ထရန့် သဘောတူ**

နိုင်ငံတကာ


စာမျက်နှာ » ၁၄


## မှတ်သားဖွယ်ရာ မိုးရေချိန် ၁၂-၆-၂၀၁၈

| | | | |
|---|---|---|---|
| မာန်အောင်မြို့ | ၈ ဒသမ ၉၀ လက်မ | ခန္တီးမြို့ | ၄ ဒသမ ၆၄ လက်မ |
| တောင်ကုတ်မြို့ | ၈ ဒသမ ၃၁ လက်မ | ဘီးလင်းမြို့ | ၄ ဒသမ ၄၉ လက်မ |
| ကျောက်ဖြူမြို့ | ၇ ဒသမ ၃၂ လက်မ | မကွေးမြို့ | ၄ ဒသမ ၂၉ လက်မ |
| တမူးမြို့ | ၆ ဒသမ ၉၇ လက်မ | သံတွဲမြို့ | ၄ ဒသမ ၂၂ လက်မ |
| ထမံသီမြို့ | ၆ ဒသမ ၀၂ လက်မ | ညောင်လေးပင်မြို့ | ၄ ဒသမ ၁၇ လက်မ |
| မြောက်ဦးမြို့ | ၅ ဒသမ ၉၀ လက်မ | သရက်မြို့ | ၄ ဒသမ ၁၃ လက်မ |
| ရန်ကုန်(ဒဂုံမြောက်) | ၅ ဒသမ ၇၁ လက်မ | ပလက်ဝမြို့ | ၄ ဒသမ ၀၂ လက်မ |
| အမ်းမြို့ | ၄ ဒသမ ၈၈ လက်မ | သထုံမြို့ | ၄ ဒသမ ၀၂ လက်မ |
| ရွှေကျင်မြို့ | ၄ ဒသမ ၇၂ လက်မ | ကျောက်တော်မြို့ | ၃ ဒသမ ၉၈ လက်မ |


KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

# ရေရှည်တစိုက်မတ်မတ်လုပ်ဆောင်ရန် လိုအပ်သော ရခိုင်ပြည်နယ်အရေး

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် NHK သတင်းဌာနတို့ သီးသန့်တွေ့ဆုံမေးမြန်းခန်းကို ဇွန်လ ၁၀ ရက်နှင့် ၁၁ ရက်နေ့ထုတ် သတင်းစာများတွင် အပြည့်အစုံဖော်ပြခဲ့သည်။ ဤသည်မှာ NHK သတင်းဌာနအနေနှင့် ၅ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် တွေ့ဆုံမေးမြန်းခွင့်ရခြင်းဟု ဆိုပါသည်။ ထို့ကြောင့် မြန်မာ့နိုင်ငံရေးနှင့် ပတ်သက်သော အရေးကြီးကိစ္စအတော်များများ ပါဝင်နေသည်ကို တွေ့ရပါသည်။

ထိုတွေ့ဆုံမေးမြန်းခန်းတွင် ရခိုင်ပြည်နယ်အရေးက အများဆုံး ပါဝင်နေပြီး၊ မြန်မာ-ဂျပန်ဆက်ဆံရေး၊ မြန်မာ့ဒီမိုကရေစီအရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး စသည်ဖြင့် မြန်မာနိုင်ငံရေးကို ပုံဖော်နေသော အကြောင်းအရာများ ပါဝင်နေပါသည်။ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ 'ဤမျှအရေးကြီးသော ပြဿနာကို နေ့ချင်းညချင်း ဖြေရှင်းနိုင်မှာမဟုတ်ကြောင်း၊ မြန်မာနိုင်ငံပြင်ပက မဆိုသလောက် လူအချို့နှင့် မြန်မာနိုင်ငံအတွင်းက မဆိုသလောက်လူအချို့ကသာ ဒီပြဿနာသည် သမိုင်းနှင့်ချီ၍ ရှုပ်ထွေးလှသော ပြဿနာအဖြစ်သိရှိကြကြောင်း၊ ထို့ကြောင့် ဒီနိုင်ငံမှာ ဘာတွေဖြစ်နေသလဲ၊ ဘာ့ကြောင့် အစိုးရအနေနဲ့ ဒီလိုမျိုး ကိုင်တွယ်ဆောင်ရွက်ရသလဲဆိုတာကို ပြည်ပက လူများသာမက ပြည်တွင်းမှာနေထိုင်သူများလည်း ကောင်းစွာသိရှိသင့်ကြောင်း၊ ပြည်သူတွေ ရေရေရာရာသိရှိသင့်တယ်ဆိုတာက အရေးကြီးဆုံးအချက်ဖြစ်ကြောင်း၊ အကြောင်းကတော့ ဒီနိုင်ငံရဲ့တည်ငြိမ်အေးချမ်းရေးနဲ့ လုံခြုံရေးတိုးတက်ကောင်းမွန်မှုတို့ကို ကိုယ်တိုင်ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်လို့ဖြစ်ကြောင်း' ပြောကြားခဲ့သည်။

ဤရက်ပိုင်းအတွင်း UNDP ၊ UNHCR တို့နှင့် MoU လက်မှတ်ရေးထိုးခဲ့ခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခဲ့ခြင်းတို့သည် ဒေါက်တာကိုဖီအာနန်ကော်မရှင်နှင့် အကြံပေးအဖွဲ့တို့၏ အကြံပြုချက်များနှင့်အညီ လုပ်ဆောင်နေခြင်းဖြစ်သည်ကို အကြိမ်ပေါင်းများစွာ ရှင်းပြခဲ့ပြီးဖြစ်ကြောင်း၊ ဉာဏ်ပညာအမြော်အမြင်လည်းရှိ၊ စိတ်ကောင်းစေတနာကောင်းလည်းရှိသည်ဟု ယုံကြည်သူများနှင့် ဤကော်မရှင်နှင့် အကြံပေးအဖွဲ့ နှစ်ဖွဲ့စလုံးကို ဖွဲ့စည်းခဲ့တာဖြစ်ကြောင်း၊ ထို့ကြောင့် သူတို့၏အကြံပြုချက်များကို အလွန်ပဲ အလေးထား ဆောင်ရွက်နေကြောင်း ပြောပါသည်။

မြန်မာနိုင်ငံအနေနှင့် ဒုက္ခသည်များ၏ ယုံကြည်မှုပြန်လည်ရရှိလာအောင်၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်မှုပြန်လည်ရရှိလာအောင် လုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ "ယုံကြည်မှုဆိုသည်မှာ အပြန်အလှန်ရှိသင့်ကြောင်း၊ ဥပမာပြောရလျှင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အကြား ရရှိခဲ့သော MoU နှင့်အညီ ပုံစံတွေ ဖြည့်စွက်ပေးရမည်ဟု နားလည်ကြောင်း၊ ဒီပုံစံတွေကို ဒုက္ခသည်တွေဆီ ကျယ်ကျယ်ပြန့်ပြန့် ဝေပေးခဲ့ခြင်း မရှိကြောင်း၊ ဒီပုံစံတွေ ဖြန့်ဝေပေးခြင်း မရှိလျှင် ရခိုင်ပြည်နယ်ကို ဘေးကင်းလုံခြုံစွာနဲ့ တရားဥပဒေနဲ့အညီ ပြန်လာနိုင်ကြောင်း ဒုက္ခသည်များ မသိကြရင်၊ ဒုက္ခသည် ဌာနေပြန်ရေးလုပ်ငန်းစဉ် အလျင်အမြန်တိုးတက်အောင်ဆောင်ရွက်နိုင်မှာ မဟုတ်ကြောင်း၊ ဒါကြောင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ဟု ဖြစ်ကြောင်း" ပြောသည်။

အဆိုပါ ဒုက္ခသည်များ နေရပ်ပြန်ရေးကိစ္စနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့သို့ လာရောက်ခဲ့ကြသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများခရီးစဉ်အပြီး လုံခြုံရေးကောင်စီ၌ မေလ ၁၄ ရက်နေ့က ကျင်းပခဲ့သော တံခါးဖွင့်အစည်းအဝေးတွင် မြန်မာနိုင်ငံဘက်မှ ထိုသဘောထားအတိုင်းပင် တင်ပြခဲ့ပြီးဖြစ်သည်။ ထိုအစည်းအဝေးတွင် မြန်မာသံအမတ်ကြီးက "ရခိုင်ပြည်နယ်၌ ကြုံတွေ့ရသောပြဿနာရပ် များကို ဖြေရှင်းရာတွင် လက်ရှိအရေးကြီးဆုံး လုပ်ဆောင်ရန်မှာ နေရပ်စွန့်ခွာသူများအား နှစ်နိုင်ငံသဘောတူညီချက်များအရ ပြန်လည်လက်ခံရေးကို စတင်ရန်ဖြစ်ကြောင်း၊ မိမိတို့ဘက်မှ လက်ခံရန် အဆင်သင့်ဖြစ်နေသည့်အလျောက် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာ စတင်ရန် ထပ်တလဲလဲပြောကြားခဲ့ကြောင်း"၊ "မြန်မာနိုင်ငံဘက်မှ ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းအပြင် စိတ်ရင်းမှန်ဖြင့်ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်အနေဖြင့် နှစ်နိုင်ငံ သဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည့်အစား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဖင့်နွှေးအောင် ဆင်ခြေဆင်လက်များ တစ်ခုပြီးတစ်ခု ပေးနေသည်မှာ စိတ်ပျက်ဖွယ်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်အနေဖြင့် အခြေအနေမှန်ကို ဖုံးကွယ်ကာ မြန်မာနိုင်ငံက နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရန် ဆန္ဒမရှိကြောင်းဖြင့် တစ်ကမ္ဘာလုံးသို့ ပြောကြားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအား နိုင်ငံတကာမှ ပြစ်တင်ဝေဖန်ရှုတ်ချရန်နှင့် နိုင်ငံရေးအရ ဖိအားပေးမှုများ မြင့်မားလာစေရန်အတွက် အစိုးရနှင့် ပြည်သူများအား ပုတ်ခတ်ဝေဖန်လျက်ရှိကြောင်း" ပွင့်ပွင့်လင်းလင်းပင် ပြောဆိုခဲ့သည်။ သံအမတ်ကြီးကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကဲ့သို့ပင် "ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်စေရန် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ စစ်မှန်သောပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ကြောင်း" လုံခြုံရေးကောင်စီ၏ တံခါးဖွင့်အစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

ယခုနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် NHK သတင်းဌာန တွေ့ဆုံမေးမြန်းခန်းပါ ပြောကြားချက်များအရ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာရော၊ ပြည်တွင်းကပါ ပိုမိုနားလည်နိုင်ကြမည်ဟု ယူဆရပါသည်။ ဤသို့မိမိတို့ နိုင်ငံမှတာဝန်ရှိသူများ၏ အကြိမ်ကြိမ်ရှင်းလင်းပြောဆိုမှုများက အကျိုးမဲ့အရာမထင်ဖြစ်နေမှုများကို တန်ပြန်ကျော်လွှားနိုင်မည်ဟု ယူဆနိုင်ပါသည်။ သို့မှသာ နိုင်ငံတကာသတင်းမီဒီယာတွင် ခံစစ်အနေအထားရောက်ရှိနေရာမှ မျှခြေတစ်ခုသို့ တွန်းတင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတကာမှ သဘောပေါက်နားလည်မှုသာမက ပြည်တွင်းမှပါ နားလည်သဘောပေါက်ရန်လိုနေပါသည်။ သို့မှသာ အမှန်တရားနှင့် မိမိဘက်မှ စေတနာမှန်များကို စုစည်းညီညွတ်စွာ ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေးမှာ လအနည်းငယ်၊ နှစ်အနည်းငယ်နှင့် ပြီးစီးမှာမဟုတ်ဘဲ ရေရှည်တစိုက်မတ်မတ် လုပ်ဆောင်သွားရမည့်ကိစ္စဖြစ်ကြောင်း လေးနက်ရန်လည်းလိုအပ်လျက်ရှိပါသည်။ ။

## ဒေးဒရဲနှင့် ကျိုက်လတ်ရှိ အလက၊ အမကကျောင်းများအား ဗုဒ္ဓဆင်းတုတော်နှင့် ဘုရားကျောင်းဆောင်များ လှူဒါန်း

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း၊ နန္ဒာအောင်မြေပရဟိတအသင်းနာယက ဆရာတော် ဘဒ္ဒန္တနိမလနှင့်အလှူရှင်များက ဇွန် ၉ ရက် နံနက်က ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ နှင့်ကျိုက်လတ်မြို့နယ်ရှိ အလက၊ အမက ကျောင်းများအား ဗုဒ္ဓဆင်းတုတော် နှင့် ဘုရားကျောင်းဆောင်များ သွားရောက်လှူဒါန်းကြသည်။

အဆိုပါ သွားရောက်လှူဒါန်းခဲ့သော အလက၊ အမကကျောင်း ၂၃ ကျောင်းအတွက် တစ်ကျောင်းလျှင် ဗုဒ္ဓဆင်းတုတော်နှင့် ဘုရားကျောင်းဆောင် တစ်ဆောင်စီအား ကျောင်းအုပ်ဆရာ၊ဆရာမကြီးများထံ လှူဒါန်းခဲ့ကြောင်း သိရသည်။ ထို့ပြင် ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများအား ဗုဒ္ဓဆင်းတုတော်နှင့် ဘုရားကျောင်းဆောင်တစ်ဆောင်စီ လှူဒါန်းခဲ့ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူသည်။

နန္ဒာအောင်မြေပရဟိတ အသင်းသည် ယခုလှူဒါန်းသော ဗုဒ္ဓဆင်းတုတော်နှင့် ဘုရားကျောင်းဆောင် စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၈၀ ခန့် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## မိတ္ထီလာ အထက(၁) မှ ဂုဏ်ထူးရှင်များအား ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒက ဂုဏ်ပြုငွေချီးမြှင့်မည်

**မိတ္ထီလာ ဇွန် ၁၂**

မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ရှစ်ဦးအား ဂုဏ်ထူးတစ်ဘာသာ ငွေကျပ်တစ်သိန်းနှုန်းဖြင့် ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒက ဂုဏ်ပြုငွေချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

"အခု တက္ကသိုလ်ဝင်စာမေးပွဲမှာ အထက(၁) ကနေ ခြောက်ဘာသာ ဂုဏ်ထူးနဲ့ အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူ ရှစ်ဦးရှိပါတယ်၊ သူတို့ကို ဆရာတော် မိန့်ကြားထားတဲ့အတိုင်း ဂုဏ်ထူးတစ်ဘာသာ ငွေကျပ် တစ်သိန်းနှုန်း ဂုဏ်ပြုငွေချီးမြှင့်မယ့်အစီအစဉ်ကိုလည်း ဆရာတော်ထံ ဆက်သွယ်စီစဉ်နေပါတယ်၊ ကျောင်းက လုပ်မယ့် ပညာရည်ချွန်ဆုပေးပွဲမတိုင်မီ ဆရာတော်က အချိန်ပေးနိုင်တဲ့ ရက်ရွေးချယ်ပြီး ဂုဏ်ပြုငွေချီးမြှင့်မယ့်ပွဲလေး ဖြစ်မြောက်အောင် ကြိုးစားနေပါတယ်" ဟု အထက(၁) မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ပြောသည်။

ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒက ပြီးခဲ့သည့် မေလအတွင်းက စစ်ကိုင်းမြို့သောတာပန်ကျေးရွာနှင့် ထုံးဘိုကျေးရွာများရှိ ပဉ္စမတန်းမှ နဝမတန်းအထိ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရာတွင် သွားလာရေးလွယ်ကူအဆင်ပြေစေရေးအတွက် စက်ဘီး အစီး ၃၀၀ ကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ဟံသာဝတီဦးဝင်းတင်ဖောင်ဒေးရှင်းက နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် ဘဝတူစာနယ်ဇင်းသမားများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဇွန် ၁၂**

ဟံသာဝတီ ဦးဝင်းတင်ဖော်ဒေးရှင်းက နိုင်ငံရေးအကျဉ်းသားဟောင်း၊ ဘဝတူစာနယ်ဇင်းသမားများနှင့် NLD လူငယ်ဘုံရိပ်သာတို့အတွက် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲကိုယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပသည်။

ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းသည် ပြီးခဲ့သော ၂၀၁၂ ခုနှစ် မတ်လမှ စတင်ကာ နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် ဘဝတူစာနယ်ဇင်းသမားများအား ပထမဆုံးထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ ယခုအကြိမ်သည် ၃၃ ကြိမ်မြောက်ပြီဖြစ်ကြောင်း သိရသည်။

"ဆရာဦးဝင်းတင် ရှိစဉ်ကရော၊ ကွယ်လွန်ပြီးနောက်ပိုင်းရော အလှူငွေပေးအပ်ခဲ့တာ ၃၃ ကြိမ် ပြည့်မြောက်ခဲ့ပါပြီ၊ ဒီပွဲ အခုလိုလုပ်နိုင်တာဟာ မျက်ကွယ်ပြုသွားပြီဖြစ်တဲ့ ဆရာဦးဝင်းတင်ရဲ့ ကျေးဇူးတွေကြောင့်ပါ၊ အခုလို ပွဲမျိုးကို အရင်ကတော့ တစ်လတစ်ကြိမ်လောက် ထောက်ပံ့မှုတွေ လုပ်နိုင်ခဲ့တယ်၊ နောက်ပိုင်း နှစ်လတစ်ကြိမ်ကနေ သုံးလတစ်ကြိမ်အထိ ဖြစ်သွားခဲ့တယ်၊ ဆရာဦးဝင်းတင်ရှိစဉ်ကတော့ ကူညီထောက်ပံ့နိုင်တဲ့ဦးရေများလာတယ်၊ ခုနောက်ပိုင်းတော့ တဖြည်းဖြည်းလျော့နည်းလာတယ်၊ ဆရာဦးဝင်းတင်ဟာ ပြည်သူ့ဘက်ကရပ်တည်ခဲ့တဲ့ စာနယ်ဇင်းသမားကောင်းတစ်ဦးဖြစ်သလိုပဲ ဒီမိုကရေစီလူထုအရေးတော်ပုံကြီးမှာ ဦးဆောင်ခဲ့တဲ့ ပြည်သူ့ရဲ့ ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ပါတယ်၊ ရဲဘော်ရဲဘက်တွေအပေါ်မှာလည်း စာနာထောက်ထားတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်၊ နောက်ပိုင်းတော့ အခုလို လှူဒါန်းပွဲမျိုးကို သုံးလတစ်ကြိမ်သာမက တိုးချဲ့ပြီး လုပ်ဆောင်နိုင်ရေးလည်း ကြိုးပမ်းသွားမှာဖြစ်ပါတယ်"ဟု ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင် မုံရွာဦးအောင်ရှင်က ပြောသည်။

ဖောင်ဒေးရှင်းသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ ၎င်းတို့မိသားစုများနှင့် ဘဝတူစာနယ်ဇင်းသမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုအတွက် အမှတ် ၁၁၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်တွင် ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်း စေတနာဆေးကုခန်းကို ဖွင့်လှစ်ကာ အခမဲ့ ကုသမှုပေးလျက်ရှိသည်။ ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းသည် ယခုထက် ရန်ပုံငွေပိုမိုများပြားစွာ ရရှိနိုင်ရေးနှင့် ရေရှည်တည်တံ့နိုင်ရေးအတွက် မှတ်ပုံတင်ခြင်း၊ ဖွဲ့စည်းပုံရေးဆွဲနိုင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၂ ခုနှစ် ပထမအကြိမ်မှ စတင်ကာ တစ်နှစ် သုံးကြိမ် ပုံမှန်ပေးအပ်ခဲ့ရာ ယခု ၃၃ ကြိမ်မြောက် အပါအဝင်တွင် နိုင်ငံရေးအကျဉ်းသား ၁၆၅ ဦး၊ နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် ဘဝတူစာနယ်ဇင်းသမား ၆၇၁ ဦး စုစုပေါင်း ၈၃၇ ဦးတို့အတွက် ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၂၀၁၀ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်သည်။

ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းမှ ထောက်ပံ့ငွေလိုအပ်သူများ၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလုပ်အကိုင် အကူအညီလိုအပ်သူများ အနေဖြင့် ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်းရုံး အမှတ် ၁၂၂၊ သုံးလွှာ၊ လမ်း ၅၀ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၁-၇၀၃၂၂၀၊ ၀၉-၅၀၂၆၄၅၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မျိုးကျော်(ကနောင်သွေး)**

**ဓာတ်ပုံ-ချမ်းသာနိုင်**




## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ တောင်ကြီး၌ ကျင်းပ

**တောင်ကြီး ဇွန် ၁၂**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်ရေး တိုက်ဖျက်ရေးနေ့အကြို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တောင်ကြီးမြို့အမှတ် ၂၅ မူးယစ်တပ်ဖွဲ့စု၊ တပ်ဖွဲ့စုမှူး ရဲမှူးမြင့်ထူးက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ရှစ်တန်း၊ ကိုးတန်းကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ ဟောပြောပွဲကို တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**




နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်နှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**✻ ရှေ့ဖုံးမှ**

ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ရှေ့လာမည့် အနာဂတ်အလားအလာများကို သက်ဆိုင်ရာစာတမ်းရှင်များက ရှင်းလင်းတင်ပြပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် မည်သို့ပိုမိုတိုးတက်အောင် လုပ်ဆောင်သွားမည်ကို Round Table ဆွေးနွေးပွဲနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေး အဖြေရှာသွားမည်ဟု သိရှိရပါကြောင်း၊ ဆွေးနွေးရရှိချက်များအပေါ် အခြေခံပြီး ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအတွက် ကြေညာချက်ထုတ်ပြန်မည်ဟု သိရှိရပါကြောင်း။

**ဆွေးနွေးအဖြေရှာ**

ထို့ကြောင့် ယနေ့ရနိုင်သော အချိန်တိုလေးအတွင်းမှ မိမိတို့၏ အသိပညာ၊ အတတ်ပညာနှင့် အတွေ့အကြုံများကို အကောင်းဆုံးနှင့် ထိထိမိမိ ရှင်းရှင်းလင်းလင်း ပြောဆိုဆွေးနွေးကြပြီး ခရီးသွားလုပ်ငန်းကဏ္ဍကို မည်ကဲ့သို့ အကောင်းဆုံးဖြစ်အောင် ဖန်တီးကြမည်ဆိုသည့် အမြင်နှင့် ဆွေးနွေးအဖြေရှာသွားကြရန် တိုက်တွန်းပြောကြား




နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုစဉ်။ သတင်းစဉ်

လိုပါကြောင်း။

ခရီးသွားလုပ်ငန်းတစ်ခု စနစ်တကျဖွံ့ဖြိုးတိုးတက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် သက်ဆိုင်ရာခရီးစဉ်ဒေသအလိုက် Feasibility Study၊ Project Proposal၊ Brainstorming Workshop များကို ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ညှိနှိုင်းဆွေးနွေးပြီး ရေတိုရေရှည်စီမံချက်များကို ချမှတ်ကာ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

အာဆီယံဒေသ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်ပါက အာဆီယံဒေသကို နိုင်ငံတကာခရီးသွားဧည့်သည်ရောက်ရှိမှု ဦးရေသည် ၂၀၁၆ ခုနှစ်တွင် ၁၁၅ သန်းနှင့် ၂၀၁၇ ခုနှစ်တွင် ၁၂၅ သန်းရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၂၀၁၇ ခုနှစ်တွင် ၈ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ လာရောက်ကြသည့် ခရီးသွားဧည့်သည်များကိုကြည့်ပါက အာဆီယံဒေသအတွင်း အပြန်အလှန်လည်ပတ်သော ခရီးသွားဧည့်သည် (Intra ASEAN Travel)က ၄၂ ရာခိုင်နှုန်းအထိ ရှိနေပါကြောင်း၊ ထို့ကြောင့် အာဆီယံဒေသတွင်း နိုင်ငံများမှ ခရီးသွားဧည့်သည်များကို မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဆွဲဆောင်မှုများ ပိုမိုပြုလုပ်သင့်သည်ဟု ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံသို့ ခရီးသည်အများဆုံးလာရောက်သော နိုင်ငံများကိုကြည့်ပါက အရှေ့တိုင်းနိုင်ငံများ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဖြစ်ပြီး အနောက်နိုင်ငံများအနေဖြင့် အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီ အစရှိသည့်နိုင်ငံများဖြစ်သည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ယခုလိုခရီးသွားဧည့်သည်အများဆုံး လာရောက်ကြသည့် နိုင်ငံများအား အထူး Target ထားပြီး ဧည့်သည်ပိုမိုလာရောက်ရန် ယခုထက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

**အရေးကြီးသည့်အခန်းကဏ္ဍတစ်ခု**

ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာခရီးသွားပြပွဲများတွင် ပိုမိုဝင်ရောက်ပြသနိုင်ရေးသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ယင်းသို့ပါဝင်ပြသနိုင်ရန် လုံလောက်သော ရန်ပုံငွေများရရှိရေးသည် လိုအပ်ချက်တစ်ရပ် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေရ၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဘဏ္ဍာငွေခွဲဝေချထားမှုအပိုင်းတွင် လုံလောက်စွာခွဲဝေပေးရန် အခက်အခဲရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကပိုင်းကလည်း မိမိတို့ခရီးသွားလုပ်ငန်းတိုးတက်ရန် အချင်းချင်းပူးပေါင်းညှိနှိုင်း အဖြေရှာကြရန်ကိုလည်း တိုက်တွန်းလိုပါကြောင်း။

**ဗီဇာစနစ်များဖြေလျှော့**

ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားဧည့်သည်များ ဝင်ရောက်မှုလွယ်ကူစေရန် နည်းအမျိုးမျိုးဖြင့် ကြံဆဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ ရေဆိပ်နှင့် လေဆိပ်များ၊ နယ်စပ်ဝင်ထွက်ပေါက်ဂိတ်များ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်သကဲ့သို့ ဗီဇာစနစ်များ ပြင်ဆင်ခြင်း၊ ဗီဇာကြေးများ လျှော့ချခြင်းနှင့် ဗီဇာကင်းလွတ်ခွင့်ပေးခြင်း စသည့်ဆွဲဆောင်မှုများဖြင့် ခရီးသွားဧည့်သည် တိုးမြင့်လာအောင် ဆောင်ရွက်နေကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လတ်တလောတွင် ဥရောပနိုင်ငံသားများ ဝင်ရောက်မှုနည်းသော်လည်း အာဆီယံ+၃ နိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများမှ ဧည့်သည်ဝင်ရောက်မှု ပိုမိုတိုးတက်စေရန်အတွက် မျှော်မှန်းပြီး ၎င်းသုံးနိုင်ငံကို ဗီဇာစနစ်များ ဖြေလျှော့ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံကို ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်ရန်အတွက် နိုင်ငံအတွင်းလည်ပတ်ချင်စရာကောင်းသော ခရီးစဉ်ဒေသတစ်ခုဖြစ်သည်ကို ကမ္ဘာက ပိုမိုထဲထဲဝင်ဝင် သိရှိလာအောင် ဈေးကွက်မြှင့်တင်မှု အများအပြားပြုလုပ်ပြီး နိုင်ငံတကာကို ပိုမိုကြော်ငြာသွားရန် လိုအပ်ပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း မိမိတို့နိုင်ငံ၏ ဟိုတယ်အခန်းခများနှင့် သယ်ယူပို့ဆောင်ရေး ဈေးနှုန်းများသည် နိုင်ငံတကာဈေးနှုန်းများထက် မပိုစေဘဲ လိုက်လျောညီထွေဖြစ်ရမည်ဖြစ်ပြီး ဧည့်သည်များပေးရသော တန်ကြေးနှင့် မိမိဘက်က ပြန်ပေးသည့် ဝန်ဆောင်မှုများသည် အမှန်တကယ်ထိုက်တန်ရန် (Value for Money) အရေးကြီးပါကြောင်း။

ပုံမှန်ဧည့်သည်ရှိပြီး ခရီးစဉ်ဒေသများကိုလည်း အရည်အသွေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ခရီးစဉ်အသစ်များဖော်ထုတ်သည့်နေရာတွင် မိမိတို့၏ ယဉ်ကျေးမှုနှင့် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များအတွက် လည်ပတ်စရာများ၊ ဆွဲဆောင်မှုများနှင့် လေ့လာစရာအသစ်များ ပိုမိုများပြားလာသည်နှင့်အမျှ လည်ပတ်သောရက် ပိုကြာပြီး ငွေကြေးလည်း ပိုမိုသုံးစွဲလာကြမည် ဖြစ်ပါကြောင်း။

**နိုင်ငံ့ဂုဏ်သတင်းကိုလည်းမြှင့်တင်**

ခရီးသွားလုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး ကဏ္ဍပေါင်းစုံအပေါ်တွင် သက်ရောက်မှုများရှိသည့်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့သည် Public Private Partnership ပုံစံနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ပိုမိုလိုအပ်ပါကြောင်း၊ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ National Branding ကို Image ကောင်းကောင်းနှင့် ထိထိရောက်ရောက် ကြော်ငြာလုပ်ဆောင်သွားနိုင်ပါက နိုင်ငံတကာဧည့်သည်များ ပိုမို လာရောက်ကြမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်သတင်းကိုလည်း မြှင့်တင်ကြော်ငြာပြီး ဖြစ်ပါကြောင်း။

ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်မှုနှင့် ကမ္ဘာလှည့် ခရီးသည်များ၏ လုံခြုံရေးကိုလည်း သတိထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လုံခြုံရေးဘက်ကို ဦးစားပေးပါကလည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေနိုင်သကဲ့သို့ စီးပွားရေးကိုအလေးပေးလွန်းပါကလည်း မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ တိုးတက်လာအောင် စီစဉ်ကြံဆပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာဧည့်သည်များအပြင် ပြည်တွင်းခရီးသွားများ ပိုမိုစိတ်ချမ်းသာစွာ သွားလာနေထိုင်လည်ပတ်နိုင်ကြရန် မျှော်မှန်းပြီး၊ လက်တွေ့ကျပြီး စနစ်တကျဆောင်ရွက်နိုင်သော အစီအမံများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြပြီး လက်တွေ့ဆောင်ရွက်နိုင်မည့် အကြံကောင်းများကိုလည်း အကြံပြုပေးကြပါဟု ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မြန်မာနိုင်ငံခရီးသွားကွန်ဖရင့်- ၂၀၁၈ အထိမ်းအမှတ် လက်ဆောင်ကိုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ အတွင်း ခင်းကျင်းပြသထားသည့် ခရီးစဉ်ဒေသ မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတကာ ခရီးသွားပြပွဲများတွင် ပါဝင်ပြသခဲ့သည့် မှတ်တမ်းဓာတ်ပုံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကွန်ဖရင့် - ၂၀၁၈ ကိုဆွေးနွေးပွဲ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပကြသည်။

ပထမအကြိမ် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကွန်ဖရင့်ကို ခရီးသွားလုပ်ငန်းကို နိုင်ငံတော်၏ ဦးစားပေးစီးပွားရေးမူဝါဒတွင် ပါဝင်ရန်၊ ခရီးသွားလုပ်ငန်းကဏ္ဍ၏ အရေးပါမှုကို ပေါ်လွင်ရန်၊ မြန်မာနိုင်ငံ၏ပုံရိပ်ကို ပိုမိုမြှင့်တင်နိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရန်၊ နိုင်ငံတော်ရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုများ၊ သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ခရီးသွားလုပ်ငန်းမှ ရရှိလာမည့် အခွင့်အလမ်းများကို ပြည်သူများ မျှဝေခံစားနိုင်ကြရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသား သမီးများအား ဆုချီးမြှင့်ပွဲနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်ကြားဆဲ ဝန်ထမ်းသား သမီးများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဇနီး၊ တာဝန်ရှိသူများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ တာဝန်ရှိသူများက ဝန်ထမ်းသား သမီးများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ထူးချွန်ဆုများအား ပေးအပ်ချီးမြှင့်ခဲ့ပြီး **(ယာပုံ)** ခြောက်ဘာသာဂုဏ်ထူးရှင် မလဲ့ရတီလင်းက ကျေးဇူးတင်စကား ပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနမှ တက္ကသိုလ်တက်ရောက်လျက်ရှိသည့် ဝန်ထမ်းသား သမီး ၂၀၀၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း တက်ရောက်လျက်ရှိသည့် ဝန်ထမ်းသား သမီး ၁၃၃၃ ဦး၊ စုစုပေါင်း ၁၃၃၃ ဦးနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းသား သမီးများနှင့် ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ သင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သူ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀၁ ဦး၊ ဂုဏ်ထူးရရှိသူ စုစုပေါင်း ၁၄၆ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မှားယွင်းဖော်ပြခြင်းများအတွက် တောင်းပန်

**နေပြည်တော် ဇွန် ၁၂**

၁၇-၅-၂၀၁၈ ရက်နေ့ထုတ် Bullet News Journal အတွဲ(၂)၊ အမှတ်(၄၄)၊ စာမျက်နှာ ၁၅ ပါ **“၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲအကြိုဟောကိန်း ဘုလက်မှာတမ်း”** ဆောင်းပါးတွင် **၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲအတွက် ဘတ်ဂျက် လျာထားချက် ခွင့်ပြုငွေကျပ် သန်း ၁၆၀၀ တွင် ကျပ်သိန်းပေါင်း ၆၁၆၀ အပိုတင်ထားသလိုဖြစ်နေသည်**ဟု မှားယွင်းသုံးသပ်ခြင်း၊ **ရွေးကောက်ပွဲကော်မရှင်၌ NLD ပါတီဝင်တစ်ဦး လျာထားရာတွင် ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ အရည်အချင်းနှင့် မကိုက်ညီ၍ တပ်မတော်မှ ကန့်ကွက်ခဲ့သည်**ဟု လည်းကောင်း၊ **ကော်မရှင်သည် USDP ပါတီနှင့်တကွ နိုင်ငံရေးပါတီ ၁၃ ခုက လက်မှတ်ရေးထိုး ကန့်ကွက်လွှာ တင်သွင်းခဲ့သည်ကို ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုခုံရုံး ဖွဲ့စည်း၍ ကြားနာစစ်ဆေးဆုံးဖြတ်ခြင်း မပြုလုပ်ခဲ့**ဟု လည်းကောင်း မဟုတ်မမှန် မှားယွင်းဖော်ပြခဲ့သည့်အတွက် ၁၂-၆-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့က ဆောင်းပါးရှင် ဦးလုဆွေအား တွေ့ဆုံခဲ့ရာ ဆောင်းပါးရှင် ဦးလုဆွေက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဆောင်းပါးပါ မှားယွင်းဖော်ပြချက်များနှင့် ပတ်သက်၍ တောင်းပန်ခဲ့ပြီး ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) တွင် ထုတ်ဝေမည့် Bullet News Journal စာမျက်နှာ ၁၅ အပေါ်ပိုင်းတွင် တောင်းပန်စာထည့်သွင်းဖော်ပြပေးရန်နှင့် နောက်နောင်တွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပေါ် မဟုတ်မမှန် မှားယွင်းဖော်ပြရေးသားခြင်း ပြုလုပ်မည်မဟုတ်ကြောင်း ဝန်ခံကတိပြုခဲ့သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ကယားပြည်နယ်၌ ယမ်းနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိချက်အား ရှင်းလင်းသည့်အစည်းအဝေး ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**လွိုင်ကော် ဇွန် ၁၂**

ကယားပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍ ခိုင်မာအားကောင်းလာစေရန်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့က ဖော်ဆောင်လျက်ရှိရာ ဇွန် ၃ ရက်တွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုဦးဆောင်သည့် အဖွဲ့တို့က လွိုင်ကော်မြို့ စက်မှုဇုန်အတွင်းသို့ ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ပြီး မျက်မြင်တွေ့ရှိရသည့် ယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ သတ္တုသန့်စင်ရာတွင် အသုံးပြုသည်ဟုယူဆရသော သတ္တုသန့်စင်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနများမှ ကနဦးစစ်ဆေးတွေ့ရှိချက်များအား ဇွန် ၄ ရက်တွင် တင်ပြဆောင်ရွက်စေပြီး ဆက်စပ်စစ်ဆေးရရှိမှုများနှင့်ပတ်သက်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်သွားကြရန်နှင့် ဆောင်ရွက်ပြီးစီးမှုအပေါ် ပြန်လည်တင်ပြရန် မှာကြားသည်။

ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စက်မှုဇုန်အတွင်း ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့မှုအပေါ် စိစစ်တွေ့ရှိချက်များနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများ တင်ပြရှင်းလင်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၁ ရက် ညနေ ၃ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပူးပေါင်း စစ်ဆေးရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(ယာပုံ)**

**မူဆယ်မှ လွိုင်ကော်သို့**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကယားပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းကြည်က ဖမ်းဆီးရမိသည့် ယမ်းနှင့်ဆက်စပ်ပစ္စည်းများသည် မူဆယ်-လားရှိုး-မန္တလေးလမ်းကြောင်းမှ လွိုင်ကော်သို့ သယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဂိုဒေါင်အားငှားရမ်းဆောင်ရွက်ပေးထားသည့် မအားတုံ (ခ) ဒေါ်မြမြစိမ်းက အဆိုပါယမ်းနှင့် ဆက်စပ်ပစ္စည်းများအား Online မှ ဂိုဒေါင်အရောက်ဝန်ဆောင်မှုဖြင့် မှာယူခဲ့ခြင်းဖြစ်ပြီး ယမ်းနှင့်ဆက်စပ်ပစ္စည်းမှာ တန်ဖိုး ယွမ် ၁၀၀၀၀ ဖြစ်ပြီး ဂိုဒေါင်အရောက်ဝန်ဆောင်ခမှာ ယွမ် ၂၀၀၀၀ ဖြစ်ကြောင်း၊ မြန်မာငွေခန့်မှန်း ကျပ်သိန်း ၆၀ ခန့်ဖြစ်ကြောင်း၊ ဓာတုပစ္စည်းများနှင့်ပတ်သက်ပြီး အကောက်ခွန်က လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြပြီး ဥပဒေအကြံပြုချက်ရယူ၍ အကြံပြုချက်အတိုင်း တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

ထိုသို့ တင်ပြဆောင်ရွက်မှုနှင့်ပတ်သက်ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေက ယမ်းအား ခွင့်ပြုချက်မရှိဘဲ သယ်ဆောင်ခြင်းနှင့် ထားသိုသင့်သည့်နေရာတွင် မထားသိုသည့်အတွက် အထားခံသည့်သူမှာလည်း တာဝန်ရှိမည်ဖြစ်ကြောင်းနှင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် တင်ပြဆွေးနွေးသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍ ခိုင်မာအားကောင်းလာစေရန်အတွက် မိမိကိုယ်တိုင်ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မီဒီယာများသို့ ဇွန် ၁၁ ရက်တွင် တွေ့ရှိချက်များအား ချပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြီးဖြစ်သဖြင့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဆောင်ရွက်သူ၊ ခွင့်ပြုသူ၊ ဆက်နွှယ်ပတ်သက်သူများအား အမည်နှင့်တကွ ချပြဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

**ကျောက်မိုင်းလုပ်ငန်းအတွက်**

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူးက မအားတုံ၏ မိတ်ဆွေ တရုတ်နိုင်ငံသား Mr. Shu Jihai အား ပြည်နယ်အတွင်းနေထိုင်နိုင်ရေး ငွေနှင်းတောင်ကုမ္ပဏီအနေဖြင့် Business Visa ဖြင့် ဝင်ရောက်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း၊ ငွေနှင်းတောင်ကုမ္ပဏီနှင့် သဘောတူညီချက်အရ Mr. Shu Jihai အား နေထိုင်နိုင်ရန်နှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်ထားရန် သိုလှောင်ရုံနှင့် စကားပြန် ငှားရမ်းပေးခဲ့ကြောင်း၊ ယမ်းနှင့်ဆက်စပ်ပစ္စည်းများအား တရုတ်နိုင်ငံသားများနှင့် လုပ်ငန်းစပ်တူလုပ်ကိုင်ရန်အတွက် ကျောက်မိုင်းခွဲခြင်းလုပ်ငန်းတွင် လိုအပ်သော ယမ်းနှင့် ဒီတိုနေတာများကို Wechat မှတစ်ဆင့် တရုတ်နိုင်ငံရှိ ယမ်းရောင်းဝယ်ရေးအကောင့်များ ရှာဖွေခဲ့ရာ ( Account မမှတ်မိ) နှင့် ဆက်သွယ်မှုရရှိခဲ့ပြီး လိုအပ်သောယမ်းနှင့် ဒီတိုနေတာများအား တရုတ်နိုင်ငံ ရွှေလီမြို့ရှိ သူငယ်ချင်းဖြစ်သူ မအားရှန်ထံ ဖုန်းဖြင့်ဆက်သွယ်ပြီး ဝယ်ယူမည့်ကုမ္ပဏီထံ မအားရှန်က Online ဖြင့် ငွေပေးချေခဲ့ပြီး ၂၀-၃-၂၀၁၈ ရက်နေ့တွင် ဖုန်းဖြင့်ဆက်သွယ်ခဲ့ရာ အင်းလေးကန်သို့ ရောက်ရှိနေသဖြင့် ယာဉ်မောင်းအား သားဖြစ်သူနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်ပေးခဲ့ကြောင်း၊ သိုလှောင်ရုံသော့ကိုင်သူ တရုတ်လူမျိုး Mr. Liu Qing ထံ ဖုန်းဖြင့် ဆက်သွယ်၍ ယခုရောက်လာမည့် ပစ္စည်းများအား သိုလှောင်ရုံအတွင်း သိမ်းဆည်းထားရန် ခွင့်တောင်းခဲ့ကြောင်း၊ သားဖြစ်သူနှင့် ဂိုဒေါင်စောင့်အား တရုတ်နိုင်ငံသားက ငှက်ပျောသီးဝယ်ခိုင်းသဖြင့် ပါလာသည့် ကုန်ပစ္စည်းများအား မသိကြောင်း၊ အကြမ်းဖက်လုပ်ငန်းများတွင် သုံးစွဲရန် ရည်ရွယ်ချက်မရှိကြောင်း၊ ဂိုဒေါင်ငှားရမ်းသုံးစွဲမှုနှင့်ပတ်သက်ပြီး စာချုပ်စာတမ်းတွင် တရားမဝင်ပစ္စည်းများ ထားရှိမှုနှင့် ပတ်သက်ပြီး ငှားရမ်းသူတာဝန်ဖြစ်သည်ဟု ဖော်ပြထားကြောင်း တင်ပြခဲ့သည်။



**တရားဝင်စာချုပ် ဟုတ် မဟုတ်**

တင်ပြချက်များနှင့်ပတ်သက်ပြီး ပြည်နယ်ဥပဒေချုပ်က စာချုပ်သည် တရားဝင်စာချုပ် ဟုတ် မဟုတ် အမျိုးအစားကြည့်ရန်လိုအပ်ကြောင်း၊ စာချုပ်အမျိုးအစား သက်ဆိုင်ရာဌာနတွင်သာ မှတ်ပုံတင်ထားမှသာ တရားဝင်ဖြစ်ပြီး နှစ်ဦးသဘောတူဖြစ်ပါကလည်း ဥပဒေအရ ချင့်ချိန်ဆောင်ရွက်နိုင်ရန်အတွက် တရားရုံးတင်ပြခွင့်ပြုထားပါကြောင်း၊ စစ်ဆေးရန်ကျန်ရှိသည့် ပစ္စည်း ၁၂ မျိုးသည် ကန့်သတ်ပစ္စည်း ၆၀၄ မျိုးတွင် ပါဝင်ခြင်း ရှိ၊ မရှိ စိစစ်ရန်လိုအပ်ကြောင်း စသည်ဖြင့် တင်ပြဆွေးနွေးခဲ့သည်။

တင်ပြဆွေးနွေးချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ကာလ တစ်ပတ်အတွင်း ကွင်းဆက်တရားခံများ ဖော်ထုတ်နိုင်မှု အားနည်းကြောင်း၊ စိစစ်တွေ့ရှိရမှုအပေါ် အားရကျေနပ်မှု မရှိကြောင်း၊ ဆက်လက်ကြိုးပမ်းဖော်ဆောင်ပေးသွားရန်နှင့် ဒုတိယပတ်တွင် ဆက်လက်တင်ပြရမည့် တင်ပြချက်များအပေါ် မိမိအနေဖြင့် အားရကျေနပ်မှုမရှိပါက ပြည်ထောင်စုမှ လာရောက်စိစစ်ပေးရန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေအရ မည်သူ့ကိုမှ ဘက်လိုက်ခြင်း၊ အကာအကွယ်ပေးခြင်းမရှိဘဲ ထိထိရောက်ရောက် မှန်မှန်ကန်ကန် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ ဌာနများကလည်း လိုအပ်သော ဥပဒေအကြံပြုချက်များကို ပြည်နယ်ဥပဒေချုပ်ထံ တင်ပြတောင်းခံသွားရန်နှင့် ပြည်နယ်ဥပဒေချုပ်အနေဖြင့် ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးမှု အားကောင်းလာစေရေး လိုအပ်သော ဥပဒေအကြံပြုချက်များ ပေးသွားရန် မှာကြားခဲ့သည်။

စိစစ်ချက်များအရ ဆက်သွယ်လာသည့် ဖုန်းအမှတ် ကွင်းဆက်တရားခံအား စစ်ဆေးပြီး သယ်ဆောင်သူအမည်ကို ဆက်လက်စစ်ဆေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ငှားရမ်းသည့် ဂိုဒေါင်ပိုင်ရှင်၊ ငှားရမ်းသူ မအားတုံနှင့် ယာဉ်ကြီးအသင်းအတွင်း ထားရှိမှုနှင့်ပတ်သက်ပြီး သက်ဆိုင်သူများအား ဆက်လက်စစ်ဆေးသွားရန်နှင့် လက်ရှိအချိန်တွင် ပထမအဆင့်အနေဖြင့် မအားတုံအား လက်နက်ဥပဒေ ပုဒ်မ-၁၉ (စ) အရ အမှုဖွင့်ထိန်းသိမ်းဆောင်ရွက်ထားပြီး ဒုတိယအဆင့်အနေဖြင့် ကွင်းဆက်တရားခံများ ဆက်လက်ဖမ်းဆီး အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေ

**နေပြည်တော် ဇွန် ၁၂**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၅ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးပြတ်တောင်းရွာပြီး၊ တစ်ခါတစ်ရံ သည်းထန်နိုင်သည်။

**မိုး/ဇလ**

❐ *ကျောဖုံးမှ*

အိန္ဒိယ၊ ထိုင်း၊ လာအိုနှင့် ဘင်္ဂလားဒေ့ရှ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် ပြည်တွင်းရှိအသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ရေရှည်တည်တံ့စေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စသည်တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ၎င်း၏ အမြင်ကို ဆွေးနွေးပြောကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးအား Nikkei သတင်းဌာနမှ တာဝန်ရှိသူများက တွေ့ဆုံမေးမြန်းသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဂျပန်-မြန်မာပါလီမန်များ ချစ်ကြည်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Ichiro Aisawa ဦးဆောင်သည့် လွှတ်တော်မှ တာဝန်ရှိပုဂ္ဂိုလ်များဖြင့် အလုပ်သဘောနေ့လယ်စာစားပွဲသို့ လည်းကောင်း၊ ဂျပန်-မြန်မာအဖွဲ့အစည်းဥက္ကဋ္ဌ Mr. Hideo Watanabe ပါဝင်သည့် ဂျပန်အစိုးရမှ အဆင့်မြင့်ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများနှင့် အခြားသောနယ်ပယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များဖြင့် အလုပ်သဘောညစာစားပွဲသို့ လည်းကောင်း တက်ရောက်ခဲ့သည်။

တွေ့ဆုံပွဲများတွင် ဂျပန်-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအခွန့်ရှည်စေရေး၊ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်ကိစ္စ အလေးထားဖြေရှင်းနေမှု၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံလွှတ်တော်များအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ အားကစား၊ ချေးငွေလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ပိုမိုအားကောင်းစေရေး စသည်တို့အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှု အကျိုးဆက်စပ်သူများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှု (Myanmar Country Environmental Analysis) အကျိုးဆက်စပ်သူများ ညှိနှိုင်းအလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံတွင် သဘာဝသယံဇာတများမှ တိုင်းပြည်ဘဏ္ဍာငွေရရှိခြင်း၊ စီးပွားရေးလုပ်ငန်းများ လည်ပတ်စေခြင်းတို့အပြင် ရေအရင်းအမြစ်နှင့် မြေဆီလွှာထိန်းသိမ်းခြင်း၊ ပြည်သူများ၏ အသက်အိုးအိမ်များကို သဘာဝအန္တရာယ်များဘေးမှ ကာကွယ်ပေးနိုင်ခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ်ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးသည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြုသဘောဆောင်သည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရေးတို့အတွက် ပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲရန် လွန်စွာအရေးပါပါကြောင်း။

သယံဇာတအရင်းအမြစ်များ ပျက်စီးပြုန်းတီးလျှင် တိုင်းပြည်၏ ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုမှ လွတ်မြောက်ရေးလမ်းကြောင်းများကို အတားအဆီးဖြစ်စေနိုင်ပြီး သယံဇာတနှင့်ဆက်နွှယ်သည့် အငြင်းပွားမှုများကို ဖြစ်စေနိုင်ကြောင်း၊ မြန်မာနိုင်ငံတော်အစိုးရတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်ကို ဦးတည်လျှောက်လှမ်းနေသည့်အတွက် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဟန်ချက်ညီညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံများဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Ellen Goldstein က အမှာစကားပြောကြားသည်။

ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပတ်ဝန်းကျင်နှင့် သယံဇာတကဏ္ဍအတွက် နိုင်ငံ၏ ဦးစားပေးလုပ်ငန်းများကို လေ့လာ၍ ၂၀၁၉ နှစ်လယ်တွင် စတင်မည့် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Framework တွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့် (သတင်းစဉ်)**

# ကယားပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက်ဒုတိယ (၁) နှစ်တာ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်း

**လွိုင်ကော် ဇွန် ၁၂**

ကယားပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေက မြန်မာတိုင်းရင်းသား ပြည်သူများအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်မီးအခန်းကဏ္ဍ၊ ရေရရှိရေးအခန်းကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကဏ္ဍ၊ အားကစား၊ ပညာရေး၊ လူငယ်များ စာပေဖတ်ရှုရေး၊ ကျန်းမာရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။



ဆက်လက်ပြီး သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းထောက်များ၏ မေးမြန်းချက်ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြည်နယ်အတွင်း ပူးပေါင်းစစ်ဆေးရေးဂိတ် ၁၃ ခု ထားရှိဆောင်ရွက်နေမှုများ၊ ငြိမ်းချမ်းရေးကို ပြည်နယ်အစိုးရ၏ ပထမဦးစားပေးအဆင့် (၁) အဖြစ် ထားရှိ၍ KNPP နှင့် လစဉ်ထိတွေ့ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးကော်မရှင်နှင့် KNPP တို့ လွိုင်ကော်မြို့တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲဆောင်ရွက်ခဲ့ပြီး တိုးတက်မှုများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ရာ လွိုင်ကော်မြို့ အကျဉ်းထောင်တွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော အကျဉ်းကျ အမျိုးသား ၃၈၅ ဦး၊ အမျိုးသမီး ၅၆ ဦးရှိပြီး မူးယစ်ဆေးဝါးသုံးစွဲသူ ပပျောက်ရေးအတွက် ဆေးဖြတ်စခန်းဆောက်လုပ်ရန် ပြည်နယ်အစိုးရမှ မြေဧက ၉ ဒသမ ၃၉ ဧကပေးထားပြီး စီမံကိန်းရေးဆွဲဆောင်ရွက်ထားမှုကို လည်းကောင်း၊ ပြည်ထဲရေးတွင် အမည်မပေါက်သေးသည့် ကျေးရွာ ၁၉ ရွာကျန်ရှိပြီး အမည်ပေါက်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များ ကယားပြည်နယ်အတွင်းသို့ နယ်စပ်နှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများအား လိုင်စင်မဲ့မော်တော်ယာဉ်နှင့် ပတ်သက်၍ မည်သည့်အခွင့်အရေးမျှ ပေးမထားကြောင်း၊ ပြည်သူများနှင့်အတူ ဖြစ်၍ လိုင်စင်ရှိမှသာ တရားဝင်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်နှင့် သတ္တုတွင်းဦးစီးဌာနက မော်ချီးဒေသ သတ္တုထုတ်လုပ်ရေးကုမ္ပဏီ ၁၅ ခုရှိပြီး လုပ်ကွက် ၂၁ ခုတွင် ဆောင်ရွက်နေမှုများ၊ အခွန်နှင့် မြေငှားရမ်းခကောက်ခံရရှိမှုများ၊ ကုမ္ပဏီများမှ ဒေသတွင်း သတ္တုထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအတွက်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် CSR (ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ) ထည့်ဝင်ဆောင်ရွက်မှုများ၊ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်ထုတ်လုပ်ရေးဌာနမှ ပြည်သူများအတွက် သစ်ရောင်းချမှုများ၊ တရားမဝင်သစ် ဖမ်းဆီးရရှိမှုများနှင့် တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက ကယားပြည်နယ်အတွင်း ရေလှောင်တမံ ငါးခု၊ ရေလွှဲဆည် ကိုးခုနှင့် ကန် ၁၇ ကန် တည်ရှိပြီး တစ်နှစ်ပတ်လုံးသုံးစွဲနိုင်သည့် ရေလှောင်တမံ လေးခု၊ ရေလွှဲဆည် ကိုးခုနှင့် ကန် ၁၄ ကန်သုံးစွဲနိုင်မှုအခြေအနေများကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာနမှ ဘောလခဲမြို့ ဒေါတချရေလှောင်တမံ တည်ဆောက်ခဲ့မှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ရေဝင်ရောက်မှု၊ ထိန်းသိမ်းမှုအခြေအနေများကို လည်းကောင်း၊ တိုင်ကြားထားသော မြေယာမြေအမှုများအနက် ဗဟိုအဆင့်သို့ တိုင်ကြားသည့် အမှုတွဲ ၁၁ တွဲရှိပြီး ရှစ်တွဲ ဖြေရှင်းခဲ့မှု၊ ပြည်နယ်အဆင့် တိုင်ကြားခဲ့သည့် အမှုတွဲ ၁၉ တွဲအနက် ၁၂ တွဲ ဖြေရှင်းခဲ့၍ စုစုပေါင်း မြေယာအမှုတွဲ ၃၀ တွဲအနက် ၂၀ တွဲ ဖြေရှင်းဆောင်ရွက်ခဲ့ပြီး ၁၀ တွဲကျန်ရှိ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကယားပြည်နယ်အတွင်း တပ်မြေရိယာ ၁၄၇၇၆ ဒသမ ၀၁ ဧကအနက် ၂၀၉ ဧကကို တောင်သူ ၅၄ ဦးထံသို့ ၉၆ ဒသမ ၉၁ ဧကအား လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ၁၁၂ ဒသမ ၀၉ ဧကကို သက်ဆိုင်ရာတောင်သူများထံ ပြန်လည်လွှဲပြောင်းပေးရန် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်၍ အခြားဌာနများနှင့် ပူးပေါင်းပြီး ဝန်ထမ်း ၂၂ ဦးဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန် သန်း ၀ ဒသမ ၄၃၀၊ သွင်းကုန် ၀ ဒသမ ၅၂၇ သန်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ မေလအထိ ပို့ကုန် ၀ ဒသမ ၀၂၂ သန်းနှင့် သွင်းကုန် ၀ ဒသမ ၁၄၆ သန်း ရရှိမှုအခြေအနေများကိုလည်းကောင်း၊ ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလာရေး မြှင့်တင်ဆောင်ရွက်နေမှု၊ ခရီးစဉ်အသစ်များ တိုးချဲ့ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးက ပြည်နယ်အတွင်း ဝန်ကြီးဌာန ငါးခုမှ အဆောက်အအုံနှင့် မြေငှားရမ်းထားရှိမှုနှင့် ငှားရမ်းခရရှိငွေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆ ခုနှစ်က ဘောလခဲမြို့ရေနီပေါက်ကျေးရွာအနီး JKT တံတားအား အလှူရှင်မှ လှူဒါန်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောက်လုပ်ပေးခဲ့မှု၊ ပြည်နယ်အစိုးရအဖွဲ့ပိုင်ယန္တရား ၁၀ စီးအား ပြည်နယ်စာရင်းစစ်ချုပ်၏ အကြံပြုချက်ကို လိုက်နာ၍ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်နေမှုအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မီဒီယာများမှာ စတုတ္ထမဏ္ဍိုင်ဖြစ်၍ အားကိုးပါကြောင်း၊ သိရှိလိုသည်များကို လာရောက်မေးမြန်းနိုင်ပါကြောင်း၊ ကိစ္စတစ်ခုအား ကြားသိရုံနှင့် မပြည့်စုံ၍ သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်စုံစမ်း၍ ပြည်သူများအား တိကျမှန်ကန်သော သတင်းအချက်အလက်များကို ရေးသားဖြန့်ဝေပေးကြပါရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**ပြည်နယ် (ပြန်/ဆက်)**

## လိုင်စင်မဲ့ယာဉ်များ တည်ဆဲဥပဒေနှင့်အညီ အရေးယူရန် သီပေါ၌ နှိုးဆော်သတိပေး

**သီပေါ ဇွန် ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဇွန် ၁၂ ရက် ညနေခင်းတွင် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ မော်တော်ယာဉ် အသံချဲ့စက်ဖြင့် လှည့်လည်သတိပေးနှိုးဆော်လျက်ရှိသည်။

“အခုကတော့ ဖမ်းဆီးသိမ်းဆည်းမှုတွေ မပြုလုပ်ခင် ကြိုတင်ပြီး အသိပေးနှိုးဆော်နေတာပါ၊ ပြီးသွားရင်တော့ လိုင်စင်မဲ့ယာဉ်တွေကို စစ်ဆေးအရေးယူသွားမှာပါ၊ လိုင်စင်မဲ့ယာဉ်လက်ဝယ်တွေ့ရှိခဲ့ပါက တည်ဆဲမော်တော်ယာဉ်ဥပဒေအရ ဖမ်းဆီးအရေးယူသွားမှာပါ” ဟု မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။**စိုင်း (သီပေါ)**

## သံတွဲမြို့နယ်၌ မူခင်းအသိပညာပေး ဟောပြော

**သံတွဲ ဇွန် ၁၂**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် သံတွဲမြို့မရဲစခန်းမှူး ဒုရဲမှူး သက်စိုးနှင့် တပ်ဖွဲ့ဝင်များသည် သံတွဲမြို့နယ် သာယာကွင်းကျေးရွာအုပ်စု ကျားကိုက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဇွန်လပထမပတ်က သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဆောင်ရွက်ခဲ့ရာ ကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှန်ဂရီလာသို့ တစ်ခေါက်

မျိုး (IR)

ရှန်ဂရီလာဒိုင်ယာလော့ခ် (Shangri-La Dialogue) ဟု လူသိများသည့် အာရှလုံခြုံရေးဆိုင်ရာ အကြီးအကဲများ ဆွေးနွေးပွဲ (Asia Security Summit) ကို စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ်တွင် ၂၀၁၈ ခုနှစ် ဇွန်လ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ပါသည်။ ယခုနှစ်ကျင်းပသည့် ရှန်ဂရီလာဒိုင်ယာလော့ခ်ဆွေးနွေးပွဲသည် မြန်မာနိုင်ငံအတွက် ပိုမိုထူးခြားစွာ အရေးပါသည့် ဆွေးနွေးပွဲတစ်ရပ် ဖြစ်ခဲ့သဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

**ရှန်ဂရီလာဒိုင်ယာလော့ခ်အကြောင်း တစေ့တစောင်း**

ရှန်ဂရီလာဒိုင်ယာလော့ခ် ဆွေးနွေးပွဲကို စင်ကာပူနိုင်ငံအစိုးရနှင့် လန်ဒန်မြို့အခြေစိုက်၊ နိုင်ငံတကာမဟာဗျူဟာလေ့လာရေးအဖွဲ့ (International Institute for Strategic Studies - IISS) တို့ ပူးပေါင်း၍ ၂၀၀၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပါသည်။

ဒေသတွင်းနိုင်ငံများရှိ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာဝန်ကြီးများ၊ အရပ်ဘက်နှင့် စစ်ဘက်အဖွဲ့အစည်းများမှ အကြီးအကဲများ တွေ့ဆုံ၍ ရင်းနှီးခင်မင်မှု၊ ယုံကြည်မှု တည်ဆောက်ခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအပေါ် ဆွေးနွေးအမြင်ချင်း ဖလှယ်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် နှစ်စဉ်ကျင်းပခြင်းဖြစ်ပါသည်။ ယခုနှစ် ဆွေးနွေးပွဲမှာ (၁၇)ကြိမ်မြောက် ကျင်းပခြင်း ဖြစ်ပါသည်။

နှစ်စဉ် ရှန်ဂရီလာဟိုတယ်တွင် ကျင်းပခြင်းကို အစွဲပြု၍ ရှန်ဂရီလာဒိုင်ယာလော့ခ်ဟု အမည်တွင်ခဲ့ခြင်းဖြစ်ပါသည်။

**ရှန်ဂရီလာဒိုင်ယာလော့ခ်တွင် ဆွေးနွေးသည့်ပုံစံများ**

ရှန်ဂရီလာဒိုင်ယာလော့ခ်ဆွေးနွေးပွဲ ဖွင့်ပွဲကို ညစာစားပွဲဖြင့် ကျင်းပဖွင့်လှစ်လေ့ရှိပြီး ယင်းအခမ်းအနားတွင် မဟာဗျူဟာလေ့လာရေးအဖွဲ့ အကြီးအကဲဖြစ်သူ ဒေါက်တာဂျွန်ချစ်ပ်မန်းက အဖွင့်အမှာစကား (Opening Remarks) ပြောကြား၍ အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦးက အဖွင့်မိန့်ခွန်း (Keynote Address) ပြောကြားလေ့ရှိပါသည်။ အဖွင့်မိန့်ခွန်းတွင် ယင်းနိုင်ငံ၏ လုံခြုံရေးဆိုင်ရာ မူဝါဒကို အကျယ်တဝင့် ထည့်သွင်းပြောကြားလေ့ရှိသည်မှာလည်း ရှန်ဂရီလာ ဒိုင်ယာလော့ခ်၏ လက္ခဏာ တစ်ရပ်အဖြစ် တွေ့မြင်နိုင်ပါသည်။

လတ်တလောနှစ်များက ကျင်းပခဲ့သည့် ရှန်ဂရီလာဒိုင်ယာလော့ခ် ဆွေးနွေးပွဲများကို လေ့လာကြည့်ရာ ၂၀၁၃ ခုနှစ်တွင် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်း၊ ၂၀၁၄ ခုနှစ်တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ ၂၀၁၅ ခုနှစ်တွင် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း၊ ၂၀၁၆ ခုနှစ်တွင် ထိုင်းဝန်ကြီးချုပ် အငြိမ်းစားဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ၊ ၂၀၁၇ ခုနှစ်တွင် ဩစတြေးလျဝန်ကြီးချုပ် မယ်လ်ကွန် တန်ဘဲလ်တို့က အဖွင့်မိန့်ခွန်းများ အသီးသီးပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။

ဆွေးနွေးပွဲ နောက်တစ်နေ့ နံနက်ပိုင်းတွင် မဟာဗျူဟာလေ့လာရေးအဖွဲ့ အကြီးအကဲက အမှာစကား ပြောကြားပြီးနောက် ဆွေးနွေးမှုများကို စတင်လေ့ရှိပါသည်။

ရှန်ဂရီလာဒိုင်ယာလော့ခ် ဆွေးနွေးပွဲများတွင် အရေးကြီးကျယ်ပြန့်သည့် ဒေသတွင်း လုံခြုံရေးဆိုင်ရာ ဖြစ်စဉ်များကို ခေါင်းစဉ်ငါးခုဖြင့် ခွဲ၍ စုံညီဆွေးနွေးပွဲကဏ္ဍ (Plenary Session) ပုံစံဖြင့် ကျင်းပပြုလုပ်ပြီး ကိုယ်စားလှယ်များအားလုံးတက်ရောက်ဆွေးနွေးလေ့ရှိပါသည်။ အဆိုပါ စုံညီဆွေးနွေးပွဲများတွင် နိုင်ငံအချို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်ကိုယ်စားလှယ်အချို့က သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် အဖွင့်မိန့်ခွန်းပြောကြားကြပြီး ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းတို့ ပြုလုပ်ကြပါသည်။ နှစ်စဉ် ပထမ Plenary Session တိုင်းတွင် အမေရိကန်နိုင်ငံမှ ကာကွယ်ရေးဝန်ကြီးက မိန့်ခွန်းပြောကြားလေ့ရှိသည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။

ဒေသတွင်း လတ်တလော ဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာ အရေးကြီးကိစ္စရပ်အချို့ကိုမူ အထူး ဆွေးနွေးပွဲကဏ္ဍ (Special Session) ပုံစံဖြင့် ကျင်းပဆွေးနွေးကြပါသည်။ ယင်းအထူးဆွေးနွေးပွဲများတွင် ဝန်ကြီးအဆင့် သို့မဟုတ် အဆင့်မြင့် ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ အဆင့်မြင့်ပုဂ္ဂိုလ်များ၊ သုတေသီများ စုစုပေါင်း ၄-၅ ဦးခန့်က ဦးဆောင်ဆွေးနွေး၍ တက်ရောက်လာသည့် စိတ်ဝင်စားသူ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ၎င်းတို့၏ အမြင်များကို ရှုထောင့် အသီးသီးမှ အသေးစိတ် အမြင်ချင်းဖလှယ် ဆွေးနွေးခြင်းတို့ကို ပြုလုပ်ကြပါသည်။

ဆွေးနွေးပွဲကာလအတွင်း တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ဆွေးနွေးပွဲပြင်ပတွင် နှစ်နိုင်ငံချင်း သီးခြားတွေ့ဆုံဆွေးနွေးမှုများ၊ နိုင်ငံစုံအဆင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်လေ့ရှိပါသည်။

**၂၀၁၈ ရှန်ဂရီလာဒိုင်ယာလော့ခ်**

ယခုနှစ် ရှန်ဂရီလာ ဒိုင်ယာလော့ခ်ဖွင့်ပွဲ ညစာစားပွဲကို ၁-၆-၂၀၁၈ ရက် ညနေပိုင်းတွင် ကျင်းပခဲ့ရာ ယခင်နှစ်များနည်းတူ မဟာဗျူဟာလေ့လာရေးအဖွဲ့ အကြီးအကဲက အဖွင့်အမှာစကား ပြောကြားပြီးနောက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီက အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပါသည်။

ယခုနှစ် ဆွေးနွေးပွဲတွင် အင်ဒို-ပစိဖိတ်ဒေသလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် အမေရိကန်၏ ဦးဆောင်မှုအခန်းကဏ္ဍ၊ မြောက်ကိုရီးယားအရေးကိစ္စ၊ အာရှဒေသလုံခြုံရေးဆိုင်ရာ ဖြစ်စဉ်၊ အကြမ်းဖက်မှု ပြဿနာနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု စသည့် ခေါင်းစဉ်ငါးခုကို စုံညီဆွေးနွေးပွဲကဏ္ဍတွင် ဆွေးနွေးခဲ့ပါသည်။

ထို့အပြင် ခေတ်သစ်နည်းပညာမဟာဗျူဟာနှင့် အနာဂတ်ပဋိပက္ခ၊ ပင်လယ်ရေကြောင်းလုံခြုံရေး၊ မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာ၊ အိန္ဒိယသမုဒ္ဒရာဒေသတွင်း ပြိုင်ဆိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အာရှ-ပစိဖိတ်ဒေသ စစ်ရေးအင်အားနှင့် အကျိုးသက်ရောက်မှုများ၊ ဒေသတွင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအင်အားပြိုင်ဆိုင်မှု စသည့် ခေါင်းစဉ်ခြောက်ခုတို့ကို အထူးဆွေးနွေးပွဲကဏ္ဍတွင် တစ်ပြိုင်နက် ဆွေးနွေးခဲ့ပါသည်။

ယခုနှစ်ဆွေးနွေးခဲ့သည့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် အင်ဒို-ပစိဖိတ်ဒေသ မဟာဗျူဟာနှင့် အာဆီယံဒေသတွင်း အကြမ်းဖက်မှုအန္တရာယ် မြင့်မားလာခြင်းတို့က အဓိက နေရာယူခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ် ဇွန်လ ၁ ရက် ညနေပိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည့် ဖွင့်ပွဲညစာစားပွဲ၌ ပြောကြားခဲ့သော အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၏ အဖွင့်မိန့်ခွန်းတွင်လည်းကောင်း၊ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်၏ ဆွေးနွေးပွဲ ပထမ Plenary Session တွင် ပြောကြားသည့် မိန့်ခွန်းတွင်လည်းကောင်း အင်ဒို-ပစိဖိတ်မဟာဗျူဟာနှင့် ပတ်သက်၍ အကျယ်တဝင့် ပြောကြားခဲ့ကြသည်ကို တွေ့ရှိနိုင်ပါသည်။

ယခုနှစ် ဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ကြီးအဆင့်ကိုယ်စားလှယ်များနှင့် အကြီးအကဲများ၊ အရပ်ဘက်နှင့် စစ်ဘက် အဖွဲ့အစည်းများမှ အဆင့်မြင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အဆင့်မြင့်ပုဂ္ဂိုလ်များ၊ လုံခြုံရေးနှင့် မဟာဗျူဟာလေ့လာရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းများမှ သုတေသီများ၊ သတင်းမီဒီယာများမှ ပုဂ္ဂိုလ်များ စုစုပေါင်း ၅၆၀ ခန့် တက်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အနေဖြင့် တက်ရောက်ခဲ့ပြီး ယင်းကိုယ်စားလှယ်အဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်စိုးနိုင်ဦးလည်း ပါဝင်ခဲ့ပါသည်။

**ယခုနှစ် ရှန်ဂရီလာ၏ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ထူးခြားချက်**

ယခုနှစ် ကျင်းပသည့် ရှန်ဂရီလာဒိုင်ယာလော့ခ်တွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ တက်ရောက်လာသည့် ကိုယ်စားလှယ်များက အထူးစိတ်ဝင်စားလျက်ရှိပြီး ဆွေးနွေးပွဲတွင်လည်း အထူးအလေးထား ဆွေးနွေးခဲ့သည်ကို တွေ့ရှိရပါသည်။ ၂-၆-၂၀၁၈ ရက်နေ့ နေ့လယ်ပိုင်းတွင် "မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာ" (The security and humanitarian crisis in Myanmar's Rakhine State) ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သော အထူးဆွေးနွေးပွဲ၌ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ဦးဆောင် ဆွေးနွေးသူများအဖြစ် ပါဝင်ရန် ဖိတ်ကြားခဲ့ပါသည်။

> **"ခရီးစဉ်အတွင်း အိမ်ရှင်နိုင်ငံမှ ခေါင်းဆောင်ပိုင်းများ၊ ဆွေးနွေးပွဲတက်ရောက်လာသည့် အဆင့်မြင့်ကိုယ်စားလှယ်များအကြား ဆက်သွယ်ဆွေးနွေးနိုင်ခြင်းမှတစ်ဆင့် နိုင်ငံအချင်းချင်းအကြား ယုံကြည်မှု၊ ရင်းနှီးမှုတည်ဆောက်နိုင်ခဲ့ပြီး ရှေ့ဆက်၍ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် အခွင့်အလမ်းများဖော်ထုတ်ခဲ့"**

ယင်းအထူးဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Peter Maurer၊ ဥရောပသမဂ္ဂ (EU) မှ နိုင်ငံတကာရေးရာ ဒုတိယအတွင်းရေးမှူးချုပ် Jean-Christophe Belliard တို့က အဓိကဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်ဆွေးနွေးခဲ့ပြီး မဟာဗျူဟာ လေ့လာရေးအဖွဲ့မှ အဆင့်မြင့် အကြံပေးပညာရှင်ဖြစ်သူ Sarah Raine က moderator အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ဆွေးနွေးပွဲသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Directorate General of Forces Intelligence ညွှန်ကြားရေးမှူးချုပ် Maj.Gen Md Saiful Abedin က ဆွေးနွေးပွဲ စတင်ရန် မိနစ်ပိုင်းအလိုတွင် ကျန်းမာရေးကြောင့် တက်ရောက်ဆွေးနွေးခြင်း မပြုနိုင်ကြောင်း တွေ့ရှိခဲ့ရပါသည်။

ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ရခိုင်ပြည်နယ် အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ မတူညီသည့် လူ့အသိုက်အဝန်းများအကြား သဟဇာတဖြစ်စွာဖြင့် အတူယှဉ်တွဲနေထိုင်နိုင်ရေးတို့အတွက် ဆောင်ရွက်နေမှုများ၊ ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်နေမှုများ၊ လူပေါင်းမြောက်မြားစွာ နေရပ်စွန့်ခွာသွားခြင်း၏ အကြောင်းရင်းဖြစ်သည့် ARSA ဟုခေါ်သော အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်သတ်ဖြတ်မှု၊ သွေးဆောင်ဖြားယောင်းမှု၊ ခြိမ်းခြောက်မှုများ၊ နေရပ်စွန့်ခွာသွားသူများအနေဖြင့် ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့ခြင်း မှန်ကန်ပါက ပြန်လည်လက်ခံရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သဘောတူညီထားမှုများ၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အထောက်အကူဖြစ်စေရန် ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်နေမှုများ စသည်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ဒုက္ခသည်များအား အသုံးချ၍ အကြမ်းဖက်လုပ်ရပ်များ ပိုမိုလုပ်ဆောင်လာခြင်းမရှိစေရန်နှင့် အကြမ်းဖက်မှု ကာကွယ်တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ယင်းဆွေးနွေးပွဲသို့ နိုင်ငံအသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ ပညာရှင်သုတေသီများ၊ မီဒီယာများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၀ ကျော် တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ် အရေးကိစ္စနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များတွင် အဓိကပါရှိချက်များမှာ ရခိုင်ပြည်နယ် ဖြစ်စဉ်နှင့် ပတ်သက်သည့် narrative မှာ နှစ်မျိုးကွဲပြားနေကြောင်း၊ နိုင်ငံတကာ သတင်းမီဒီယာများ၊ လူ့အခွင့်အရေးအဖွဲ့များ၊ NGOs များနှင့် အဖွဲ့အစည်းများမှ ကြားသိချက်များမှာ ယခုမြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်ပြောကြားချက်များနှင့် ကွဲပြားနေကြောင်း၊ ARSA အကြမ်းဖက်တိုက်ခိုက်မှုနောက်ပိုင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ကာကွယ်တုံ့ပြန်ရာတွင် အင်အားအလွန်အကျွံသုံးခဲ့ခြင်း၊ နေအိမ်များ၊ ရွာများအား မီးရှို့ခဲ့ခြင်းကြောင့် လူပေါင်း များစွာ နေရပ်စွန့်ခွာသွားခဲ့ရသည်ဟု သိရှိထားခဲ့ကြောင်းနှင့် ရခိုင်အရေးကိစ္စကို လူသားချင်းစာနာမှုရှုထောင့်မှုကြည့်၍ Responsibility to Protect (R2P) အယူအဆအောက်တွင် အကျုံးဝင်နိုင်မှု ရှိ၊ မရှိ၊ ရခိုင်ပြည်နယ်သို့ မီဒီယာသမားများအား အကန့်အသတ်မရှိ သွားရောက်ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ၊ အသစ်ဖွဲ့စည်းမည့် လွတ်လပ်သော စုံစမ်းရေးကော်မရှင်အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ARSA အကြမ်းဖက်သမားများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရန် ရှိ၊ မရှိ တို့ကို မေးမြန်းဆွေးနွေးခဲ့ပါသည်။ တက်ရောက်လာသူအချို့မှာ အခြေအနေမှန်ကို သိရှိထားသော်လည်း အချို့ကမူ မမှန်မကန်ဝါဒဖြန့်ချိထားသည့် သတင်းများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ တစ်ဖက်သတ် ရေးသားပြောဆိုမှုများကိုသာ သိရှိထားခဲ့သဖြင့် ယခုဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းပြောကြားချက်များမှ အခြေအနေမှန်များကို သိရှိ နားလည် သဘောပေါက်ခဲ့ကြောင်းကိုလည်း ပြောကြားခဲ့ကြပါသည်။

ယခုနှစ် ဆွေးနွေးပွဲတွင် တက်ရောက်လာသည့် အကြီးအကဲများကလည်း ရခိုင်ပြည်နယ်အရေး ကိစ္စနှင့် ပတ်သက်၍ စိတ်ဝင်စားမှုများပြသခဲ့ကြပါသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးက အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဝန်ကြီးများအား ဖိတ်ကြားကာ အင်ဒို-ပစိဖိတ် မဟာဗျူဟာနှင့် ပတ်သက်၍ ရှင်းလင်းရာ၌ မြန်မာနိုင်ငံတွင် လတ်တလော ဖြစ်ပေါ်တိုးတက်မှု နှစ်ရပ်ဖြစ်သည့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်သည့်ကိစ္စ၊ လွတ်လပ်သည့် စုံစမ်းရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်မည့် ကိစ္စတို့အပေါ် ကြိုဆိုကြောင်း၊ အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးကလည်း အာရှဒေသ၌ ဖြစ်ပေါ်တိုးတက်မည့် လုံခြုံရေး ဖြစ်စဉ်ခေါင်းစဉ်ဖြင့် ပြောကြားသည့် မိန့်ခွန်းတွင် နေရပ် စွန့်ခွာသူ ဒုက္ခသည်များအား အကြမ်းဖက်သမားများက အင်အားစုဆောင်းရာတွင် အသုံးချနိုင်သည့် အန္တရာယ်ရှိကြောင်း ထည့်သွင်း ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲ ပြင်ပတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အိမ်ရှင်စင်ကာပူနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးဝန်ကြီး မစ္စတာတိုချီဟန်း၊ စင်ကာပူ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဗီဗီယန်ဘာလာခရစ်ရှ်နန်၊ ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ ကိုယ်စားလှယ်များ၊ အခြားနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင်လည်း အထူးဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး၏ ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် ရှင်းလင်းပြောကြားချက်များ၊ ဆွေးနွေးပွဲ တက်ရောက်လာသူများထံမှ အပြုသဘောဆောင်သော တုံ့ပြန်မှုများကို ကြားသိရပြီးဖြစ်ကြောင်း ၎င်းတို့က ထည့်သွင်းပြောကြားခဲ့ကြပါသည်။

*စာမျက်နှာ ၉ သို့*

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

**နေပြည်တော်  ဇွန် ၁၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းတို့ကို လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်းနှင့် အစီရင်ခံစာတစ်ခုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူ

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ကို အခြေခံပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်သည်။

## အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက အခွန်အကောက်ဆိုသည်မှာ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက်ကောက်ခံသည့် အခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကိုဆိုသည့် စကားရပ်တွင် ပြည်ထောင်စုအခွန်အကောက်ဥပဒေ နောက်ဆက်တွဲဇယားပါ အခွန်အကောက်အားလုံးနှင့် အကောက်အခွန်တို့တွင် ပါဝင်သည်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ရှိစေကာမူ အခွန်အကောက်နှင့် စပ်လျဉ်းသည့် အယူခံကိစ္စရပ်များကို ယခုဥပဒေအရ ဆောင်ရွက်ရမည်၊ ယင်းသို့ ဆောင်ရွက်ရာတွင် ခုံအဖွဲ့သည် အခွန်အကောက်ဆိုင်ရာ အယူခံခြင်းနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဟု ဖော်ညွှန်းထားသည့်အပြင် အခွန်အကောက်နှင့် စပ်လျဉ်းသည့် အယူခံကိစ္စရပ်များ အခွန်အကောက်ဆိုင်ရာ အယူခံခြင်းနှင့် သက်ဆိုင်သည့် နည်းဥပဒေဟု ဆိုထားသည့်အတွက် ယခုဥပဒေ၏ ခေါင်းစဉ်နှင့် အမည်ကို အခွန်အကောက်အယူခံခုံအဖွဲ့ဥပဒေဟု အစားထိုးပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

## အခွန်နှစ် တစ်နှစ်ပြီးဆုံးသည့်အခါတိုင်း လုပ်ဆောင်ကြားနာခဲ့သည့် အမှုများနှင့်ပတ်သက်ပြီး လွှတ်တော်သို့ တင်ပြရမည်

မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းက ဥပဒေတွင် အဖွဲ့၏သက်တမ်းကို ငါးနှစ်အစား သုံးနှစ်ဟု ပြင်ဆင်လိုပါကြောင်း၊ ယင်းမှာအစိုးရအကူးအပြောင်းတွင် ပြင်ဆင်စရာရှိပါက ပြင်ဆင်နိုင်ရန်သက်တမ်းကုန်သည်အထိ စောင့်စရာမလိုစေရန် အတွက်ဖြစ်ပါကြောင်း၊ တစ်လတစ်ခါ အဖွဲ့ဝင်များအားလုံးပါဝင်သည့် စုံခုံအစည်းအဝေး ကျင်းပရမည်ဟု ဖြည့်စွက်လိုပါကြောင်း၊ အမှုတွဲလေ့လာသုံးသပ်ပြီး ကြားနာမည့် ရက်၊ အချိန် နေရာခုံအဖွဲ့ကို ရက် ၃၀ အတွင်း သတ်မှတ်ရမည်ဟု ဖြည့်စွက်လိုပါကြောင်း၊ အမှုကို စတင်ကြားနာသည့်နေ့မှ ရက်ပေါင်း ၁၈၀ အတွင်း အပြီးသတ် စီရင်ချက်ချမှတ်ရမည်ဆိုသည့်အချက်ကို ထည့်သွင်းလိုပါကြောင်း၊ ကြားနာမှုအားလုံးကို ဗီဒီယိုနှင့် မှတ်တမ်းတင်ထားလိုသည်ဆိုသည့် အချက်ကိုလည်း ဖြည့်စွက်လိုပါကြောင်း၊ အမှုဆုံးဖြတ်ချက် ချမည့်ရက်ကိုလည်း အနည်းဆုံး ခုနစ်ရက် ကြိုတင်ကြေညာရမည် ဆိုသည့်အချက်ကိုလည်း ထည့်သွင်းလိုပါကြောင်း၊ ထို့ပြင် ဥက္ကဋ္ဌသည် အခွန်နှစ် တစ်နှစ်ပြီးဆုံးသည့်အခါတိုင်း လုပ်ဆောင်ကြားနာခဲ့သည့် အမှုများနှင့်ပတ်သက်ပြီး ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့တင်ပြပြီး ထိုမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ ယင်းနောက် ထိုအစီရင်ခံစာကို ထုတ်ပြန်ကြေညာပြီး အွန်လိုင်းစာမျက်နှာတွင်ပါဖော်ပြရမည်ဆိုသည့် အချက်ကို ဖြည့်စွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးကလည်း ဆွေးနွေးခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များထဲတွင် ပြင်ဆင်ချက်များနှင့် အသစ်ဖြည့်စွက်ချက်များပါဝင်နေသည့်အတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် လိုအပ်ပါက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအပါအဝင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ထပ်မံဆွေးနွေးကာ ပိုမိုကောင်းမွန်သည့် ပြင်ဆင်ချက်များရရှိနိုင်အောင် ညှိနှိုင်းဆောင်ရွက်ကြပြီး ဥပဒေကြမ်းကော်မတီက လိုအပ်ပါက ထပ်မံရှင်းလင်းတင်ပြခြင်း၊ တစ်ပုဒ်ချင်းစီအလိုက် အတည်ပြုခြင်းကို လာမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာသည်။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။ သတင်းစဉ်

## အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာအစီရင်ခံစာကို ဆွေးနွေး

ဆက်လက်၍ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာ (၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဧပြီလအထိ) ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်က ကမ္ဘာပေါ်တွင် လူသားအရင်းအမြစ်ကို အခြေပြုသည့် ဖွံ့ဖြိုးတိုးတက်ခြင်းမှာ ရေရှည်တည်တံ့ခိုင်မြဲပြီး အစဉ်ပြောင်းလဲနေသည့် ပြင်ပပတ်ဝန်းကျင်၏ ရိုက်ခတ်မှုဒဏ်ကို ခံနိုင်ရည်ရှိသည်ကို တွေ့ရပါကြောင်း၊ အလားတူ မိမိတို့မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုနှင့် ခံနိုင်ရည်ရှိသည့် လူ့ဘောင်အသိုင်းအဝိုင်းတစ်ရပ် တည်ထောင်ရန်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရန် အရေးတကြီး လိုအပ်နေကြောင်း။

ပညာရေးစနစ်တစ်ခုတွင် အခြေခံပညာ၊ အဆင့်မြင့်ပညာများ အရေးကြီးသကဲ့သို့ ကျွမ်းကျင်ပြီး ထုတ်လုပ်အားကောင်းသည့် လုပ်သားထုရှိရန် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍမှာလည်း အရေးကြီးသည်ကို တွေ့ရှိရပါကြောင်း။

## အမျိုးသားပညာရေးကော်မရှင်က မူဝါဒဆိုင်ရာနည်းလမ်း (၄)ရပ်ကို အကြံပြုထား

အမျိုးသားပညာရေးကော်မရှင်ကနည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ ဖွံ့ဖြိုးလာအောင် ပညာရေးဝန်ကြီးဌာနအား ရွေးချယ်ဆောင်ရွက်နိုင်မည့် မူဝါဒဆိုင်ရာနည်းလမ်း (၄)ရပ်ကို အကြံပြုထားပါကြောင်း။

နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍတွင် ပုဂ္ဂလိကကျောင်းများ အစွမ်းကုန်ပါဝင်လာနိုင်ရန် အစိုးရမှ မူဝါဒချမှတ်ပြီး မြေတောင်မြှောက်သင့်ပါကြောင်း။ နည်းပညာနှင့် သက်မွေးပညာရပ်ကဏ္ဍ ရေရှည်ဖွံ့ဖြိုးရန် အစဉ်သဖြင့် ပြောင်းလဲနေသည့် လုပ်ငန်းခွင် လိုအပ်ချက်၊ ပြင်ပပတ်ဝန်းကျင်တို့နှင့် လိုက်လျောညီထွေရှိရန် လိုအပ်ပါကြောင်း။

နည်းပညာနှင့် သက်မွေးပညာမူဝါဒများ ချမှတ်ရာတွင် အကျုံးဝင် သက်ဆိုင်ကြသည့် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကသင်တန်းကျောင်းများနှင့် အဖွဲ့အစည်းများ၊ လုပ်ငန်းခွင်မှ ကျွမ်းကျင်ပညာရှင်များ၊ တက္ကသိုလ်များမှ ဆရာဆရာမများအားလုံး ပါဝင်စေသင့်ပါကြောင်း။

## ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကျောင်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်သင့်

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဖွံ့ဖြိုးရန် ပညာရေးဝန်ကြီးဌာနအောက်မှ သင်တန်းကျောင်းများကိုသာ အာရုံစိုက်ခြင်းထက် အခြားဝန်ကြီးဌာနအသီးသီး အောက်တွင်တည်ရှိသည့် အမျိုးမျိုးသော နည်းပညာနှင့် သက်မွေးပညာသင်တန်းကျောင်းများအားလုံးကိုပါ ပြန်လည်ရှင်သန်လာအောင်ကျောင်းများ၏ မြေကျောင်းအဆောက်အအုံကို အရင်းအနှီးပြုပြီး ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကျောင်းများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းများ ပြုလုပ်သင့်ပါကြောင်း။

## လူငယ်ထုအတွက် နည်းပညာနှင့် သက်မွေးပညာသင်ကြားရန် တွန်းအားတစ်ခုဖြစ်စေမည် ဖြစ်ပါကြောင်း ဆွေးနွေး

ထို့အပြင် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ ကျွမ်းကျင်မှုလက်မှတ်ချီးမြှင့်ခြင်းနှင့် အသိအမှတ်ပြုခြင်း လုပ်ငန်းစဉ်များကို အနည်းဆုံး ဒေသတွင်းစံများနှင့် ပြည့်မီစေခြင်းအားဖြင့် ASEAN MRA တွင်ပါဝင်သည့် အာဆီယံနိုင်ငံအချင်းချင်း ချုပ်ဆိုထားသည့် ကျွမ်းကျင်မှုဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုခြင်းအစီအစဉ်များနှင့် ကိုက်ညီစေခြင်းသည် လူငယ်ထုအတွက် နည်းပညာနှင့် သက်မွေးပညာသင်ကြားရန် တွန်းအားတစ်ခုဖြစ်စေမည် ဖြစ်ပါကြောင်း ဖြင့် ဆွေးနွေးသည်။

## လုပ်ငန်းစဉ် ခုနစ်ရပ်ကို ဆောင်ရွက်နိုင်ခဲ့

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဆောင်ရွက်ချက်များကိုကြည့်ပါက ပါမောက္ခချုပ်ကော်မတီဖွဲ့စည်းခြင်း၊ အခြေခံအထက်တန်းကျောင်းအဆင့်တွင် သင်္ချာနှင့် သိပ္ပံဘာသာရပ်များအတွက် သင်ကြားမှုဘာသာစကား သတ်မှတ်အသုံးပြုနိုင်ရေးမူဝါဒ၊ အခြေခံပညာသင်ယူမှု အခြေအနေ လေ့လာဆန်းစစ်ချက်၊ အခြေခံပညာကျောင်းများတွင် သက်မွေးပညာဘာသာရပ်များကို သင်ကြားပို့ချရေးဆိုင်ရာမူဝါဒ အကြံပြုစာတမ်း၊ စိုက်ပျိုးရေး သိပ္ပံတွဲ့ရများ ပိုမိုမွေးထုတ်ပေးရေးအတွက် အကြံပြုစာတမ်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် ပညာရေးဝန်ကြီးဌာနအောက်တွင်ရှိသော အဆင့်မြင့်ပညာကျောင်းများရှိ ဆရာ၊ ဆရာမများ ကျောင်းရွှေ့ပြောင်းတာဝန်ထမ်းဆောင်ခြင်း သုတေသနစာတမ်း၊ တက္ကသိုလ်စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေးလုပ်ငန်းစဉ်များကို အကြံပြုတင်ပြခြင်းနှင့် သုတေသနလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများ ရေးဆွဲခြင်း စသည့် လုပ်ငန်းစဉ် ခုနစ်ရပ်ကို ဆောင်ရွက်နိုင်ခဲ့သည်ဟု ဖော်ပြပါရှိပါကြောင်း။

## နိုင်ငံတကာနှင့် စီးပွားရေးအရ ရင်ပေါင်တန်းနိုင်စေရန် စီးပွားရေးပညာဘွဲ့ရများ အမြောက်အမြား လိုအပ်

ကော်မရှင်၏ အကြံပြုချက်များထဲမှ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်တို့တွင် စိုက်ပျိုးရေးမဟာဌာနကြီးများ ဖွင့်လှစ်သင်ကြားပို့ချခြင်းဆိုသည့်အချက်ကို အမြန်ဆုံး အကောင်အထည်ဖော်သင့်ပါကြောင်း၊ ကော်မရှင်အား အကြံပြုတင်ပြလိုသည်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းပြည်ကို အရှိန်အဟုန်မပျက် နိုင်ငံတကာနှင့် စီးပွားရေးအရ ရင်ပေါင်တန်းနိုင်စေရန် စီးပွားရေးပညာဘွဲ့ရများ အမြောက်အမြား လိုအပ်နေပါကြောင်း၊ သို့ဖြစ်၍ အခြေခံအဆောက်အအုံများနှင့် ပြည့်စုံသော မန္တလေးနှင့် ရန်ကုန်တက္ကသိုလ်ကြီးတို့တွင် စီးပွားရေးပညာမဟာဌာနကြီးများ ဖွင့်လှစ်သင်ကြားနိုင်စေရန်အတွက် လေ့လာသုံးသပ် အကြံပြုတင်ပြပေးစေလိုကြောင်း ဆွေးနွေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်မှဦးမင်းသိန်း၊ ကံမ မဲဆန္ဒနယ်မှ ဦးစိန်ဟန်၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဒေါက်တာတင်တင်ဝင်းတို့က ဆွေးနွေးကြသည်။

**မျိုးမြင့်၊ မွေးကြူဇင်(သတင်းစဉ်)**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး ဦးစီးကော်မတီ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းဝိုင်းအနီးတွင် တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေး စေတီတော်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် နာယကအဖွဲ့၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကျင်းပမည့် ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေး**

ရှေးဦးစွာ ထာဝရငြိမ်းချမ်းရေး စေတီတော်တည်ဆောက်ရေး နာယက၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စေတီတော်တည်ဆောက်ရေး လုပ်ငန်းများ၊ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပပြုလုပ်မည့်ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြ**

ထို့နောက် အစီအစဉ်အရ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများနှင့် စပ်လျဉ်း၍ အသီးသီး ဆွေးနွေးတင်ပြကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

❐ **ထာဝရငြိမ်းချမ်းရေး စေတီတော်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စေတီတော်တည်ဆောက်ရေး လုပ်ငန်းများ၊ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပပြုလုပ်မည့် ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြ**



## နှိုးဆော်လွှာ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ကံ့ကော်ပန်းအဝိုင်းအနီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် ခုနစ်ရက်သားသမီး အလှူရှင် ဘုရားဒါယကာ ဒါယိကာမများစုပေါင်း၍ **"ထာဝရငြိမ်းချမ်းရေးစေတီတော်"**ကို တည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော် အပ်ပါသည်-

| | | | |
|---|---|---|---|
| **ဦးသောင်းဝင်း** | ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(ဝန်ကြီးရုံး)၊ရုံးအမှတ်(၃၁)၊နေပြည်တော် | ဖုန်း ၀၉-၄၂၀၇၀၁၄၆၃<br>၀၆၇၃-၄၀၆၂၇၆ |
| **ဦးမောင်မောင်မျိုး** | ညွှန်ကြားရေးမှူး<br>နေပြည်တော်တိုင်းသာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ်၊နေပြည်တော် | ဖုန်း ၀၉-၂၁၃၂၁၉၁<br>၀၇၆၃-၅၅၀၁၈၃ |
| **ဦးကြင်ခိုင်** | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ကမ္ဘာအေးဘုရားဝင်း ရန်ကုန်မြို့ | ဖုန်း ၀၉- ၈၆၀၀၁၁၃<br>၀၉-၅၁၈၃၄၇၁<br>၀၁-၆၆၁၂၇၅ |
| **ဦးကျော်စိန်ဝင်း** | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ၆၂လမ်း၊ မန္တလေးမြို့ | ဖုန်း ၀၉- ၂၀၀၀၁၀၀<br>၀၉- ၄၃၁၂၅၃၇၃<br>၀၂- ၆၁၁၁၃ |

**ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ရောင်းဝယ်ရေးနေရာများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးဟု ဆို

ရန်ကုန် ဇွန် ၁၂

**ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မော်တော်ယာဉ်အရောင်းပြခန်း ၁၅၁ ခုကို ယာဉ်သိုလှောင်ခြင်းလုပ်ငန်းလိုင်စင်ခွင့်ပြုထားပြီး လက်ရှိအနေအထားအရ ယာဉ်ရောင်းဝယ်ရေးစခန်းတစ်ခုပြုလုပ်ရန် မြေနေရာအလုံအလောက်မရှိခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်များ လာရောက်ရောင်းဝယ်နိုင်သော အများနှင့်သက်ဆိုင်သည့် မော်တော်ယာဉ်ရောင်းဝယ်ရေးနေရာများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောကြားသည်။**

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးလှရွှေနှင့် လှိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းတို့၏ မေးခွန်းများကို ဖြေကြားရာတွင် ဝန်ကြီးက ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးလှရွှေက ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်များ လာရောက်ရောင်းဝယ်နိုင်သော အများနှင့်သက်ဆိုင်သည့် မော်တော်ယာဉ်ရောင်းဝယ်ရေးနေရာများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း သင့်တော်သောနေရာတွင် ကောင်းမွန်ပြည့်စုံသော ယာဉ်ရောင်းဝယ်ရေးစခန်းကြီးတစ်ခု ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့်နေရာတွင် ဖော်ဆောင်ပေးမည်၊ မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့သည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးတို့၏ မေးခွန်းများကို ဝန်ကြီးက တစ်ပေါင်းတည်းပြန်လည်ဖြေကြားရာတွင် လက်ရှိအချိန်တွင် လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်း နှင့် သံသုမာယာဉ်ရောင်းဝယ်ရေးစခန်းတို့ကို ဖွင့်လှစ်ထားရှိပါကြောင်း၊ ဟံသာဝတီရောင်းဝယ်ရေးစခန်း ပြောင်းရွှေ့စဉ်က မော်တော်ယာဉ်အစီးရေ ၈၀၀ သာရှိသော်လည်း လက်ရှိအချိန်တွင် လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်း၌ ယာဉ်အစီးရေ ၁၂၀၀ ခန့်၊ သံသုမာယာဉ်ရောင်းဝယ်ရေးစခန်းတွင် ယာဉ်အစီးရေ ၁၂၀ မှ ၁၅၀ ခန့် နေ့စဉ်အရောင်းအဝယ် ပြုလုပ်လျက်ရှိပါ သဖြင့် ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းများသည် တိုးပွားလာ သည့် အခြေအနေဖြစ်ပါကြောင်း၊ ယာဉ်ရောင်းဝယ်သူအချို့ သည် မော်တော်ယာဉ်ကို တစ်စီး၊ နှစ်စီး အရောင်းအဝယ် ပြုလုပ်ခြင်း မဟုတ်ဘဲ အစီးရေ ၂၀-၃၀ ကျော်ခန့် ပိုင်ဆိုင်ပြီး ယာဉ်ရောင်းဝယ်ရေးစခန်းတွင် ဝင်ရောက်ရပ်နားကာ အရောင်း အဝယ်ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် မော်တော်ယာဉ်ဥပဒေတွင် မော်တော်ယာဉ် ရောင်းချခြင်း လုပ်ငန်းဆိုသည်မှာ အရောင်းပြခန်းများဖွင့်လှစ်၍ ဖြစ်စေ၊ သိုလှောင်၍ဖြစ်စေ ရောင်းချခြင်းကိုဆိုလိုသည်ဟု ပြဋ္ဌာန်းထားပြီး မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ် ထုတ်လုပ်ခြင်း(သို့) ရောင်းချခြင်းလုပ်ငန်း(သို့) တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းကို မပြုလုပ်ရဟု ပြဋ္ဌာန်းထားသဖြင့် မော်တော်ယာဉ်ရောင်းချသူများအနေဖြင့် ယာဉ်ရောင်းချသည့် လုပ်ငန်းဆောင်ရွက်ပါက ယာဉ်ဟောင်းရောင်းချသည်ဖြစ်စေ၊ အသုံးပြုပြီးယာဉ်များ ရောင်းချသည်ဖြစ်စေ၊ ယာဉ်အသစ်များ ရောင်းချသည်ဖြစ်စေ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အရောင်းပြခန်းများ အရောင်းစင်တာများဆောင်ရွက်ပါက ပိုမိုသင့်တော်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မော်တော်ယာဉ်အရောင်းပြခန်း ၁၅၁ ခုကို ယာဉ်သိုလှောင်ခြင်းလုပ်ငန်းလိုင်စင် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ လက်ရှိအနေအထားအရ ယာဉ်ရောင်းဝယ်ရေးစခန်းတစ်ခုပြုလုပ်ရန် မြေနေရာအလုံအလောက်မရှိခြင်း၊ မော်တော်ယာဉ်အရောင်းပြခန်း၊ သိုလှောင်ခြင်းလုပ်ငန်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ခွင့်ပြုနေသဖြင့်လည်းကောင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်များ လာရောက်ရောင်းဝယ်နိုင်သော အများနှင့်သက်ဆိုင်သည့် မော်တော်ယာဉ်ရောင်းဝယ်ရေးနေရာများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် သင့်တော်သောနေရာတွင် ကောင်းမွန်ပြည့်စုံသော ယာဉ်ရောင်းဝယ်ရေးစခန်းကြီးတစ်ခု ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ပြည်သူများ လိုအပ်ချက်ရှိပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ တိုင်ပင်ဆွေးနွေးပြီး လိုအပ်သလိုတင်ပြကာ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**



လှိုင်မော်တော်ယာဉ်ရောင်းဝယ်ရေးစခန်း။

# ဂျိုင်း(ကော့ကရိတ်) တံတားဘေးရှိ ပွန်တွန်းဖောတံတား အသေးစားပြင်ဆင်မှုဆောင်ရွက်နေသဖြင့် ယာဉ်များဖြတ်သန်းခွင့် ယာယီပိတ်ထားရ

**ဘားအံ ဇွန် ၁၂**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ဇွန် ၁၂ရက် နံနက်ပိုင်းမှစတင်ကာ မိုးသည်း ထန်စွာရွာသွန်းမှုကြောင့် ဂျိုင်းမြစ်ရေမြင့်တက်လာသဖြင့် ဂျိုင်း (ကော့ကရိတ်)တံတားဘေးရှိ ပွန်တွန်းဖောတံတားနှင့်ချဉ်းကပ်လမ်းတို့ အနိမ့်အမြင့်ကွာဟမှုဖြစ်သွားသောကြောင့် အသေးစားပြုပြင်မှုများ ဆောင်ရွက်နေစဉ်အတွင်း ၁၃ တန်အထက် မော်တာ်ယာဉ်များ ဖြတ်သန်းသွားလာမှုကို ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

**ယာယီပိတ်ထားခဲ့**

ဂျိုင်း(ကော့ကရိတ်) ကြိုးတံတားပေါ်တွင် ၁၃ တန်အောက် မော်တော်ယာဉ် များကိုသာ ဖြတ်သန်းသွားလာခွင့်ပြုထားရာ ၁၃ တန်အောက် ယာဉ်များ ပုံမှန် ဖြတ်သန်းသွားလာလျက်ရှိပြီး ၁၃ တန် အထက်ယာဉ်များကို တံတားဘေးရှိ ပွန်တွန်းတံတားကသာ ဖြတ်သန်းခွင့်ပြုထားခဲ့ကြောင်း သိရသည်။ ယခုအခါ ယနေ့နံနက် ၆ နာရီမှစတင်၍ မိုးရွာသွန်းမှုများသောကြောင့် ဂျိုင်းမြစ်ရေမြင့်တက်ကာ ပွန်တွန်း တံတားနှင့် ချဉ်းကပ်လမ်းတို့ အနိမ့်အမြင့်ကွာဟမှုများ ဖြစ်သွားခဲ့ရာ အသေးစား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ပွန်တွန်းဖောတံတား ဖြတ်သန်း သွားလာခြင်းကို ယာယီပိတ်ထားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**သွားလာနိုင်တော့မည်**

ပွန်တွန်းတံတားပြုပြင်နေစဉ်အတွင်း ပွန်တွန်းဖောတံတားပေါ်မှ ဖြတ်သန်းရန် စောင့်ဆိုင်းနေသည့် ၁၃ တန်အထက်ယာဉ်များအား စနစ်တကျ ရပ်တန့်စောင့်ဆိုင်းနိုင်ရန်နှင့် ယာဉ်အန္တရာယ်မဖြစ်စေရန်အတွက် ဂျိုင်းနယ်မြေရဲစခန်းမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မကြာမီ ပြန်လည်ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ပထမအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများမှ သတင်းပြန်ကြားရေးအရာရှိနှင့် သတင်းစာဆရာများ မွမ်းမံသင်တန်းဖွင့်

**ကူမင်း ဇွန် ၁၂**

ပထမအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများမှ သတင်းပြန်ကြားရေးအရာရှိနှင့် သတင်းစာဆရာများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Yunnan Daily Press Group အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**နှုတ်ခွန်းဆက် စကားပြောကြား**

အခမ်းအနားတွင် Director of the Information Office of the Yunnan Provincial Government H.E.Ms. Li Qian က အဖွင့်အမှာစကားပြောကြားပြီး H.E.Mr.Yang Run,Chief Editor of Yunnan Daily Press Groupက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မဲခေါင်ဒေသတွင်းနိုင်ငံများမှ မီဒီယာဝန်ထမ်းများနှင့် သတင်းထောက်များကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် H.E.Mr. Long Seng က ကျေးဇူးတင်စကားပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ Mr.Xu Tiyi, president of Yunnan Daily Press Group က ယူနန်နေ့စဉ်သတင်းစာ၏ သမိုင်းကြောင်း၊ လက်ရှိ မီဒီယာလောကတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဆွေးနွေးသည်။ ထို့နောက် ယူနန်နေ့စဉ်သတင်းစာနှင့် မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများ၏ မီဒီယာကဏ္ဍများကို ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ယူနန်နေ့စဉ်သတင်းစာမှ အယ်ဒီတာ Mr. Zhuang Ruogu က တရုတ်နိုင်ငံတွင် အွန်လိုင်းမီဒီယာဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်မီဒီယာကဏ္ဍ၏ စိန်ခေါ်မှုများကို ရှင်းလင်းဆွေးနွေးပြီး ယူနန်နေ့စဉ်သတင်းစာမှ ဓာတ်ပုံအယ်ဒီတာ Mr.Li Wenjun က mobile ဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ အင်တာဗျူးခြင်း၊ အသံဖမ်းခြင်းနှင့် ဒရုန်းဖြင့် ဓာတ်ပုံရိုက်ကူးခြင်းများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများ ဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံမှ မီဒီယာသမား လေးဦး၊ လာအိုနိုင်ငံမှ မီဒီယာသမား လေးဦး၊ မြန်မာနိုင်ငံမှ မီဒီယာသမားသုံးဦးနှင့် ထိုင်းနိုင်ငံမှ မီဒီယာသမားလေးဦးတို့ တက်ရောက်ကြသည်။

**အေဝမ်းစိုး၊ မျိုးသူဟိန်း**




# ကျိုက်ထီးရိုးစေတီတော်၏ စိန်ဖူးတော်မှ ပြုတ်ကျသည်ဟုယူဆရသည့် ညောင်ရွက်ပုံတွေ့ရှိ၍ ဂေါပကအဖွဲ့ထံ အပ်နှံ

**ကျိုက်ထို ဇွန် ၁၂**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်၌ ဇွန် ၁၁ ရက် ညနေ ၃ နာရီခန့်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့ရာ မှန်လုံဆောင်ရှေ့တွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်သား ရှုပိုင်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဝန်ထမ်း ကိုစည်သူရွှေ၊ ကိုစိုးလင်းနိုင်တို့က ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၏ စိန်ဖူးတော်မှ ပြုတ်ကျသည်ဟုယူဆရသည့် ရွှေဟုထင်ရသော အလေးချိန် ၂၄ ပဲ ၅ ရွေး ၁ ခြမ်းရှိ ညောင်ရွက်ပုံ (**ယာပုံ**) တွင် မြတ်စွာဘုရားထိုင်တော်မူပုံနှင့် တီးကြား စာတန်းပါ ညောင်ရွက်ပုံ ပစ္စည်းတစ်ခုကို တွေ့ရှိရ၍ ရင်ပြင်တော် ဂေါပကအဖွဲ့ဝင် ဦးမြသောင်းနှင့် ဦးတင်ဝင်းတို့ထံ အပ်နှံပေးခဲ့သည်။

အဆိုပါပစ္စည်းအား ကင်မွန်းစခန်း ဘဏ္ဍာတော်ထိန်းဂေါပကရုံးသို့ ဆက်လက်ပေးပို့အပ်နှံ၍ စိန်ဖူးတော်မှ ပြုတ်ကျမှုရှိ၊ မရှိကို ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**



# ပျဉ်းမနား အရှေ့ခြမ်း အထက်ပေါင်းလောင်းဒေသ၌ ကော်ဖီစိုက်ပျိုးနည်း ပို့ချ

နေပြည်တော် ဇွန် ၁၁

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနား အရှေ့ခြမ်း အထက်ပေါင်းလောင်းဒေသကျေးရွာများ၌ ကော်ဖီပင်များ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ စနစ်တကျ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် လုပ်ငန်းများ တိုးတက်မြင့်မားလာစေရန်အတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၁၈ ခုနှစ် မိုးရာသီကော်ဖီစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး လိုအပ်ချက်ဖြစ်သော ကော်ဖီစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းကို ပြဒါးချောင်ကျေးရွာတွင် ဇွန် ၇ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။**

**ကော်ဖီစိုက်ဧကတိုးတက်ရေး ပံ့ပိုးမည်**

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၊ ပျဉ်းမနားအရှေ့ခြမ်း အထက်ပေါင်းလောင်းဒေသတွင် လက်ရှိ ကော်ဖီစိုက်ပျိုးထားမှု ဧက ၄၀၀ ခန့်ရှိပြီး ဤဒေသအနေဖြင့် ကော်ဖီစိုက်ပျိုးရန် ရေမြေရာသီဥတုရှိသောဒေသဖြစ်၍ အရှေ့ပေါင်းလောင်းဒေသတွင် နှစ်စဉ်ကော်ဖီစိုက်ဧက တိုးတက်လာစေရန် ဌာနအနေဖြင့် ပံ့ပိုးသွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ယခုသင်တန်းတွင် ကော်ဖီစိုက်ခင်း တည်ထောင်ခြင်း၊ ကိုင်းဖြတ်ပြုပြင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေသော သစ်တောသစ်ပင်များ၏ အောက်ခြေတွင် ကော်ဖီစိုက်ပျိုးမှု (Agro Foresty) စိုက်ပျိုးခြင်း အသိပညာများကို ပို့ချမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးလှငြိမ်းက ကော်ဖီအပါအဝင် အထက်ပေါင်းလောင်းဒေသ ရေမြေရာသီဥတုနှင့် ကိုက်ညီသော သီးနှံစုံစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီပံ့ပိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးရဲမြင့်က မြန်မာ့ကော်ဖီဈေးကွက်၊ ကမ္ဘာ့ကော်ဖီဈေးကွက်များ အခြေအနေနှင့် ပေါင်းလောင်းဒေသ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကိစ္စများနှင့် အသင်း၏ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**ကော်ဖီစိုက်လိုသူများ ဆက်သွယ်နိုင်**

မြန်မာ့ကော်ဖီသည် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နေပြီဖြစ်သည့်အတွက် အလားအလာကောင်းသဖြင့် စီးပွားဖြစ် ခြံကျယ်စိုက်ပျိုးထုတ်လုပ်မှုများအပြင် အိမ်ခြံဝင်းစိုက်လုပ်ကွက်ငယ်တောင်သူများပါ တိုးချဲ့စိုက်ပျိုးမှုများရှိလာရာ စနစ်တကျစိုက်ပျိုးတတ်စေရန်နှင့် လက်ရှိကော်ဖီစိုက်ပျိုးသူများ စနစ်ကျသောထုတ်လုပ်မှုလုပ်ငန်းများ၊ အထူးတန်းဝင် ကော်ဖီအရည်အသွေးနှင့် ကော်ဖီဈေးနှုန်းများအကြောင်း သိရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲမှ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသင်တန်းများ ပေးလျက်ရှိရာ စိတ်ပါဝင်စားသူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်နေပြည်တော်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

***ကျောဖုံးမှ***

ပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်ခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရခြင်းဖြစ်ပြီး GFA အသင်းမှာမူ ပထမအဆင့်တွင် ငွေကြယ်ပွင့်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဒုတိယအဆင့်တွင် Southern အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလာခြင်းဖြစ်သည်။ ရောဝတီနှင့် မကွေးအသင်းမှာမူ ဒုတိယအဆင့်မှ စတင်ကစားခဲ့ရပြီး ဒုတိယအဆင့်တွင် ရောဝတီအသင်းက ရှိုင်ရယ်သန်လျင်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မကွေးအသင်းက ဒဂုံအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရလာခြင်းဖြစ်သည်။ ရောဝတီအသင်းသည် စိတ်ဓာတ်ပိုင်း မြင့်မားနေပြီး ယခုပွဲကိုလည်း တစ်ကျော့ပြန်ချန်ပီယံဆုအတွက် အားကုန်ထုတ်ကစားဖွယ်ရှိနေသည်။ မကွေးအသင်းမှာမူ အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့တွင် နိုင်ပွဲမရသေးဘဲ နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့်ပွဲတွင် ဟံသာဝတီကို အဝေးကွင်း၌ သရေကျထားသည်။

ကွာတားဖိုင်နယ်(ဒုတိယနေ့)ကို ဇွန် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်နှင့် ရခိုင်၊ စစ်ကိုင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း - ဓာတ်ပုံ-စိုးညွန့်**

**စာမျက်နှာ ၆ မှ**

**မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးများအပေါ် သုံးသပ်တင်ပြချက်**

ယခုအချိန်တွင် ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ မီဒီယာ အသုံးပြုတိုက်ခိုက်မှုများ၊ တစ်ဖက်သတ် မမှန်မကန် ဝါဒဖြန့်ချိမှုများ၊ နိုင်ငံတကာစံနှုန်းများ အသုံးပြုပုံဖော်ခြင်းများ ပြုလုပ်နေခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ၏ အထင်အမြင်လွဲမှားမှုနှင့် အာရုံစိုက်ဖိအားပေးမှုတို့ကို ကြုံတွေ့လျက်ရှိပါသည်။

သို့ဖြစ်၍ ရခိုင်ပြည်နယ် ပြဿနာ၏အကြောင်းရင်းခံများ၊ ပကတိအခြေအနေမှန်များ၊ ထိလွယ်ရှလွယ်အနေအထားနှင့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို နိုင်ငံတကာက သိရှိနားလည် လက်ခံလာစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်နိုင်ရန် အလွန်အရေးကြီးပါသည်။

ရှန်ဂရီလာဒိုင်ယာလော့ခ်ဆွေးနွေးပွဲ၌ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ကျင်းပသည့် အထူးဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းကိုယ်တိုင် တက်ရောက်၍ အမျိုးသားလုံခြုံရေးရှုထောင့်မှ လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုရှုထောင့်မှ လည်းကောင်း ရှင်းလင်း၊ ဖြေကြား၊ ဆွေးနွေးနိုင်ခဲ့ခြင်းကြောင့် အခြားတစ်ဖက်မှ မမှန်မကန်ပြောဆိုဝေဖန်မှုများကို တုံ့ပြန်ချေဖျက်နိုင်သည့် အခွင့်အရေးရရှိခဲ့ပါသည်။ ဆွေးနွေးပွဲကာလအတွင်း ရခိုင်ပြည်နယ်တွင် ရေရှည်တည်တံ့နိုင်မည့်ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စတို့ကို အလေးထား၍ စနစ်တကျဖြင့် ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံအသီးသီးမှ အစိုးရပိုင်းအကြီးအကဲများ၊ အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းများမှ အဆင့်မြင့် ပုဂ္ဂိုလ်များ၊ ပညာရှင်သုတေသီများနှင့် သတင်းမီဒီယာများအကြား သိရှိပျံ့နှံ့စေခဲ့ပါသည်။

ခရီးစဉ်အတွင်း အိမ်ရှင်နိုင်ငံမှ ခေါင်းဆောင်ပိုင်းများ၊ ဆွေးနွေးပွဲတက်ရောက်လာသည့် အဆင့်မြင့်ကိုယ်စားလှယ်များအကြား ဆက်သွယ်ဆွေးနွေးနိုင်ခြင်းမှတစ်ဆင့် နိုင်ငံအချင်းချင်းအကြား ယုံကြည်မှု၊ ရင်းနှီးမှု တည်ဆောက်နိုင်ခဲ့ပြီး ရှေ့ဆက်၍ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် အခွင့်အလမ်းများ ဖော်ထုတ်ခဲ့ပါသည်။ သို့ပါ၍ ယခုနှစ် ရှန်ဂရီလာဒိုင်ယာလော့ခ်ဆွေးနွေးပွဲတွင် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်နိုင်ခဲ့ပြီး၊ နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ဝိုင်းမော်မြို့ရှိ တိုက်ပွဲရှောင်ပြည်သူများအား ဆန်ရိက္ခာပစ္စည်းများ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား ဇွန် ၁၂**

ဝိုင်းမော်မြို့နယ် ရှင်ဗော်ဒေသအတွင်းရှိ ကျေးရွာများမှ နယ်မြေအခြေအနေအရ ပြောင်းရွှေ့လာသော တိုက်ပွဲရှောင်ပြည်သူများရှိရာ ဝိုင်းမော်မြို့ရှိ နှစ်ခြင်းအသင်းတော်များအဖွဲ့ရုံး၌ ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့သည့် ဆန်ရိက္ခာပစ္စည်းများကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။



အဆိုပါ တိုက်ပွဲရှောင်မိသားစုဝင်များအား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်တို့က မိသားစုဝင်များနှင့် တွေ့ဆုံအားပေးနှစ်သိမ့်စကားပြောကြားကြကာ မိသားစုများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် နေထိုင်စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းနောက် စခန်းရှိ အိမ်ထောင်စု ၈၀၊ လူဦးရေ ၃၆၃ ဦးတို့အတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့သည့် ဆန် ၁၁၃ အိတ်၊ ၁၀ ပြည်နှင့်လေးဘူး၊ ဆီ ပိဿာ ၁၆၀ နှင့် ပဲပိဿာ ၁၆၀၊ ဆားပိဿာ ၈၀ တို့နှင့် ရေသန့်ဆေးများ၊ ပြည်သူ့ကျန်းမာရေးဌာနမှ ဆေးဝါးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပြည်နယ်ဝန်ကြီးချုပ်ဇနီးနှင့် ပြည်နယ်ဝန်ကြီးဇနီး၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါ နှစ်ခြင်းအသင်းတော်ဝင်းအတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများသည် အင်ဂျန်းယန်မြို့နယ်အတွင်းနှင့် ရှင်ဗော်ဒေသမှ ဂျူဗလီ၊ ဝလောင်ယန်၊ အောင်ရာ၊ အင်ဒုံးဇွပ်၊ ဆွတ်ဂျာ၊ ၅၂ မိုင်ကျေးရွာများမှ ခေတ္တပြောင်းရွှေ့လာကြခြင်းဖြစ်ပြီး ယခုအကြိမ်ထောက်ပံ့မှုသည် ဒုတိယအကြိမ်မြောက် သွားရောက်ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု သံတွဲမြို့ရေကြီးရေလျှံမှုများနှင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး

သံတွဲ ဇွန် ၁၂

**ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့တွင် သံတွဲမြို့ရေကြီးရေလျှံမှုများနှင့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီး ဒေါက်တာချမ်းသာ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် သံတွဲမြို့ ရွှေဆံတော်တောင်ခြေ ဓမ္မာရုံရှိ ရေဘေးရှောင် ပြည်သူများနှင့် တွေ့ဆုံပြီး ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ ရွှေဆံတော် ဓမ္မာရုံ၌ သံတွဲမြို့ပေါ်ရှိ ရပ်ကွက်များမှ ရေဘေးရှောင် အိမ်ထောင်စု ၂၁ စု၊ လူဦးရေ ၈၀ နေထိုင်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံတွဲ- ဂွ မော်တော်ကားလမ်း ရေကြီးရေလျှံမှုအခြေအနေ၊ သံတွဲ - ငပလီလမ်း ရေကြီးရေလျှံမှုအခြေအနေနှင့် သံတွဲ - ကင်းမော်လမ်း ရေကြီးရေလျှံမှုအခြေအနေများကို ကြည့်ရှုပြီး မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ရေကြီးရေလျှံမှုကြောင့်ဖြစ်ပွားတတ်သည့် ရောဂါများကာကွယ်နိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားသည်။





ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစဉ်။ သတင်းစဉ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံတွဲမြို့ ရွှေအံတော်စေတီတော် ဓမ္မာရုံရှိ ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံပြီး စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းသည်။

အဆိုပါ ဓမ္မာရုံတွင် ရေဘေးရှောင်အိမ်ထောင်စု ၄၀၊ လူဦးရေ ၁၆၀ နေထိုင်လျက်ရှိကြောင်း သိရသည်။

သံတွဲမြို့ရေကြီးရေလျှံမှုတွင် သံတွဲတပ်နယ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ရေဘေးကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**

## စစ်တွေမြို့တွင် ရှေးဦးပြုစုခြင်း(နည်းပြ)သင်တန်းဖွင့်

**စစ်တွေ ဇွန် ၁၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း(နည်းပြ)သင်တန်းကို ရခိုင်ပြည်နယ် စစ်တွေမြို့ မင်းသူရိယခန်းမတွင် ဇွန် ၁၁ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား သင်တန်းသူ ၃၆ ဦး တက်ရောက်ကြသည်။

သင်တန်းတွင် အခြေခံ ရှေးဦးသူနာပြုသင်တန်း တက်ရောက်ခဲ့ပြီး ကြက်ခြေနီအသင်းတွင် အနည်းဆုံး နှစ်နှစ် တာဝန်ထမ်းဆောင်ထားသည့် ပလက်ဝ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ရမ်းဗြဲနှင့် အမ်းမြို့နယ်တို့မှ သင်တန်းသား ခြောက်ဦးစီ တက်ရောက်ကြခြင်းဖြစ်သည်။

သင်တန်းကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာနမှ သင်တန်းဆရာ နှစ်ဦး ရခိုင်ပြည်နယ်ကြက်ခြေနီအသင်းမှ သင်တန်းဆရာ နှစ်ဦးတို့က ဇွန် ၁၈ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချသွား မည်ဖြစ်ပြီး သင်တန်းပြီးဆုံးချိန်တွင် ရှေးဦးသူနာပြု(နည်းပြ)အဆင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်သည်။

**အောင်သူရ**

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၂၇ ရက်တွင် နယ်ခြားမှတ်တိုင် ၄၁ မှ ၄၂ အထိ၊ ဇွန် ၁၀ ရက်တွင် နယ်ခြားမှတ်တိုင် ၄၂ မှ ၄၃ နှင့် နယ်ခြားမှတ်တိုင် ၃၁ မှ ၃၄ အထိ၊ ဇွန် ၁၁ ရက်တွင် နယ်ခြားမှတ်တိုင် ၄၃ မှ ၄၄ အထိ မြေပြင်လှည့်ကင်းများ ဆောင်ရွက်ခဲ့ကြသည်။

ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် ၁၄ ကြိမ်၊ မတ်လတွင် ၇ ကြိမ်၊ မေလတွင် ၁၆ ကြိမ်၊ ဇွန်လတွင် ၃ ကြိမ် စုစုပေါင်း အကြိမ် ၄၀ နှင့် ရေကြောင်းကင်းလှည့်ခြင်းကိုလည်း နတ်မြစ်ကြောင်းအတိုင်း စုစုပေါင်း လေးကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ကုတ်မြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တံတားနှင့် နေအိမ်အချို့ပျက်စီး

**တောင်ကုတ် ဇွန် ၁၂**

တောင်ကုတ်မြို့နယ်အတွင်း ဇွန် ၉ ရက်မှစတင်ပြီး မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် တောင်ကျချောင်းရေများ စီးဆင်းကာ ဇွန် ၁၂ ရက်တွင် နတ်မော်-ကုလားရောင် လမ်းအပိုင်း၊ ပေါက်ပြင်ရွာအဝင်လမ်း တောင်ကုတ်-မအီလမ်းအပိုင်းနှင့် ပဒါကျေးရွာ ရွာချင်းဆက်တံတား၊ သဒ္ဒန်ကျေးရွာတွင် နေအိမ်သုံးလုံးနှင့် ဆားပြင်ကျေးရွာတွင် နေအိမ်တစ်လုံး ပျက်စီးသွားကြောင်း၊ တောင်ကုတ်-မအီလမ်းအပိုင်း မိုင်တိုင် ၁၂/၆ တရာဘကျေးရွာအနီးတွင် အမြင့် သုံးပေခန့် ရေကျော်လျက်ရှိပြီး ဆားပြင်ကျေးရွာအုပ်စု မိုင်တိုင်အမှတ် ၂၂/၄ ချိုင့်ကြီးကျေးရွာအနီးရှိ ပေ ၂၀ အရှည် ကွန်ကရစ်တံတား ထပ်မံပြိုကျပျက်စီး၍ ယာဉ်များသွားလာမှု ရပ်ဆိုင်းလျက်ရှိရာ ယာယီသွားလာနိုင်ရေးအတွက် လမ်းအထူးအဖွဲ့ ၁၈ မှ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## စစ်တွေမြို့၌ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အသိပညာပေး

**စစ်တွေ ဇွန် ၁၂**

To Improve the Safety and Health of Young Workers and to end Child Labour "လူရွယ်အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန်နှင့် ကလေးအလုပ်သမား အဆုံးသတ်ရေး"ဆောင်ပုဒ်ဖြင့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြည်နယ်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ရခိုင်ပြည်နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ ပြည်နယ်စစ်ဆေးရေးမှူး တာဝန်ခံ ဦးစီးအရာရှိ ဒေါ်နှင်းလဲ့ရည်၊ စစ်တွေခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်ထွန်းတို့က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ကလေးအလုပ်သမားဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာစံသတ်မှတ်ချက်နှင့် ပြဋ္ဌာန်းချက်များ လူရွယ်အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ စစ်တွေခရိုင်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများမှ လုပ်ငန်းပိုင်ရှင်များ၊ မန်နေဂျာများ၊ အလုပ်ရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## တောင်ကုတ်၌ လေဆင်နှာမောင်းတိုက်

**တောင်ကုတ် ဇွန် ၁၂**

တောင်ကုတ်မြို့နယ် မြို့တောင်ကျေးရွာအုပ်စု မြို့တောင်ကျေးရွာနှင့် နန်းရာကုန်းကျေးရွာတို့၌ ဇွန် ၁၁ ရက် နံနက် ၂ နာရီက လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အများပိုင်အဆောက်အအုံ ခုနစ်လုံးနှင့် နေအိမ် ၃၄ လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် မြို့တောင်ကျေးရွာတွင် နေသူ ဦးကျော်သန်းအေးမှာ ဦးခေါင်း အနည်းငယ် ထိခိုက်ဒဏ်ရာရရှိပြီး ဘုန်းတော်ကြီးကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ စာသင်ကျောင်းနှင့် ဝန်ထမ်းနေအိမ်တို့ အမိုးလန်၊ သစ်သားတန်းများ ပျက်စီးခဲ့ကာ နေအိမ်လေးလုံး ပြိုကျပျက်စီး၍ နေအိမ် ၁၁ လုံး အနည်းငယ်ပျက်စီးခဲ့သည်။ နန်းရာကုန်းကျေးရွာ တွင် ဓမ္မာရုံတစ်လုံး၊ ၁၅ ပေပတ်လည် သောက်ရေကန်အမိုးနှင့် သစ်သားတန်းများ ပျက်စီးခြင်းနှင့် လူနေအိမ်တစ်လုံး ပျက်စီးခဲ့ရာ စုစုပေါင်း ၄၁ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကုတ်မြို့ သိမ်တောင်ရပ်ကွက် ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## တောင်ကုတ်မြို့နယ်၌ အငှားစက်လှေတစ်စင်း နစ်မြုပ်၍ အမျိုးသားနှစ်ဦး ပျောက်ဆုံး

တောင်ကုတ် ဇွန် ၁၂

**တောင်ကုတ်မြို့ သဲဆိပ်မှ ခရီးသည်လေးဦး တင်ဆောင်၍ ပန်းတင်းကျွန်းသို့ ထွက်ခွာသွားသည့် အငှားစက်လှေတစ်စင်းသည် ကုလားရောင်မြစ်ကို ဖြတ်ကူးစဉ် လှိုင်းလေပြင်းထန်ကာ နစ်မြုပ်သွားခဲ့ပြီး စက်လှေမောင်းသူနှင့် ခရီးသည်တစ်ဦး ပျောက်ဆုံးလျက် ရှိကြောင်း သိရသည်။**

ဇွန် ၁၂ ရက် နံနက် ၁၀ နာရီတွင် တောင်ကုတ်မြို့ သဲဆိပ်ကမ်းမှ အငှားစက်လှေမောင်း ကိုတူးသည် ခရီးသည် အမျိုးသား လေးဦးကို တင်ဆောင်၍ ပန်းတင်းကျွန်းသို့ထွက်ခွာလာစဉ် ငတောက်တူပေါက်မှ ကညင်တိုင်းဘက်သို့ ကုလားရောင်မြစ်ကို ဖြတ်ကူးရာ ငတောက်တူပေါက်အနီး လှိုင်းလေပြင်းထန်ကာ မွန်းတည့် ၁၂ နာရီခန့်တွင် စက်လှေ နစ်မြုပ်သွားခဲ့သည်။

စက်လှေပေါ်တွင်ပါရှိသူ ငါးဦးအနက် ကိုညီလေး(ပန်းတင်း)၊ ကိုဝင်းဇော်(မှိုဟင်းတောရွာ)နှင့် ဖိုးသောကြာ(ငမုန်းတိုင်းရွာ)နေသူတို့မှာ ငတောက်တူပေါက်ကမ်းသို့ ပြန်လည်ကူးခတ်နိုင်ခဲ့ပြီး စက်လှေမောင်း ကိုတူးနှင့် ဦးမြင့်နိုင်(ဆိပ်ကမ်းသစ်)နေထိုင်သူတို့မှာ ကုလားရောင်မြစ်ထဲ ကူးခတ်မျောပါသွားသည်ဟု ကမ်းသို့ ပြန်လည်ကူးခတ်လာသူများ၏ ပြောပြချက်အရ သိရသည်။

စက်လှေနစ်မြုပ်ကြောင်း သတင်းအရ ပန်းတင်းကျွန်းမှ ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဟွန်ဒါစက်လှေ ခုနစ်စင်းဖြင့် ကုလားရောင်မြစ်ကြောတစ်လျှောက် မွန်းလွဲ ၁ နာရီခန့်မှ ညနေ ၆ နာရီကျော်ခန့်အထိ ရှာဖွေခဲ့ကြသော်လည်း ပျောက်ဆုံးနေသူ နှစ်ဦးအား ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိဘဲ ညဘက် ရာသီဥတုဆိုးရွားသဖြင့် ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများ ရပ်နားလိုက်ရပြီး နစ်မြုပ်သွားသည့် စက်လှေကို နစ်မြုပ်သည့်နေရာနှင့် ကိုက် ၁၀၀၀ ခန့်အကွာတွင် ပြန်လည်ဆယ်ယူနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လိုင်စင်မဲ့ဆိုင်ကယ်များကို ယာဉ်လိုင်စင်ပြုလုပ်ပေးသွားမည်

**မြစ်ကြီးနား ဇွန် ၁၂**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြစ်ကြီးနားမြို့၌ လိုင်စင်မဲ့ ဆိုင်ကယ်များကို ယာဉ်လိုင်စင် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လိုင်စင်မဲ့ဆိုင်ကယ်များ ယာဉ်လိုင်စင်ပြုလုပ်ပေးခြင်းကို ဇွန် ၁၈ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ သုံးလကြာ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး မြစ်ကြီးနားမြို့ ရှောရပ်ကွက်ရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ရုံးချိန်အတွင်း ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း မြစ်ကြီးနားမြို့အမှတ် ၉၈ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပျော်ဘွယ်မြို့နယ်၌ သံချေးတက် ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိ

**နေပြည်တော် ဇွန် ၁၂**

ပျော်ဘွယ်မြို့နယ် မယ်ဇလီအိုင့်ကျေးရွာ၌ ဇွန် ၁၁ ရက်က ယင်းကျေးရွာနေ ဇော်ဝင်း(၃၀ နှစ်)၏ နေအိမ်ခြံဝင်းအတွင်းရှိ ကျင်းတူး၍ထည့်ထားသော နွားချေးပုံကို ရောင်းချသဖြင့် ဇော်မြင့်ထူးက ဝယ်ယူ၍ နွားချေးပုံကိုသယ်ထုတ်စဉ် အနက် ၁၀ ပေ ခန့် အရောက်၌ အလျား တစ်ပေ၊ လုံးပတ် ၁၀ လက်မရှိ သံချေးတက်နေသော ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိသဖြင့် နယ်မြေခံတပ်မှ သိမ်းဆည်းသွားကြောင်း သိရသည်။

**ကိုရဲ**

## တောဆင်ရိုင်းနင်း၍ အမျိုးသားတစ်ဦးသေဆုံး

**ကရသူရိ ဇွန် ၁၂**

ကရသူရိမြို့ အမှတ်(၁) ရပ်ကွက်၌ နေထိုင်သော ဦးကျော်လှိုင် (၄၄ နှစ်) သည် အစ်ကိုဖြစ်သူ၏ ဥယျာဉ်ခြံ၌ ဇွန် ၁၁ ရက် ညနေပိုင်းက ခြံစောင့်၍အိပ်ပျော်နေစဉ် တောဆင်ရိုင်းနင်း၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကရသူရိမြို့အမှတ် (၁) ရပ်ကွက်တွင်နေထိုင်သော(ဘ)ဦးကြီးခင်၏ သားဖြစ်သူမှ ၎င်း၏ ဥယျာဉ်ခြံတွင် ခြံစောင့်နေသော ဦးလေးဖြစ်သူ ဦးကျော်လှိုင်သည် တောဆင်ရိုင်းနင်း၍ သေဆုံးနေကြောင်း လာရောက်သတင်းပေးပို့၍ ဇွန် ၁၂ ရက် နံနက် ၉ နာရီခွဲတွင် နယ်မြေရဲစခန်းမှ စခန်းမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဥယျာဉ်ခြံပိုင်ရှင်တို့နှင့်အတူ သွားရောက်စစ်ဆေးရာ ချောင်းရစ်ဖျာဆီအုန်းစခန်း အရှေ့ဘက်တောထဲရှိ အလျား ၁၆ ပေ၊ အနံ ၁၂ ပေခန့်ရှိ ခြံစောင့် ကျော်လှိုင်အိပ်နေသော ဝါးတဲကို တောဆင်ရိုင်းမှ ဝင်ရောက်ဖျက်ဆီးသဖြင့် ဦးကျော်လှိုင်မှာ ထွက်ပြေးစဉ် တဲနှင့် ၁၅ ပေခန့်အကွာ မြေပြင်ပေါ်၌ တောဆင်ရိုင်းမှနင်း၍ ခန္ဓာကိုယ်ဝဲဘက်ဆီးခုံတွင် ညိုမည်းဒဏ်ရာရရှိကာ အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးနေကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(ပြန်/ဆက်)**

## Facebook စာမျက်နှာတွင် မဟုတ်မမှန်ရေးသားဖော်ပြသူကို အရေးယူ

**နေပြည်တော် ဇွန် ၁၂**

**ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ Facebook စာမျက်နှာမှ မဟုတ်မမှန်သတင်းရေးသားသူအား ဖမ်းဆီးရမိခဲ့သည်။**

မြောက်ဦးမြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်သူရသည် ဇွန် ၁၁ ရက် ညနေ ၃ နာရီခွဲက စခန်း၌ ရှိနေစဉ် ဇွန် ၁၀ ရက်က Facebook စာမျက်နှာပေါ်တွင် Breaking News "မောင်တော ည ၁၀ နာရီ ၁၅ မိနစ်တွင် မောင်တော၌ အနည်းဆုံး ၁၀ ဦး သေဆုံး"၊ "ကုလားအကြမ်းဖက်သမားများ ကြီးကန်ပြင်အနီး လာရောက်တိုက်ခိုက်သည့်အတွက် အပြန်အလှန် ပစ်ခတ်သံများ ဆူညံနေ -----"၊ "လတ်တလောသိရှိမှုအရ အနည်းဆုံး ၁၀ ဦး သေဆုံး၊ အကြောင်းစုံ ထပ်မံတင်ပြပါမည်"၊ "မောင်တော အင်းဒင်စခန်းကို အကြမ်းဖက်သမားများ လာရောက်ပစ်ခတ်၊ အနည်းဆုံးရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံး"၊ "ရည်းစားနဲ့ရန်ဖြစ်လို့ တင်ချင်တာတင်တယ်၊ အကောင့် ဖျက်တော့မှာမို့ အမှတ်တရပေါ့" ဟု စသည်ဖြင့် မဟုတ်မမှန်သတင်းများအား ဓာတ်ပုံနှင့်တကွ Myat Thu Tun Account ဖြင့် ရေးသားတင်လွှင့်ထားကြောင်း တွေ့ရှိရသည့်အတွက် အကောင့်ပိုင်ရှင်အား စုံစမ်းရာ ရေးသားတင်လွှင့်သူ အကောင့်ပိုင်ရှင်မှာ မြောက်ဦးမြို့ လက်ကောက်ဈေးရပ်ကွက်နေ ဖိုးသီဟ (ခ)မြတ်သူထွန်း (၃၄ နှစ်) ဖြစ်ကြောင်း သိရ၍ Facebook Account ဖြင့် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန်နှင့် ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးအဖွဲ့အစည်းများ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ပြီး မဟုတ်မမှန်သတင်းများကို ဓာတ်ပုံနှင့်တကွ ရေးသားလွှင့်တင်ခဲ့သူ ဖိုးသီဟ(ခ) မြတ်သူထွန်းအား အရေးယူပေးရန် တိုင်တန်းချက်အရ မြောက်ဦးမြို့မရဲစခန်းက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## ချမ်းမြသာစည်၌ ဆင်သားရေနှင့် တောရိုင်းတိရစ္ဆာန်ပစ္စည်းများ ဖမ်းဆီးရမိမှုမှ ဆက်လက်ရှာဖွေရာ ပြောင်ချိုနှင့် သမင်ချိုများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲဦးစီးဌာနကြီး မှုခင်းဌာနမှ ရဲအုပ် သက်အောင်စိုး၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မန္တလေးခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦး တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇွန် ၉ ရက် ညနေ ၄ နာရီ ၃၀ မိနစ်က သတင်းအရ ချမ်းမြသာစည်မြို့နယ် မြို့သစ် ၃ ရပ်ကွက် ဇလပ်ဝါလမ်းနှင့် ဒေလီယာလမ်းကြားရှိ ဦးခင်မောင်ဝင်း (ခ) ဦးစတီး(၄၃ နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်မြေအောက်ခန်းအတွင်းမှ ဆင်သားရေခြောက်ပိဿာ၊ သမင်ချို ၂၂ အိတ် (၄၀၈ ဒသမ ၅ ပိဿာ)၊ ပြောင်ချို ၂၂ အိတ် (၄၃၂ ဒသမ ၉၃ ပိဿာ)၊ သမင်၊ ဆတ်ချို ၁၄၇ စုံ (၂၅၇ ဒသမ ၈၈ ပိဿာ)၊ တောင်ဆိတ်ချို ၃၃ စုံ (၇ ဒသမ ၆ ပိဿာ)၊ ကြောင်သားရေလေးခု (၁ ဒသမ ၁၃ ပိဿာ)၊ ကျီသားရေ (၁ ဒသမ ၀၉ ပိဿာ)၊ မြွေအရေခွံတစ်ခု (၀ ဒသမ ၉ ပိဿာ)နှင့် တိရစ္ဆာန်ခေါင်းမျိုးစုံ ၁၀ လုံး(၄ ဒသမ ၉၆ ပိဿာ)တို့ တွေ့ရှိခဲ့သည်။ ၎င်းမှ ဆင်သားရေများအား အကောက်ခွန်ဦးစီးဌာနမှ တရားဝင်လေလံဖြင့် ဝယ်ယူထားကြောင်း ပြောဆိုခဲ့ပြီး ည ၁၁ နာရီ ၃၅ မိနစ်တွင် ဆင်သားရေများနှင့် ပတ်သက်၍ စာရွက်စာတမ်းများ ပြသနိုင်ခြင်းမရှိသဖြင့် ဝှက်သိမ်းထားသူ ဦးခင်မောင်ဝင်း(ခ)ဦးစတီး ကို အမှတ်(၁၁)နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့သည်။

ဇွန် ၁၁ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦး ဦးစီးသည့်အဖွဲ့၊ မဟာအောင်မြေ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဝင်းဇော်တို့ပါ ပူးပေါင်းအဖွဲ့သည် ဦးခင်မောင်ဝင်း(ခ) ဦးစတီး၏ နေအိမ်ကို ထပ်မံဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ် အိပ်ခန်း နံကပ်ဗီရိုအပေါ်ထပ်၌ ငွေကျပ် ၉၄၃ သိန်း၊ နံရံတွင်ချိတ်ဆွဲထားသည့် ပြောင်ချို သုံးခု၊ သမင်ချို ခုနစ်ခုနှင့် ဆတ်ချို ၂၈ ခုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ဆက်လက်အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ကိုရဲ**

## မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ လူသတ်မှုမှ ပြစ်မှုကျူးလွန်သူများကို ၂၄ နာရီအတွင်း ဖမ်းမိ

ရန်ကုန် ဇွန် ၁၂

**မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရွှေနံ့သာကျေးရွာ နှင်းဆီလမ်းမပေါ်တွင် ဇွန် ၁၁ ရက် ညနေ ၃ နာရီခန့်က ဓားဒဏ်ရာများဖြင့် အမျိုးသားတစ်ဦးကို သေဆုံးအောင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်သူများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က သက်သေခံပစ္စည်းများနှင့်အတူ ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။**

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၃ နာရီတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရွှေနံ့သာကျေးရွာ နှင်းဆီလမ်းမပေါ်တွင် အမည်နှင့် နေရပ်လိပ်စာ (စိစစ်ဆဲ) အသက် (၂၅ နှစ်)ခန့်ရှိ အမျိုးသားမှာ ယာဘက် ရင်ညွန့် လက်မဝက်ခန့် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဦးခေါင်းငယ်ထိပ်ဘေး တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာတစ်ချက်၊ အပေါ်နှုတ်ခမ်းအထက် ယာဘက် တစ်လက်မခန့် ပြတ်ရှဒဏ်ရာ တစ်ချက်တို့ဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရ၍ ထောက်ကြန့်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

သေဆုံးသူအား မည်သူ၊ မည်ဝါဖြစ်ကြောင်း သိရှိနိုင်ရေးအတွက် Yangon Police Facebook လူမှုကွန်ရက်စာမျက်နှာတွင် ကူညီသတင်းပေးနိုင်ရေးဖော်ပြခဲ့ရာ ယင်းနေ့ ည ၁၁ နာရီတွင် သေဆုံးသူ၏ ဇနီးဖြစ်သူက သေဆုံးသူမှာ ၎င်း၏ခင်ပွန်း ကိုသီဟကျော် (ခ)ဖိုးသာထူး ဖြစ်ကြောင်း အတည်ပြု သိရှိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက အမှုမှန်အမြန်ပေါ်ပေါက်ရေးအတွက် အထူးအမှုစစ်အဖွဲ့အားဖွဲ့စည်းပြီး စစ်ဆေးခဲ့ရာ အခင်းဖြစ်နေရာအနီး၌ အရှိုး၊ အသွား ရှစ်လက်မခန့်ရှိ စတီး တူချွန်တစ်ချောင်း တွေ့ရှိရပြီး အဆိုပါ လက်နက်ကို အသုံးပြုတတ်သူများမှာ လွန်ခဲ့သော သုံးလခန့်က လုယက်မှုဖြင့် ထောင်မှလွတ်လာသူ ရဲနိုင်လင်း(ခ)ကရင်၊ နိုင်လင်းထွန်း၊ ဖိုးလပြည့်(ခ)လပြည့်တို့ ဖြစ်ပြီး ၎င်းတို့သုံးဦးမှာ ယင်းစတီးတူအား ချွန်ထားသည့် ပိုက်ချွန်လက်နက်ကို ကိုင်ဆောင် သွားလာတတ်ကြောင်း သတင်းအစရရှိခဲ့သည်။ ရရှိသည့် သတင်းစအပေါ်အခြေခံ၍ ရဲတပ်ဖွဲ့ဝင်များက ၎င်းတို့သုံးဦးကို ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ခဲ့ရာ ဇွန် ၁၂ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာ အုပ်စု ပုလဲ (၂)ရပ်ကွက် ဂန္ဓမာလမ်းရှိ လက်ဖက်ရည်ဆိုင်၌ ဖိုးလပြည့်(ခ)လပြည့် (၂၇ နှစ်)၊ ရဲနိုင်လင်း (ခ)ကရင်(၂၄ နှစ်) နှင့် နိုင်လင်းထွန်း (၂၁ နှစ်) တို့ သုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများကို စစ်ဆေးရာ ဇွန် ၁၁ ရက်က ဖိုးလပြည့်(ခ)လပြည့်က ဆိုင်ကယ်ဝယ်ရန် ငွေလိုကြောင်း ပြောသဖြင့် ၎င်းတို့သုံးဦး ဆိုင်ကယ်လုယက်ရန် တိုင်ပင်ခဲ့ကြကြောင်း၊ လေးထောင့်ကန် (၃)လမ်းနေ သန်းဇော်ဝင်းထံမှ Canda CZI -125 ဆိုင်ကယ်ကို ငွေကျပ် ၅၀၀၀ ဖြင့် ငှားရမ်းမောင်းနှင်ခဲ့ပြီး ကျိုက္ကလဲ့ဘုရားရှေ့ ဆိုင်ကယ်ကယ်ရီဂိတ်သို့ ရောက်ရှိခဲ့ရာ ဖိုးလပြည့်(ခ) လပြည့်က သေဆုံးသူ၏ ဆိုင်ကယ်အား ငွေကျပ် ၃၀၀၀ ဖြင့် တိုက်ဂါးဘီယာစက်ရုံဘက်သို့ လိုက်ပို့ပေးရန် ငှားရမ်းခဲ့ကြောင်း၊ ၎င်းဆိုင်ကယ်နောက်မှ နိုင်လင်းထွန်းနှင့် ရဲနိုင်လင်း(ခ) ကရင်တို့က ငှားရမ်းစီးလာသည့် ဆိုင်ကယ်ဖြင့် လိုက်ခဲ့ကြောင်း၊ ရွှေနံ့သာကျေးရွာရှိ လူပြတ်သည့် လမ်းကြားအရောက်တွင် နိုင်လင်းထွန်းနှင့် ရဲနိုင်လင်းတို့ နှစ်ဦး ရောက်ရှိလာပြီး ဆိုင်ကယ်အား လုယူကာ နိုင်လင်းထွန်းက စတီးရိုးတပ် ကတ်ကြေးတစ်ဖက်ချွန်ဖြင့် ထိုးခဲ့ပြီး သေဆုံးသူ၏ Honda wave-125 ဆိုင်ကယ်ကို လုယူကာ ရဲနိုင်လင်း(ခ) ကရင်၏ နေအိမ်နောက်ဘက်တွင် ဝှက်သိမ်းထားကြောင်း စစ်ဆေးပေါ်ပေါက်သည်။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိပြီး ၎င်းတို့သုံးဦးကို အခြားလူသတ်ပြီး လုယက်မှုများ ကျူးလွန်ထားခြင်း ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**ပြစ်မှုကျူးလွန်သူများဖြစ်သည့် နိုင်လင်းထွန်း၊ ဖိုးလပြည့်၊ ရဲနိုင်လင်း တို့နှင့် သက်သေခံပစ္စည်းများ။**

## အခကြေးငွေပေး၍ လူသတ်ရန်စေခိုင်းသူနှင့် လူသတ်မှုကျူးလွန်သူတို့ကို အရေးယူထား

**နေပြည်တော် ဇွန် ၁၂**

ကျောက်ဆည်၌ အခကြေးငွေပေး၍ လူသတ်ရန်စေခိုင်းသူနှင့် လူသတ်မှုကျူးလွန်သူတို့အား ဖမ်းဆီးရမိခဲ့သည်။

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်နေ ဇော်ထွေးနိုင် (၄၁ နှစ်) သည် ၂၂-၁၁-၂၀၁၆ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကံဦးရပ်ကွက်နေ အစ်ကိုဖြစ်သူ ဇော်ဝင်းနိုင်(၄၄ နှစ်)၏ နယူးလိုက် အီလက်ထရောနစ်ပစ္စည်းအရောင်းဆိုင်၌ တူဖြစ်သူ ဝေယံဦး၊ ဆိုင်အလုပ်သမား အောင်လွင်ဦးတို့နှင့်အတူရှိနေစဉ် အစ်ကိုဖြစ်သူ ဇော်ဝင်းနိုင်သည် လက်ပြတိုင်အနီးရှိ "ရွှေနေ" ကွမ်းယာဆိုင်သို့ ကွမ်းယာသွားဝယ်မည်ဟုပြောဆိုကာ ထွက်သွားခဲ့ပြီး ခဏအကြာ ဇော်ဝင်းနိုင်မှာ ဓားဖြင့်ခုတ်ခံရကြောင်း ကြားသိရ၍ သွားရောက်ကြည့်ရှုခဲ့ရာ ဇော်ဝင်းနိုင်အား ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးက ဓားဖြင့် ထိုး၊ ခုတ်ခဲ့သောကြောင့် ကွမ်းယာဆိုင်ရှေ့ပလက်ဖောင်းပေါ်တွင် ပြတ်ရှထိုးသွင်း ဒဏ်ရာများရရှိကာ လဲကျနေသည်ကို တွေ့ရှိရ၍ ကျောက်ဆည်ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ကြောင်း၊ ထို့နောက် ဆေးကုသမှုခံယူနေစဉ် ဇော်ဝင်းနိုင်မှာ သေဆုံးသွားခဲ့သဖြင့် ကျောက်ဆည်မြို့မရဲစခန်းက အမှုဖွင့်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးချက်များအရ မသင်္ကာသူ မန်းသန်း(ခ)သန်းဝင်းကို ဖမ်းဆီးခဲ့ပြီး မန်းသန်း(ခ)သန်းဝင်း၏ ထွက်ဆိုချက်များအရ အီဘား(ခ) ဇော်ငြိမ်းချမ်းက ၎င်းအား ငွေကျပ်သိန်း ၈၀ ဖြင့် ဇော်ဝင်းနိုင်ကို သတ်ရန် စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၁၁-၆-၂၀၁၈ ရက်နေ့တွင် မန်းသန်း(ခ)သန်းဝင်းနှင့် အီဘား(ခ)ဇော်ငြိမ်းချမ်းတို့ကို ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တွေ့ဆုံ

**ရန်ကုန် ဇွန် ၁၂**

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ကွန်ဂရက်တက်ရောက်ရန် ရုရှားနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရှိတ်ဆော်လမန်နှင့် တွေ့ဆုံခဲ့သည်။



ယင်းသို့တွေ့ဆုံရာတွင် အာရှဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် ပံ့ပိုးကူညီနိုင်မည့် အစီအစဉ်များအား ဆွေးနွေးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အမေရိကန်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ကားလိုစ် ကော်ဒရီယိုနှင့်လည်း တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်အတွင်း ကောင်းမွန်သည့် ဆက်ဆံရေးထားရှိရေး လိုအပ်သည့်အကူအညီများ အပြန်အလှန်ပံ့ပိုးရေး ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ရုရှားနိုင်ငံသို့ ရောက်ရှိနေစဉ်ကာလအတွင်း ဖီဖာဥက္ကဋ္ဌအပါအဝင် ကမ္ဘာ့ဘောလုံးလောကမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**




# ရိုးရာလက်ဝှေ့ဗိုလ်လုပွဲစဉ် သွေးသစ်မောင်(ရန်ကုန်)က ဝါလု(ကရင်)ကို အမှတ်ဖြင့်အနိုင်ယူ

**ရန်ကုန် ဇွန် ၁၂**

မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ကျင်းပသော (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာ လက်ဝှေ့ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်များကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာ လက်ဝှေ့အားကစားရုံ၌ ကျင်းပရာ (ခ)အဆင့် ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် သွေးသစ်မောင်(ရန်ကုန်)က ဝါလု(ကရင်) ကို လေးချီပြည့် ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အမှတ်ဖြင့် အနိုင်ယူကာ ဗိုလ်စွဲခဲ့သည်။



သွေးသစ်မောင်(ရန်ကုန်)နှင့် ဝါလု(ကရင်)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သော (ဂ) အဆင့် ၆၀ ကီလို နောက်ဆုံးဗိုလ်လုပွဲတွင် ဝေလင်းအောင် (စစ်ကိုင်း)က စောအက်စီး (ကရင်)ကို ပထမအချီမှာပင် အလဲထိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ပြီး (ဂ) အဆင့် ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် စောလှမင်း(ကရင်)က စောဂေါ်ထူး (မန္တလေး)ကို အမှတ်ဖြင့် အနိုင်ရခဲ့သည်။ အလားတူ (ဂ) အဆင့် ၆၇ ကီလိုတန်း ပြိုင်ပွဲတွင် အောင်ခိုင်စိုး(မွန်) က အောင်မင်းသူ(ကရင်) ကို အမှတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး (ဂ) အဆင့် ၇၁ ကီလိုဖိုင်နယ်တွင် နိုင်ရဲလင်း (မွန်)နှင့် မျိုးမင်းထွန်း(စစ်ကိုင်း)တို့ပွဲ၌ မျိုးမင်းထွန်း ဒဏ်ရာအနာတရရရှိ၍ လာရောက်ယှဉ်ပြိုင်ခြင်းမရှိသဖြင့် နိုင်ရဲလင်း (မွန်)က ချန်ပီယံဖြစ်သွားခဲ့သည်။

အမျိုးသား အကြီးတန်းအဆင့် အထူးပွဲတွင် စိုးမောင်ဦး (မန္တလေး)က မင်းခန့်ထယ်(ရခိုင်)ကို ဒုတိယအချီမှာပင် အလဲထိုးဖြင့်နိုင်ခဲ့ပြီး (ခ)အဆင့် ၄၈ ကီလိုတန်းပြိုင်ပွဲတွင် အောင်ကိုဇင် (ကရင်)က ဗိုလ်မင်းဟိန်း (မန္တလေး)ကို ဒုတိယအချီတွင် အလဲထိုးဖြင့်အနိုင်ရခဲ့ကာဗိုလ်စွဲခဲ့ပြီး (ခ)အဆင့် ၅၁ ကီလိုတန်းတွင် ကျော်အဲဗညား(ကရင်)က မောင်ငြိမ်း (မန္တလေး) ကို တတိယအချီ ၁ မိနစ် ၃၀ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရကာ အသီးသီးဗိုလ်စွဲခဲ့သည်။ ထို့နောက် (ခ)အဆင့် ၅၄ ကီလိုဗိုလ်လုပွဲတွင် စောလှမင်း(ကရင်)က ဖိုက်တာ (ရန်ကုန်)ကို ဒုတိယအချီတွင် အလဲထိုးဖြင့် အနိုင်ယူပြီး (ခ) အဆင့် ၅၇ ကီလိုဖိုင်နယ်ပွဲတွင် စောသားငယ်(ကရင်)က လှမြင့်(မွန်)ကို အမှတ်ဖြင့်နိုင်ကာ ရွှေတံဆိပ်ကို ဆွတ်ခူးသွားသည်။ (ခ) အဆင့် ၆၀ ကီလိုဖိုင်နယ်ပွဲစဉ်တွင် စောဘဟိန်း(ကရင်)က ထယ်ကြီး (ရန်ကုန်) ကို ပထမအချီ ၂ မိနစ် ၁၉ စက္ကန့်မှာပင် အလဲထိုးဖြင့်နိုင်ခဲ့ပြီး (ခ) အဆင့် ၆၃ ဒသမ ၅ ကီလိုဗိုလ်လုပွဲတွင် သွေးသစ်မောင်(ရန်ကုန်)က ဝါလု(ကရင်)ကို အမှတ်ဖြင့်အနိုင်ရကာ ရွှေတံဆိပ်ဆွတ်ခူးသွားသည်။

တစ်ဖန် ၆၇ ကီလို လေးချီ နောက်ဆုံးအဆင့် ဖိုင်နယ်တွင် အောင်ဟိန်း (ကရင်)က နိုင်ဗိုလ်လင်း( မန္တလေး)ကို ပထမအချီ ၁၁ စက္ကန့်မှာပင် အလဲထိုးနိုင်ခဲ့ပြီး (ခ)အဆင့် ၇၁ ကီလိုလေးချီပြိုင်ပွဲတွင် စွမ်းဇာနည်(ကရင်)က ရွှေဝင်း (ရန်ကုန်)ကို အမှတ်ဖြင့် အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲကြေညာအပြီးတွင် ဒိုင်များ အမှတ်ပေးမှုအပေါ် မျှတမှုမရှိကြောင်း ပရိသတ်များက အော်ဟစ်ဝေဖန်ခဲ့ကြပြီး တချို့ရိုးရာလက်ဝှေ့ချစ် ပရိသတ်များသည် ပြိုင်ပွဲသို့ ဆက်လက်မကြည့်ရှုတော့ဘဲ ထပြန်သွားသည်အထိ ဖြစ်ခဲ့သည်။

ယနေ့ (၁၆) ကြိမ်မြောက် ကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အမျိုးသမီး ၆၃ ဒသမ ၅ ကီလိုတန်းတွင် မှုအဲသို (ကရင်)က နန်းဆိုင်လောင်(ရှမ်း)ကို အမှတ်ဖြင့်နိုင်ကာ ဗိုလ်စွဲခဲ့သော်လည်း ယင်းပွဲအရှုံး၊ အနိုင်အမှတ်ပေးမှုအပေါ် ရိုးရာလက်ဝှေ့ချစ်ပရိသတ်အချို့ဝေဖန်မှုများရှိခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# အိုလံပစ်နေ့အထိမ်းအမှတ် အမြန်စစ်တုရင်ပြိုင်ပွဲတွင် နေမိုး ပထမဆုရ

**ရန်ကုန် ဇွန် ၁၂**




အိုလံပစ်နေ့အထိမ်းအမှတ် အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲကို ဇွန် ၁၁ ရက်နှင့် ၁၂ ရက်က ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်၌ ပြိုင်ပွဲဝင်စစ်တုရင်ကစားသမား ၅၄ ဦး ယှဉ်ပြိုင်ခဲ့ရာ နေမိုးက မျိုးထွဋ်အောင်ကို ၆ မှတ်ခွဲ၊ ၇ မှတ်ခွဲဖြင့် အနိုင်ရရှိကာ ပထမဆုရရှိသွားသည်။

အဆိုပါပြိုင်ပွဲတွင် ပထမ နေမိုး၊ ဒုတိယ ဝင်းထွန်းဦး၊ တတိယ နေလင်းအောင်၊ စတုတ္ထ အောင်ဇော်ဝင်းထိုက်၊ ပဉ္စမ ကျော်ဇေယျလင်းတို့အား အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးဗလကျော်သူ၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ငွေသားဆုများနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

"ကျွန်တော် အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲကို အခုမှကစားတာပါ၊ အရင်က အနေးစစ်တုရင်ပဲ ကစားတာဖြစ်ပါတယ်၊ နောက်ဆုံးပွဲမှာ နေရှယ်နယ်ကစားသမား မျိုးထွဋ်အောင်နဲ့ တူးတူးတို့ကို နိုင်ခဲ့တာပါ၊ မနှစ်က မန္တလေးမှာ သက်ကြီးအနေးစစ်တုရင်ပြိုင်ပွဲမှာ ပထမဆုရရှိခဲ့ဖူးပါတယ်"ဟု ပထမဆုရ နေမိုးက ပြောသည်။

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်သည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (ASEAN University Games) ပါဝင်ယှဉ်ပြိုင်ရန် တက္ကသိုလ်ကျောင်းသား ငါးဦး၊ ကျောင်းသူငါးဦးတို့သည် ဇွန်လမှစ၍ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်

# ဘောလုံးချစ်ပြည်သူတို့အတွက် အမ်ပီတီမှ အထူးအစီအစဉ်

**ရန်ကုန် ဇွန် ၁၂**

ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များနှင့် ပြည်တွင်းပွဲစဉ်များကို အစဉ်အားပေးကြည့်ရှုနေကြသော အားကစားဝါသနာရှင်ပြည်သူတို့အတွက် အမ်ပီတီမှ ဘောလုံးစတားအပလီကေးရှင်း အသုံးပြုသူများကို ကေအိုင်အေ ကားအသစ်တစ်စီးအား မဲဖောက်ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း ဇွန် ၁၂ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ အမ်ပီတီရုံးချုပ်တွင် ကျင်းပသော ဘောလုံးချစ်သူများအတွက် အထူးပရိုမိုးရှင်းအစီအစဉ် မိတ်ဆက်ပွဲအခမ်းအနားမှ သိရသည်။

အမ်ပီတီဘောလုံးစတား အပလီကေးရှင်း ယူဆောင်အသုံးပြုသူများ အားရကျေနပ်သောတုံ့ပြန်မှုကို သိရှိရ၍ ဝမ်းသာကြောင်းနှင့် အားကစားကဏ္ဍတစ်ခုတည်းမဟုတ်ဘဲ ပြည်သူအကျိုးရှိစေမည့် ပညာရေး၊ ကျန်းမာရေးနှင့် ရေရှားပါးသောဒေသတို့တွင် ရေရရှိရန် လှူဒါန်းခွင့်ရ၍ အမ်ပီတီအနေဖြင့် ဂုဏ်ယူရပါကြောင်း၊ ကမ္ဘာ့ဖလားပွဲစဉ်များနှင့် ပြည်တွင်းပွဲစဉ်များကို ကြည့်ရှုအားပေးနေကြသောပြည်သူတို့အတွက် ဘောလုံးစတားအပလီကေးရှင်းကိုရယူ၍ ကံစမ်းမဲအစီအစဉ်ဖြင့် ကေအိုင်အေ ကားသစ်တစ်စီးကို ရရှိပိုင်နိုင်ပါစေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းစီးပွားရေးဌာနမှ ဒုတိယအရာရှိချုပ် ဦးသိန်းဟုပ်က ပြောကြားသည်။

နိုင်ငံတကာဘောလုံးသတင်းစုံလင်စွာပါရှိသောဘောလုံးစတား အပလီကေးရှင်းဖြင့် တစ်နေရာတည်းတွင် ကြည့်ရှုနိုင်ပြီး သတင်း၊ ဂိုးရလဒ်၊ လိဂ်ပြိုင်ပွဲများ၊ခန့်မှန်းပြိုင်ပွဲများနှင့် ရှော့ဗီဒီယိုများလည်းပါပြီး အမ်ပီတီဖုန်းနံပါတ်ဖြင့်အခမဲ့ဒေါင်းလုတ်ရယူကာ အင်စတောဆွဲယူပြီး လိုတရဝက်ဘ်ဆိုက်တွင်လည်းကြည့်ရှုနိုင်ကြောင်း၊ ယင်းဝက်ဘ်ဆိုက်မှလည်း ဘောလုံးစတားအပလီကေးရှင်းကို တိုက်ရိုက်ရယူနိုင်ပြီး ဂူဂဲလ်ပလေးစတိုးတွင်လည်း ဘောလုံးစတားအပလီကေးရှင်းဖြင့်လည်း ကြည့်ရှုနိုင်ကြောင်းနှင့် ပထမဆုံးအသုံးပြုသူများအနေဖြင့် တစ်ပတ်စာအခမဲ့ အသုံးပြုနိုင်ပြီး ကျန်ရက်များတွင် တစ်ရက် ၁၀၅ ကျပ်ဖြင့် ဝန်ဆောင်မှုစတင်ကာ အသုံးပြုသော ပြည်သူများအတွက် ဆုမဲရရှိရန် ဇွန် ၁၂ ရက်မှ ဩဂုတ် ၁၂ ရက်ထိ သတ်မှတ်ထားပြီး ၂၀ ရက်အထက် အသုံးပြုသူများကို ဒီဂျစ်တယ်စနစ်ဖြင့် စတင်ရွေးချယ်လျက် ရွေးချယ်ပြီးသော လူဦးရေတစ်ထောင်အား ကံစမ်းမဲနှိုက်ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




**သတင်း-သန်းထိုက်**
**ဓာတ်ပုံ-သန်းစိုး**

# ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်ရေးနေ့ ပျဉ်းမနား၌ ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ် ၂ လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကလေးအလုပ်သမားအဆုံးသတ်ရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ကလေး အလုပ်သမားနှင့် ပတ်သက်သည့် နိုင်ငံတွင်း ဥပဒေမူဘောင်များနှင့် ပတ်သက်၍လည်းကောင်း၊ ရှင်းလင်းပြောကြားကြသည်။ **သတင်းစဉ်**

# ပြည်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

မူးယစ်တပ်ဖွဲ့စု ၃၇ ပြည်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက် ညနေ ၆ နာရီခွဲက ပြည်မြို့ ရွှေတံခါးရပ်ကွက် အပိုင်း ၄/၄ လမ်းနေ သော်ကြီး(ခ)သော်ဇင်အောင်၏နေအိမ်ကို ရှာဖွေရာ သော်ကြီး(ခ)သော်ဇင်အောင်၊ လွင်မြတ်သူ၊ နိုင်းဝေယံ၊ ထွန်းမင်းဦး၊ မျိုးကိုကိုအောင်နှင့် မဖြိုးသဇင်ထက်တို့အားတွေ့ရှိပြီး လွင်မြတ်သူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆ ပြား၊ နိုင်းဝေယံထံမှ စိတ်ကြွရူးသွပ်ဆေးပြား တစ်ပြား၊ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၉၃ ပြားတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်ရိုက်တာသတင်းထောက်အမှု ယနေ့ရုံးချိန်းစစ်ဆေးမှုမပြုနိုင်

**ရန်ကုန် ဇွန် ၁၂**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များအက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက်ရိုက်တာသတင်းဌာနမှသတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင်တို့ကို ယနေ့နံနက် ၁၀နာရီက မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ခဲ့သော်လည်း အမှုအတွက် ချိန်းဆိုထားပြီး တရားလိုပြသက်သေမှာ ခွင့်တောင်းခံထားကြောင်း အမှုလိုက်ဥပဒေအရာရှိက တင်ပြလျှောက်ထားလာသည်ကို ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က လက်ခံခွင့်ပြု၍ ယနေ့ရုံးချိန်းတွင် စစ်ဆေးမှုပြုလုပ်နိုင်ခြင်းမရှိကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး သတင်းနှင့်ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ကျွန်မတို့ မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှု အမှတ်-၄ တရားလိုရဲမှူးကြီး ယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံးပါ-၂ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များအက်ဥပဒေ ပုဒ်မ ၃(၁)(ဂ)အရ စွဲဆိုမှုကနေ ဒီကနေ့ ရဲအရာရှိ ဒုတိယရဲမှူး တင်ဝင်းမောင်ကို သက်သေအဖြစ် စစ်ဆေးဖို့ ခေါ်ထားတယ်၊ ရုံးရှေ့ရောက်လာခြင်းမရှိတဲ့အတွက် အမှုလိုက်ဥပဒေ အရာရှိက မလာရောက်နိုင်တဲ့ အခြေအနေအပေါ် ဆီလျော်သော အကြောင်းပြချက်ဖြင့် ခွင့်ကိစ္စတင်ပြလာတဲ့အတွက် စစ်ဆေးမှုပြုလုပ်နိုင်ခြင်းမရှိလို့ ဇွန် ၁၈ ရက် (တနင်္လာနေ့)မှာ ခုခေါ်ဆိုထားတဲ့ သက်သေကိုပဲ ထပ်မံစစ်ဆေးမယ်လို့ ပြန်လည်ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

မီဒီယာများမေးမြန်းသည့်အပေါ် ပြောကြားရာ၌ "ဒီကနေ့ ဒီအမှုက တရားလိုပြသက်သေ ၂၅ ဦး တင်ပြထားရာမှာ ဒီကနေ့ထိ တရားလိုပြသက်သေ ၂၁ ဦး စစ်ဆေးပြီးဖြစ်တယ်၊ ရုံးချိန်းပေါင်း ၂၆ ချိန်းမှာ အရင်ရုံးချိန်းတုန်းက တရားလိုပြသက်သေဖြစ်တဲ့ မင်္ဂလာဒုံမြို့နယ် တွဲဖက်တရားသူကြီး ဦးဇေယျာညီညီလတ်ကို သက်သေအဖြစ်က ပယ်ထားတယ်၊ အဲဒီတရားသူကြီး ရှေ့မှောက်ကြိုတင်ထွက်ချက်ပေးထားတဲ့အတွက်ပါ၊ ဒီနေ့တော့ ကျော်စိုးဦး တည်းခိုခဲ့တဲ့ ဟိုတယ်မှာ ရှာဖွေသက်သေအဖြစ်ပါရှိတဲ့ သက်သေ ဦးသန်းဝင်းကို ဥပဒေအရာရှိက ပယ်လိုက်တာပါ၊ စစ်ဆေးပြီး သက်သေ ၂၁ ဦးရှိပြီး ပယ်လိုက်တဲ့သက်သေနှစ်ဦးဆိုတော့ ကျန်သက်သေနှစ်ဦးသာ ကျန်တော့တယ်၊ အဲဒီသက်သေဟာ ရဲတပ်ကြပ်ကြီး ခင်မောင်လင်းနဲ့ ဒုတိယရဲမှူး တင်ဝင်းမောင်တို့ နှစ်ဦးပါ"ဟု သတင်းနှင့်ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက ထပ်မံရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကော့ကရိတ်မြို့တွင် ရွှေဆိုင်အနုကြမ်းစီးကာ သေနတ်ဖြင့်ပစ်ခတ်ခဲ့သူအား ဖမ်းမိ

**ကော့ကရိတ် ဇွန် ၁၂**

ကော့ကရိတ်မြို့ရှိ ဖြူစင်သန့် ရွှေဆိုင်အား ဝင်ရောက်အနုကြမ်းစီးပြီး ပိုင်ရှင်အား သေနတ်ဖြင့်ပစ်ခတ်ခဲ့မှု ဇွန် ၁၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ် ကျူးလွန်သူအား ဥပဒေအရ ဖမ်းဆီးအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးရာပြစ်မှုကျူးလွန်သူ ကော့ကရိတ်မြို့နယ် ဆိပ်ဖူးကုန်းကျေးရွာနေ အလား(ခ)ကျင်ဦး(ခ)ဆိပ်ဖူးကုန်း(ခ)အောင်ကျင်သိန်းအား ၃၆ နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ အလား(ခ)ကျင်ဦး(ခ) ဆိပ်ဖူးကုန်း (ခ) အောင်ကျင်သိန်းအား ဥပဒေအရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၁ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၂၈ စီး၊ သွင်းကုန် ၉၆၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် အစီး ၁၆၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၈၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှတားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၉ သန်းခန့် စုစုပေါင်း တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂၇ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားသည့် ဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းအား ဖြတ်သန်းမည့် ခရီးသည်တင်ယာဉ်နှစ်စီးနှင့်ရှောင်ကွင်းလမ်းများသို့ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Golf ပစ္စည်းများဖြစ်သည့် Driver /Wood (20U)၊ Iron(121U)၊ Putter(15U)၊ Golf Bags (14 Bags) နှင့် Refined Suger (1×50Kg)(110 Bags)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၉သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃ - ၆ - ၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၅၉)**
၉:၅၀ - ကြယ်ပွင့်များရဲ့ ရင်ခုန်သံ အကယ်ဒမီခန့်စည်သူ
၁၁:၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **စိန်ယောက်မ**
၁၃:၁၀ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III) (ပွဲစဉ်-၁) (နေပြည်တော်) (ပထမပိုင်း)
၁၅:၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **မကြွေတဲ့နှင်းဆီ** အပိုင်း(၄၀)

**ညပိုင်း**

၁၆:၃၅ - **မျှော်လင့်ခြင်းရောင်ခြည်(၂)**
၁၆:၅၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **ကျွန်တော်တို့ချစ်သော**
၁၇:၀၅ - **အနုပညာခန်းရိပ်သာ** သတင်းစာဆရာ/ စာရေးဆရာ မောင်ဝံသအကြောင်း (အပိုင်း-၂)
၁၈:၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ **ကြယ်ကလေးတစ်ပွင့်**
၁၉:၁၅ - မြန်မာဇာတ်လမ်းတွဲ **ဇနီးချောများကွန်ယက်** (အပိုင်း-၁) ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) ဒါရိုက်တာ-အောင်သြဘာ
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၆၀)**
- **တောင်သူစီးပွားအလေးထား**
- ဂီတသမား၊ ဂီတစကား **ပေဖူးလွှာတေးသီချင်း** ဂီတစာဆို ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်
- နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း** (အပိုင်း-၂၃)

# မန်စီ၌ ဆိုင်ကယ်စီးနင်းလာသူ စွန့်ပစ်ခဲ့သည့် ပီနံအိတ်အတွင်းမှ ငွေကျပ် ၄၇၅ သိန်းကျော်တန်ဖိုးရှိ ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိ

**မန်စီ ဇွန် ၁၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်း ဇွန် ၁၀ ရက်က မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်ပေါ်မှ ပီနံအိတ်အား ပစ်ချထွက်ပြေးသဖြင့် ဖွင့်ဖောက်စစ်ဆေးရာမှ ငွေကျပ် ၄၇၅ သိန်းကျော်တန်ဖိုးရှိ ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၀ ရက် ညနေ ၅ နာရီက ဗန်းမော်ခရိုင် မှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှ ရဲအုပ်မြင့်ထူးနှင့် ပူးပေါင်းအဖွဲ့ဝင်များ မူးယစ်ဆေးဝါးသတင်းအရ မန်စီမြို့နယ် ဗန်းမော်-မန္တလေး ပြည်ထောင်စုသွားလမ်းမ မိုင်တိုင်အမှတ် ၂၉၄တွင် စောင့်ဆိုင်းနေစဉ် မန်စီမြို့နယ် ရီခူးမန်ခန်ကျေးရွာမှ မန်စီမြို့ဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်မှာ နောက်သို့ပြန်လှည့်မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ အဆိုပါ ဆိုင်ကယ်တင်ဆောင်လာသည့် ပီနံအိတ်တစ်အိတ်အား မိုင်တိုင်အမှတ် ၂၉၂ အရောက်တွင် ပစ်ချခဲ့သဖြင့် သက်သေများရှေ့မှောက်၌ ဖွင့်ဖောက်စစ်ဆေးရာ ရောင်စုံဆပ်ပြာခွက် ၈၈ ခွက်နှင့် ထည့်ထားသည့် ငွေကျပ်သိန်း ၄၇၅၂၀၀၀၀ တန်ဖိုးရှိ ဘိန်းဖြူအမှုန့် ၇၉၂ ဂရမ်အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများသယ်ဆောင်ကာ စွန့်ပစ်ပြေးသွားသူအား မန်စီမြို့မရဲတပ်ဖွဲ့စခန်းက အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# ပျဉ်းမနားမြို့နယ်၌ ရွှေငွေခိုးယူသူများအား သုံးနာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**ပျဉ်းမနား ဇွန် ၁၂**

ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာအုပ်စု ဝဲကြီးကျေးရွာနေ ကိုမင်းမင်းလတ်၏ နေအိမ်ဘုရားခန်းအတွင်းထားရှိသော သံသေတ္တာသည် ဇွန် ၇ ရက် ည ၁၂ နာရီခန့်တွင် ပျောက်ဆုံးနေသောကြောင့် ခိုးယူသူအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ကိုမင်းမင်းလတ်က မြို့နယ်ရဲတပ်ဖွဲ့ကို တိုင်တန်းခဲ့သည်။

အမှုနှင့်ပတ်သက်၍ ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်း၏ ညွှန်ကြားမှုဖြင့် အမှုစစ်နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ထက်နိုင်ဦးက နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ ပျောက်ဆုံးသွားသော ရွှေထည်၊ ငွေများနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာအုပ်စု ဈေးကုန်းကွက်သစ်ကျေးရွာနေ စိုးလင်း(ခ)အငယ်လေး(ခ) ကျော်သူရ (၂၁နှစ်) (ကျပန်းလုပ်ကိုင်သူ)၊ ချက်ဖောင်း (ခ)ကြည်လင်းကျော်(၂၀ နှစ်) (ကျပန်းလုပ်ကိုင်သူ) တို့ကို သုံးနာရီအတွင်း ဖမ်းဆီးရမိပြီး ၎င်းတို့နှင့်အတူ ပါဝင်ခိုးယူခဲ့သော ကိုနိုင်(ခ) လှမျိုးနိုင်မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ ၎င်းတို့ခိုးယူသွားသော ရွှေလေးကျပ်သား၊ ငွေကျပ်ငါးသိန်း၊ ပိုက်ဆံအိတ်နှစ်လုံး၊ ဆိုင်ကယ်ဝှီးတက်တစ်ခု၊ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ်သိန်း ၄၀ ဖိုးခန့်အား သိမ်းဆည်းနိုင်ခဲ့၍ ပြစ်မှုကျူးလွန်သူများအား တရားစွဲဆိုတင်ပို့နိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

**ဇော်မျိုးနိုင်**



# အတိတ်ကိုအတိတ်မှာထားခဲ့ရန် ကင်နှင့်ထရန့် သဘောတူ



**စင်ကာပူ ဇွန် ၁၂**

သမိုင်းတွင်မည့် အမေရိကန် သမ္မတဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ဇွန် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် စင်ကာပူနိုင်ငံ ဆန်တိုဆာကျွန်းရှိ ကက်ပီလာဟိုတယ်တွင် ပြုလုပ်ခဲ့သည်။

**အတိတ်ကိုအတိတ်မှာပဲထားခဲ့**

ယခုကျင်းပသည့် အစည်းအဝေးသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့အကြား ပထမဆုံးအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်သည်။ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတတို့သည် အတိတ်ကိုအတိတ်မှာပဲထားခဲ့ရန် ဆုံးဖြတ်ခဲ့ကြောင်း နှစ်နိုင်ငံ ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောခဲ့သည်။

**အဓိကပြောင်းလဲမှုများ တွေ့မြင်ရတော့မည်**

ယင်းအစည်းအဝေးသည် ၎င်းတို့နှစ်နိုင်ငံအနေဖြင့် သမိုင်းဝင်မည့် ဆွေးနွေးပွဲတစ်ခုကိုပြုလုပ်နိုင်ခဲ့ပြီး အတိတ်ကိုအတိတ်မှာပဲထားခဲ့ရန် သဘောတူခဲ့ကြောင်း၊ သမိုင်းတွင်မည့်စာချုပ်တစ်ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ယခုလိုအစည်းအဝေးပေါ်ပေါက်လာခဲ့သည့်အတွက် သမ္မတထရန့်ကို ကျေးဇူးတင်ရှိကြောင်း၊ ကမ္ဘာကြီးအနေဖြင့် အဓိကပြောင်းလဲမှုများကို တွေ့မြင်ရတော့မည်ဖြစ်ကြောင်း ကင်က ပြောကြားခဲ့သည်။

အဆိုပါစာချုပ်သည် အလွန်အရေးကြီးပြီး ပြည့်စုံကျယ်ပြန့်သည့် စာချုပ်မျိုးဖြစ်ကြောင်းနှင့် အတိတ်ကိုအတိတ်မှာထားခဲ့ပြီး နှစ်နိုင်ငံအကြား ကဏ္ဍသစ်များကို စတင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ထရန့်က ဆက်လက်ပြောကြားခဲ့သည်။ ထို့အပြင် ကိုရီးယားကျွန်းဆွယ် လုံးဝနျူကလီးယားကင်းစင်ရန် မြောက်ကိုရီးယားခေါင်းဆောင်က နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော ပူးတွဲသဘောတူညီချက်တွင် အခိုင်အမာထပ်လောင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က လက်မှတ်ရေးထိုးပွဲပြီးနောက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ဘေးတွင် ရပ်လျက် "ကျွန်တော်တို့ နောက်ထပ်အများကြီးတွေ့ဖို့ရှိသေးတယ်"ဟု ပြောခဲ့သည်။

နျူကလီးယားလက်နက်ကင်းစင်ရေးကိစ္စအပေါ် မီဒီယာများ၏ မေးမြန်းချက်နှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ထရန့်က ယင်းကိစ္စကိုဆောင်ရွက်နေကြောင်း၊ အလျင်အမြန်အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အိမ်ဖြူတော်သို့ ဖိတ်ခေါ်ချင်**

ထို့အတူ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က စင်ကာပူအစည်းအဝေးပြီးနောက် ၎င်းအနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းကို အိမ်ဖြူတော်သို့ စိတ်ရင်းအမှန်ဖြင့် ဖိတ်ကြားချင်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။ အမေရိကန်သမ္မတတစ်ဦးနှင့် မြောက်ကိုရီးယားခေါင်းဆောင်တစ်ဦးတို့၏ ပထမဆုံးတွေ့ဆုံပွဲဖြစ်သည့် ၎င်းနှင့်ကင်ဂျုံအန်းတို့၏ တွေ့ဆုံမှုသည် အခြားသူများခန့်မှန်းထားသည်ထက် အခြေအနေပိုမိုကောင်းမွန်ကြောင်း ထရန့်က သတင်းထောက်များကို ဆက်လက်ပြောကြားခဲ့သည်။

**ခန့်မှန်းထားသည်ထက် အောင်မြင်မှုပိုမိုရရှိခဲ့**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်အနေဖြင့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးတွင် မြောက်ကိုရီးယားနှင့် ချုပ်ဆိုသော သဘောတူစာချုပ်၌ ကျန်ရှိနေသော အမေရိကန်အကျဉ်းသားများပြန်လည်လွှဲပြောင်းပေးရေးနှင့် ဒုံးကျည်စမ်းသပ်သည့်နေရာကို ဖျက်ဆီးရေးတို့အပါအဝင် ခန့်မှန်းထားသည်ထက် အောင်မြင်မှု ပိုမိုရရှိခဲ့သည်။ အမေရိကန်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် နောက်ထပ် စီးပွားရေးပိတ်ဆို့မှု ၃၀၀ ထက်မနည်း ချမှတ်ရန်စီစဉ်ခဲ့သော်လည်း သမိုင်းဝင် အစည်းအဝေးကျင်းပနိုင်ခဲ့ခြင်းကြောင့် ရပ်တန့်ခဲ့သည်။ ချမှတ်ထားသော ပိတ်ဆို့မှုများကိုလည်း လတ်တလောတွင် ဖယ်ရှားပေးဦးမည်မဟုတ်ဘဲ နျူကလီးယားကင်းစင်ရေး အပြည့်အဝအကောင်အထည်ဖော်နိုင်မှသာ ဖယ်ရှားပေးသွားမည် ဖြစ်ကြောင်း ထရန့်၏ရှေ့မဖြစ်သော လော်ရာထရန့်ထုတ်ပြန်သော ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

**နျူကလီးယားဒုံးကျည် တည်ဆောက်ခြင်းကို ပိတ်သိမ်းမည်**

နှစ်နိုင်ငံ သမိုင်းဝင် ထိပ်သီးအစည်းအဝေး ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် နျူကလီးယားဒုံးကျည်ထိပ်ဖူး ၂၄ခုထက်မနည်းရှိသော မြောက်ကိုရီးယားနိုင်ငံက အမေရိကန်ကို ချိန်ရွယ်ပစ်လွှတ်နိုင်သည့် တိုက်ချင်းပစ် နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်တည်ဆောက်ခြင်းကို ပိတ်သိမ်းမည်ဖြစ်ကြောင်းလည်း သိရသည်။

**တွေ့ဆုံမှုရလဒ်၏ နောက်ဆက်တွဲထူးခြားဖြစ်စဉ်များ**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ဖို့ သဘောတူခဲ့ပြီးနောက် အမေရိကန်နိုင်ငံအနေဖြင့် တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု ဆိုင်းငံ့ရမည်ဖြစ်ကြောင်း နောက်ဆက်တွဲသတင်းများအရ သိရသည်။

ထို့အပြင် နှစ်နိုင်ငံအစည်းအဝေး၏ ရလဒ်များကြောင့် အာဆီယံစတော့ဈေးကွက်မှာ ဆက်လက်မြင့်တက်ဖို့ အလားအလာရှိပြီး ဒေါ်လာဈေးမှာ ခိုင်မာလျက်ရှိသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ခြင်းကြောင့် တောင်ကိုရီးယားစတော့ဈေးကွက်နှင့် ဝမ်တန်ဖိုးမှာ ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်းနှင့် ချေးငွေလက်မှတ်နှင့် စာချုပ်စာတမ်းဈေးကွက်မှာလည်း ပိုမိုတည်ငြိမ်လာမည်ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**




## ပင်လယ်ကွေ့နိုင်ငံများက ဂျော်ဒန်ကို အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော် ကူညီမည်

**ရီယာ့ဒ် ဇွန် ၁၂**

ဆော်ဒီအာရေဗျ၊ ကူဝိတ်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့သည် ဂျော်ဒန်နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုနိုင်ရန် အလို့ငှာ အမေရိကန် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ ကူညီထောက်ပံ့ပေးရန် တနင်္လာနေ့က သဘောတူခဲ့ကြောင်း ဆော်ဒီအာရေဗျမှ အယ်လ်အယ်လ်ရာဘိုင်ရာချယ်နယ်တွင် ဖော်ပြထားသည်။ ဆော်ဒီဘုရင်၊ ဂျော်ဒန်ဘုရင်၊ ယူအေအီး ဝန်ကြီးချုပ်နှင့် ကူဝိတ် စော်ဘွားတို့သည် မက္ကာမြို့၌ တွေ့ဆုံပြီး ဂျော်ဒန်နိုင်ငံ၌ လတ်တလော ကြုံတွေ့နေရသော ဆန္ဒပြပွဲများအား မည်သို့ဖြေရှင်းရမည်ကို ဆွေးနွေးခဲ့ကြသည်။

**ဆင်ဟွာ**

## စက်တင်ဘာ ၁၁ တိုက်ခိုက်မှုအပြီး ၁၆ နှစ်အကြာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံဖွင့်

**နယူးယောက် ဇွန် ၁၂**

ကမ္ဘာ့ကုန်သွယ်ရေး မိုးမျှော်အဆောက်အအုံသစ်အား နယူးယောက်မြို့တော်တွင် တနင်္လာနေ့က ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။ ယင်းအဆောက်အအုံပြန်လည်ဖွင့်လှစ်နိုင်ရန် ကြိုးစားခဲ့သော်လည်း ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရ၍ မိုးမျှော်အဆောက်အအုံပြန်လည်ဖွင့်လှစ်ရန် နှစ်ပေါင်းများစွာ ကြန့်ကြာခဲ့ရသည်။ စီးပွားရေးသမားများအတွက် ရုံးခန်းနေရာပေါင်းများစွာ ဖွင့်လှစ်နိုင်ရေး အထပ် ၈၀ ပါရှိပြီး နယူးယောက်မြို့တွင် ငါးခုမြောက် အမြင့်ဆုံး အဆောက်အအုံတစ်ခုလည်းဖြစ်သည့် ယင်းတာဝါကို Pritzker ဆုရ ဗြိတိန်ဗိသုကာပညာရှင် ရစ်ချက်ရိုဂျာက ဒီဇိုင်းဆွဲထားခြင်းဖြစ်သည်။

၂၀၀၁ခုနှစ် စက်တင်ဘာလ၁၁ ရက် ကမ္ဘာ့ကုန်သွယ်ရေး အမြွှာအဆောက်အအုံကို အကြမ်းဖက်သမားများက လေယာဉ်အပိုင်စီးကာ ဝင်တိုက်ခဲ့သည့်အတွက် လူပေါင်း ၂၇၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။ စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုအပြီး ယင်းအမြွှာအဆောက်အအုံကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းခဲ့သော်လည်း အာမခံပြဿနာ၊ အစိုးရအေဂျင်စီများကြားပြဿနာများနှင့် တိုက်ခိုက်မှုအတွင်းအသက်ဆုံးရှုံးခဲ့ရသောလူများ၏ မိသားစုဝင်များ၏ ကန့်ကွက်မှုများကြောင့် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုမှာ နှောင့်နှေးကြန့်ကြာခဲ့ရသည်။ တိုက်ခိုက်မှုအတွင်း အသက်ဆုံးရှုံးခဲ့ရသည့်လူများ၏ မိသားစုဝင်များသည် ယင်းနေရာကို အမှတ်တရနေရာတစ်ခုအဖြစ်သာထားရှိလိုကြသည်။ ထို့ပြင် ငွေကြေးပြတ်လပ်မှုကြောင့်လည်း အဆောက်အအုံဆောက်လုပ်ခြင်းကို ရပ်နားထားခဲ့ရသည်။

**ဆင်ဟွာ**



## အီရန်သည် အကြမ်းဖက်အဖွဲ့များအား ဘဏ္ဍာရေးထောက်ပံ့နေကြောင်း စက်မှုထိပ်သီးနိုင်ငံများအဖွဲ့က ကြေညာချက်ထုတ်ပြန်

**တီဟီရန် ဇွန် ၁၂**

စက်မှုထိပ်သီးနိုင်ငံများအဖွဲ့ ဂျီ-၇က အီရန်နိုင်ငံသည် အကြမ်းဖက်အဖွဲ့များအား ဘဏ္ဍာရေးအရ ထောက်ပံ့ကူညီနေကြောင်း ထုတ်ပြန်ခဲ့သည့်စွပ်စွဲကြေညာချက်အပေါ် အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မကြာသေးမီက ပယ်ချခဲ့သည်။

စက်မှုထိပ်သီးနိုင်ငံများအဖွဲ့ ဂျီ-၇ ၏စွပ်စွဲချက်များကို ငြင်းဆိုလိုက်ပြီးနောက် အဆိုပါထုတ်ပြန်ချက်သည် အရှေ့အလယ်ပိုင်းဒေသကို မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘာရန်ကွက်စမီက ပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် ဒေသတွင်းတည်ငြိမ်းအေးချမ်းရေးနှင့် လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုရှိကြောင်းနှင့် အကြမ်းဖက်ဝါဒကိုတိုက်ဖျက်ရာတွင် ငွေကြေးများ အကုန်အကျခံနေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့အပြင် အမေရိကန်နိုင်ငံနှင့် အပေါင်းပါတို့၏စွပ်စွဲချက်များသည် ဒေသတွင်းအပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်နေသော အီရန်နိုင်ငံအပေါ် သက်ရောက်မှုရှိလိမ့်မည်မဟုတ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။ ကနေဒါနိုင်ငံ ကွိဘက်တွင်ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သော ဂျီ-၇ ကြေညာချက်တွင် အီရန်နိုင်ငံသည် ဒေသတွင်း တည်ငြိမ်မှုပျက်ပြားအောင် လုပ်ဆောင်နေပြီး အကြမ်းဖက်အုပ်စုများအား ဘဏ္ဍာရေးထောက်ပံ့ကူညီမှုများ ပြုလုပ်နေကြောင်း ဖော်ပြထားသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ရုရှားနိုင်ငံ၌ လေယာဉ်မြေပြင်မှုအတွင်း သေဆုံးသူအရေအတွက်တိုးလာ

**မော်စကို ဇွန် ၁၂**

ရုရှားနိုင်ငံ ဇော်လ်ဂါမြစ်အတွင်း တနင်္လာနေ့ညက နှစ်စင်းတွဲရှက်လေ့နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူအရေအတွက် ၁၀ ဦးထိရှိလာပြီဖြစ်ကြောင်း နိုင်ငံ၏ အရေးပေါ်ဝန်ဆောင်မှုဌာနက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

အစောပိုင်းသတင်းများအရ လူသေအလောင်း ကိုးဦးထက်မနည်း တွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။

လူငါးဦးကို ကယ်တင်နိုင်ခဲ့ပြီး ပျောက်ဆုံးနေသူများလည်းရှိကြောင်း အရေးပေါ်ဌာနက ပြောသည်။ ယင်းလှေပေါ်တွင် လူ ၁၆ ဦး ပါရှိခဲ့ပြီး လှေပေါ်လိုက်ပါလာသူအားလုံးမှာ ရုရှားနိုင်ငံသားများ ဖြစ်ကြကြောင်း အရေးပေါ်ဌာန၏ ပြောကြားချက်အရ သိရသည်။

ကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပြီး ပျောက်ဆုံးနေသူများကို ရှာဖွေရေးလုပ်ငန်းများလည်း ဆက်လက်လုပ်ကိုင်နေဆဲဖြစ်ကြောင်း ဒေသခံများက ပြောသည်။ **ဆင်ဟွာ**

### ဒုက္ခသည် ၆၂၉ ဦး သယ်ဆောင်လာသောသင်္ဘောအား စပိန်နိုင်ငံ ဆိပ်ကမ်းတွင် ဆိုက်ကပ်ခွင့်ပေး

**မက်ဒရစ် ဇွန် ၁၂**

စပိန်အစိုးရသည် ရွှေ့ပြောင်းဒုက္ခသည် ၆၂၉ ဦး သယ်ဆောင်လာသော သင်္ဘောကို သဘာဝဘေးအန္တရာယ်မှ ရှောင်ရှားနိုင်ရန်အလို့ငှာ လုံခြုံစိတ်ချရသည့်ဆိပ်ကမ်းတစ်ခု ဖန်တီးပေးရန် သဘောတူထားကြောင်း တနင်္လာနေ့ကထုတ်ပြန်သော သတင်းထုတ်ပြန်ချက်အရသိရသည်။ အီတလီကမူ စပိန်၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ပြောခဲ့သည်။

ယခုဆုံးဖြတ်ချက်မှာ ဒုက္ခသည်များတင်ဆောင်လာသော သင်္ဘော အီတလီဆိပ်ကမ်းတွင် ဆိုက်ကပ်ရန် ငြင်းဆိုခံရပြီးတစ်ရက်အကြာ၌ ထွက်ပေါ်လာသော ထုတ်ပြန်ချက်လည်း ဖြစ်သည်။ စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်ဇ်က လူသားချင်း စာနာထောက်ထားမှုဆိုင်ရာဘေးဒုက္ခကိုရှောင်ရှားနိုင်ရန်နှင့် ဒုက္ခသည်များ ပင်လယ်ပြင်တွင် သဘာဝဘေးနှင့် ကြုံကြိုက်နေစဉ် လုံခြုံစိတ်ချရသော ဆိပ်ကမ်းတစ်ခုပေးရန်မှာ မိမိတို့၏တာဝန်ပင်ဖြစ်ကြောင်း ပြောခဲ့သည်။

စပိန်နိုင်ငံမှ မြို့တစ်မြို့ဖြစ်သည့် ဗလန်စီယာတွင် ဒုက္ခသည် သင်္ဘောဆိုက်ကပ်မှုကို လက်ခံမည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ်က ပြောသည်။ အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီကမူ စပိန်နိုင်ငံ၏ လုပ်ဆောင်မှုမှာ မှန်ကန်သည့် ဦးတည်ချက်ပင်ဖြစ်ကြောင်း ပြောခဲ့သည်။ **ဆင်ဟွာ**

# အကြိတ်အနယ်ယှဉ်ပြိုင်ကြမယ့် တူရကီက ရွေးကောက်ပွဲ

**ချူးစန္ဒီမွေး**

**တူရကီသမ္မတ ရီဆက်တေရစ် အာဒိုဂန်ဟာ ရွေးကောက်ပွဲကို မူလသတ်မှတ်ထားတဲ့ အချိန်ထက် တစ်နှစ်ခန့်စောပြီး ကျင်းပဖို့စီစဉ်ခဲ့ပါတယ်။သူ့ရဲ့နိုင်ငံရေးပြိုင်ဘက်တွေ ရွေးကောက်ပွဲအတွက် ပြင်ဆင်ချိန်သိပ်မရအောင် ရည်ရွယ်ပြီး လုပ်ဆောင်လိုက်တာလို့ အများကဝေဖန်ကြတယ်။ တူရကီအတိုက်အခံပါတီတွေလည်း သမ္မတအာဒိုဂန်ရဲ့အင်အားကို ရင်ဆိုင်နိုင်ဖို့အတွက် ရှားရှားပါးပါးဖြစ်စဉ်တစ်ခုအနေနဲ့ မဟာမိတ်ဖွဲ့လိုက်ကြပါတယ်။ တူရကီရွေးကောက်ပွဲဟာ ဇွန် ၂၄ ရက်မှာ စတင်ကျင်းပမှာဖြစ်ပြီး အဲဒီရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် သမ္မတရဲ့လုပ်ပိုင်ခွင့်တွေကို အရင်ကထက် ပိုပြီးချဲ့ထွင်ထားတဲ့အကျိုးရလဒ်ကို စတင်ခံစားရတော့မှာပဲ ဖြစ်တယ်။**

အဲဒီအတွက်လည်း သမ္မတအာဒိုဂန်က ပြန်လည်ရွေးကောက်ခံဖို့ စိတ်အားထက်သန်နေတာလည်း ဖြစ်တယ်။



### လူကြိုက်များနေသေးတဲ့ နိုင်ငံရေးသမား

အသက် ၆၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ သမ္မတအာဒိုဂန်ဟာ တူရကီနိုင်ငံမှာ လူကြိုက်များနေသေးတဲ့ နိုင်ငံရေးသမားတစ်ဦး ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ယမန်နှစ်က အထူးအာဏာရှိတဲ့ သမ္မတစနစ်ကို ဖန်တီးပြီးတဲ့နောက်မှာတော့ သူ့ကို ဆန့်ကျင်တဲ့ လူတွေလည်း ပေါ်လာခဲ့ပါတော့တယ်။ လာမယ့် သမ္မတရွေးကောက်ပွဲမှာ အတိုက်အခံအုပ်စုဘက်မှ ရှေ့တန်းကပြေးနေတဲ့ ကိုယ်စားလှယ်လောင်းကတော့ မူဟာရမ်အင့်စ်ပဲ ဖြစ်တယ်။ သူဟာ ရူပဗေဒကျောင်းဆရာတစ်ဦးဖြစ်ပြီး ရီပတ်ဘလစ်ကန်ပါတီအတွက် ပါလီမန်မှာ ငါးနှစ်နီးပါး တာဝန်ထမ်းဆောင်ဖူးတဲ့ အတွေ့အကြုံရှိပါတယ်။ ပြည်သူတွေဟာ အပြောင်းအလဲတစ်ရပ်ကို မျှော်လင့်နေကြတာ ဖြစ်တယ်လို့ တူရကီတောင်ပိုင်းမှာ ပြုလုပ်တဲ့ မဲဆွယ်စည်းရုံးမှုတစ်ခုမှာ မစ္စတာမူဟာရမ်က ပြောခဲ့ပါတယ်။

### ပြိုင်ဘက်ကောင်းတစ်ဦး

ယုံကြည် စိတ်ချရလောက်တဲ့ ဆန္ဒမဲကောက်ခံသူတွေ၊ သုတေသီတွေရဲ့ ခန့်မှန်းမှုအရတော့ ရွေးကောက်ပွဲဟာ နီးကပ်လာပြီ။ တကယ်လို့များ ရွေးကောက်ပွဲမှာ ဘယ်ကိုယ်စားလှယ်လောင်းကမှ ၅၀ ရာခိုင်နှုန်းထက်ပိုပြီး မဲမရခဲ့ဘူးဆိုရင် ရွေးကောက်ပွဲဟာ ဒုတိယအကျော့ ပြိုင်ပွဲဘက်ကိုပဲ ဦးတည်တော့မှာဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။ ဒီရလဒ်ဟာ သမ္မတအာဒိုဂန်မကြုံတွေ့ချင်တဲ့ ရလဒ်မျိုးလည်းဖြစ်တယ်။ တကယ်လို့များ ပြိုင်ဘက်နှစ်ဦးဟာ ၅၀ : ၅၀ ပဲဖြစ်နေမယ်ဆိုရင် မဲအများဆုံးရတဲ့ ပြိုင်ဘက်နှစ်ဦးဟာ အကြိတ်အနယ်ပဲယှဉ်ပြိုင်ရတော့မှာ ဖြစ်တယ်လို့ ဆန္ဒမဲကောက်ခံသူတွေက ပြောပါတယ်။ တကယ်လို့များ အတိုက်အခံအုပ်စုတွေကသာ ဒုတိယအကျော့ ယှဉ်ပြိုင်မှုမှာ သမ္မတအာဒိုဂန်ကို ဖိအားပေးထားနိုင်မယ်ဆိုရင် မစ္စတာမူဟာရမ်ဟာ သမ္မတအာဒိုဂန်ကို ခြိမ်းခြောက်နိုင်မယ့် ပြိုင်ဘက်ကောင်းတစ်ဦးဖြစ်လာနိုင်မှာပါ။ ပြိုင်ဘက်ပါတီတွေကတော့ သမ္မတအာဒိုဂန်ကို ယှဉ်ပြိုင်နိုင်တဲ့ ဘယ်ကိုယ်စားလှယ်လောင်းကိုမဆို ထောက်ခံအားပေးကြဖို့ အချင်းချင်း ညှိနှိုင်းသဘောတူထားကြပြီးဖြစ်တယ်။

> **“တကယ်လို့များ အတိုက်အခံအုပ်စုတွေကသာ ဒုတိယအကျော့ ယှဉ်ပြိုင်မှုမှာ သမ္မတအာဒိုဂန်ကို ဖိအားပေးထားနိုင်မယ်ဆိုရင် မစ္စတာမူဟာရမ်ဟာ သမ္မတအာဒိုဂန်ကို ခြိမ်းခြောက်နိုင်မယ့် ပြိုင်ဘက်ကောင်းတစ်ဦးဖြစ်လာနိုင်မှာပါ။ ပြိုင်ဘက်ပါတီတွေကတော့ သမ္မတအာဒိုဂန်ကို ယှဉ်ပြိုင်နိုင်တဲ့ ဘယ်ကိုယ်စားလှယ်လောင်းကိုမဆို ထောက်ခံအားပေးကြဖို့ အချင်းချင်းညှိနှိုင်းသဘောတူထားကြပြီးဖြစ်”**

### ဖြေရှင်းစရာပြဿနာများ

သမ္မတ အာဒိုဂန်မှာလည်း ဖြေရှင်းစရာပြဿနာတွေ၊ အကျပ်အတည်းတွေ အများကြီးရှိနေပါသေးတယ်။ အလုပ်လက်မဲ့ ပမာဏတိုးမြင့်လာမှု၊ ငွေကြေးဖောင်းပွမှု နှုန်းမြင့်တက်လာမှုနဲ့ တူရကီငွေကြေးကျဆင်းလာမှု အစရှိတာတွေကြောင့် ရွေးကောက်ပွဲမှာ မစ္စတာအာဒိုဂန် အခက်တွေ့နိုင်ပါတယ်။ ရွေးကောက်ပွဲမှာ အာဒိုဂန်ကို အလဲထိုးနိုင်ဖို့ ပြိုင်ဘက်လေးပါတီဟာ စုစည်းထားကြပါတယ်။ ဒီလိုစုစည်းထားမှသာ ရွေးကောက်ပွဲမှာ ယှဉ်နိုင်မယ်ဆိုတာ သူတို့ကောင်းကောင်း သဘောပေါက်ထားကြပါတယ်။

### မဲဆန္ဒ ၁၀ ရာခိုင်နှုန်း

ဘယ်လောက်တောင်လဲ ဆိုရင် လက်ရှိထောင်ထဲမှာ ရောက်ရှိနေတဲ့ ကာ့ဒ် ပြည်သူ့ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်ကိုတောင် သူတို့နဲ့အတူ ပူးပေါင်းဖို့ လက်ကမ်းထားပါတယ်။ ကာ့ဒ်ပြည်သူ့ ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် ဆယ်လာဟတင် ဒီမဲရစ်တပ်စ်ဟာ အကြမ်းဖက်မှုသမ္မတကို အကြည်ညိုပျက်စေမှု အစရှိတဲ့ စွပ်စွဲချက်ပေါင်းများစွာနဲ့ တရားရင်ဆိုင်နေရတာလည်းဖြစ် တယ်။ မစ္စတာမူဟာရမ်ဟာ ထောင်ထဲ အထိသွားပြီး မစ္စတာ ဒီမဲရစ်တပ်စ်နဲ့ သွားရောက်တွေ့ဆုံခဲ့ပါတယ်။ သူတို့ဘာကြောင့် ဒီလိုလုပ်ရတာလဲဆိုရင် ရွေးကောက်ပွဲမှာ ကာ့ဒ်တွေရဲ့ မဲဆန္ဒ ၁၀ ရာခိုင်နှုန်းဟာလည်း အရေးပါနေလို့ပါပဲ။ ဒီ ၁၀ ရာခိုင်နှုန်းဟာလည်း သမ္မတအာဒိုဂန်ကို ယှဉ်ပြိုင်နိုင်ရေး အရေးပါတဲ့နေရာကနေ ပါဝင်နေလို့ပါပဲ။

### အမတ်နေရာအများကြီးမရနိုင်

လွတ်လပ်သော ဆန္ဒမဲကောက်ခံရေးအဖွဲ့တွေရဲ့ရလဒ်အရတော့ သမ္မတအာဒိုဂန်ဟာ ရွေးကောက်ပွဲမှာ ၄၅ ရာခိုင်နှုန်းမဲရနိုင်ပြီး မစ္စတာ မူဟာရမ်ကတော့ ၂၀ ရာခိုင်နှုန်းမဲရနိုင်တယ်လို့ခန့်မှန်းထားကြပါတယ်။ ဒါပေမယ့် မူဟာရမ်ရဲ့မဲနဲ့ အခြားပါတီတွေရဲ့မဲတွေ ပေါင်းလိုက်ရင်တော့ သမ္မတအာဒိုဂန်ကို အသက်ရှူကျပ်စေမှာ အမှန်ပါပဲ။ ရွေးကောက်ပွဲမှာ သမ္မတဟာ ၄၅ ရာခိုင်နှုန်း မဲရရုံနဲ့တော့ အနိုင်မရနိုင်ပါဘူး။ ပြိုင်ဘက်အတိုက်အခံတွေရဲ့မဲဟာ ၄၄ ဒသမ ၅ ရာခိုင်နှုန်း အထိရနိုင်တယ်လို့ လွန်ခဲ့တဲ့လက ကောက်ခံထားတဲ့ ပြည်သူ့ဆန္ဒမဲတွေအရ သိရပါတယ်။ ဒါပေမယ့်လည်း အခြားသော ဆန္ဒမဲစုစည်းကောက်ခံသူတွေရဲ့ ရလဒ်တွေအရ သမ္မတဟာ ၅၅ ရာခိုင်နှုန်းလောက် မဲရနိုင်ခြေရှိတယ်လို့ အာဒိုဂန်ရဲ့ပါတီမှ လူတွေက ပြောပါတယ်။ သမ္မတအာဒိုဂန်ဟာ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင်တောင် ပါလီမန်မှာတော့ အမတ်နေရာအများကြီးမရနိုင်ဘူးလို့ သမ္မတအကြံပေးတစ်ဦးဖြစ်ပြီး အစိုးရကိုထောက်ခံတဲ့ ဆောင်းပါးရှင်တစ်ဦးက ဖြေကြားထားပါတယ်။

### မီဒီယာအပေါ်ထိန်းချုပ်နိုင်ခဲ့

ပြိုင်ဘက်ပါတီတွေအနေနဲ့ သမ္မတအာဒိုဂန်ကို ယှဉ်ပြိုင်နိုင်ဖို့ဆိုတာ တကယ်တော့ လွယ်ကူတဲ့ကိစ္စလည်း မဟုတ်ပါဘူး။ ၂၀၁၆ ခုနှစ် တူရကီနိုင်ငံမှာ အာဏာသိမ်းဖို့ ကြိုးပမ်းမှုတစ်ရပ် ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီကြိုးပမ်းမှုဟာ မအောင်မြင်ခဲ့ပေမယ့် သမ္မတအာဒိုဂန်ကတော့ အရာအားလုံးကို တင်းတင်းကိုင်တွယ်အုပ်ချုပ်ခွင့်ရရှိသွားပါတော့တယ်။ အထူးသဖြင့် မီဒီယာတွေအပေါ် ထိန်းချုပ်နိုင်ခဲ့ပြီး အစိုးရအဖွဲ့အစည်းတွေအားလုံး၊ ရွေးကောက်ပွဲကော်မရှင်ကိုတောင် ထိန်းချုပ်သွားနိုင်ပါတော့တယ်။ ဥရောပက လုံခြုံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းက စောင့်ကြည့်လေ့လာသူတွေကလည်း ရွေးကောက်ပွဲမှာ တရားမျှတတဲ့ အခွင့်အရေးရဖို့ဆိုတာ မလွယ်ဘူးလို့ဆိုပါတယ်။ သမ္မတရဲ့ အထူးအာဏာအတွက် မနှစ်က လူထုဆန္ဒကောက်ခံပွဲမှာလည်း တံဆိပ်ရိုက်နှိပ်မထားတဲ့ မဲတွေလက်ခံခဲ့ပါတယ်။ အဲဒီအတွက်စောဒကတက်ကြတဲ့အခါမှာတော့ အဲဒီစနစ်ကို ပြောင်းလဲလိုက်ပြန်ပါတယ်။

### မနှစ်ကအတွေ့အကြုံ

ဒါတွေကတော့မနှစ်က လူထုဆန္ဒခံယူပွဲတုန်းက ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေပါ။ လာမယ့်ရွေးကောက်ပွဲမှာ ဒီလိုရလဒ်မျိုးတွေ ဖြစ်မလာစေဖို့လည်း ပြိုင်ဘက်ပါတီတွေဟာ သူ့နည်းသူ့ဟန်နဲ့ ကြိုးစားထားကြပါတယ်။ အန်ကာရာမှာရှိတဲ့ လွတ်လပ်တဲ့ စောင့်ကြည့်ရေးဌာနမှ အတိုက်အခံအုပ်စုတွေဟာ သူတို့ရဲ့ကိုယ်ပိုင်ဆာဗာကို အသုံးပြုပြီး ရွေးကောက်ပွဲရလဒ်တွေကို စုစည်းဖော်ပြသွားမှာပဲဖြစ်တယ်။ အဲဒီမှာ အင်တာနက်လိုင်းကျတာမျိုး၊ လျှပ်စစ်ပြတ်တောက်တာမျိုးနဲ့ ကြုံတွေ့ခဲ့ရင်လည်း ဖြေရှင်းသွားဖို့ အရန်အစီအစဉ်တွေ လုပ်ထားပါတယ်။ ပြီးခဲ့တဲ့နှစ်က လူထုဆန္ဒခံယူပွဲ မဲကောက်ခံတုန်းကတော့ မဲပုံး ၅၀၀၀ ကျော်ဟာ စောင့်ကြည့်သူမရှိပါဘူး။ ရလဒ်မှာမပါတဲ့ မဲပုံးနှစ်သောင်းခန့်ကိုလည်း ထည့်သွင်းရေတွက်ခဲ့ပါတယ်။ အဲဒီအတွက် ဘယ်နိုင်ငံရေးသမားကမှ အရေးတယူဖြေရှင်းတာမျိုး မရှိဘူးလို့ ဆိုပါတယ်။ မစ္စတာမူဟာရမ်ကတော့ မဲမသမာမှုနဲ့တွေ့ရင် ဖြေရှင်းပေးဖို့ ရှေ့နေတွေကို အကူအညီတောင်းခံထားပါတယ်။

တူရကီ ရွေးကောက်ပွဲကတော့ မကြာခင် စတင်တော့မှာပါ။ ရွေးကောက်ပွဲမှာ လက်ရှိသမ္မတကပဲ ပြန်လည် ရွေးကောက်ခံရမလား၊ မဟာမိတ်ဖွဲ့ထားတဲ့ နိုင်ငံရေးပြိုင်ဘက်တွေကပဲ အနိုင်ရသွား မလားဆိုတာကတော့ မကြာခင် အဖြေပေါ်တော့မှာပါ။ ။ **ကိုးကား-နယူးယောက်တိုင်းမ်**

# ၂၀၁၈ ခုနှစ် Myanmar Idol Season 3 ယှဉ်ပြိုင်နှစ်များထက် ရွေးချယ်ရန် ခက်ခဲမှုရှိနေ

**Myanmar Idol Season 3 ၏ Top 11 ရင်ခုန်စရာအကောင်းဆုံးများမှ Golden Week ၏ နောက်ဆုံးအဆင့် Solo Performance နှင့် အတူ Green Mile အဆင့်ကို ဖြတ်သန်းပြီး Top Finalist သို့ ရောက်ရှိသူများကို မီဒီယာများနှင့် ဇွန် ၁၀ ရက်က မိတ်ဆက်ပေးခဲ့သည်။**

"ပြိုင်ပွဲက တကယ်ကို ခက်ခဲစွာ ဆုံးဖြတ်ရတဲ့ ပွဲတစ်ခုလို့ ပြောလို့ရပါတယ်၊ အန်ကယ်သိန်းတန်၊ ကိုရန်လေး၊ ကိုမျိုးကျော့မြိုင်နဲ့ ကျွန်မ အပါအဝင် ဒိုင်လေးယောက်က မြန်မာနိုင်ငံရဲ့ မြို့ကြီး ငါးမြို့ကိုသွားပြီးတော့ ပြိုင်ပွဲအတွက် အဆိုပညာရှင် ရှက်ပုန်းသီးလေးတွေကို စိတ်ကြိုက်ရွေးချယ်ခဲ့ကြပါတယ်၊ အဲဒီမှာ အင်မတန်ကောင်းတဲ့သူတွေ၊ ကောင်းမလိုလိုနဲ့ နည်းနည်းလျော့သွားတဲ့သူတွေ၊ ရှေ့ဆက်ပြီး ကောင်းနိုင်မလားဆိုပြီး လက်ခံစဉ်းစား ရွေးချယ်ခဲ့တဲ့ သူတွေရှိပါတယ်၊ အဲ့လို ရွေးချယ်တဲ့နေရာမှာ No လို့မပြောချင်တဲ့ စကားကိုလည်း ပြောခဲ့ရပါတယ်၊ Yes လို့ ပြောရတဲ့စကားကတော့ ပျော်စရာ အကောင်းဆုံးပေါ့၊ ဒီလို ရွေးချယ်တဲ့အချိန်မှာ အကဲဖြတ်ဒိုင်လေးယောက်စလုံးရဲ့ ရင်ထဲကခံစားချက်ကတော့ အတူတူပါပဲ၊ ဝမ်းနည်းတတ်ဆုံးကတော့ ကိုမျိုးကျော့မြိုင်ဖြစ်ပါတယ်၊ ကျွန်မတို့ အကဲဖြတ်ဒိုင်တွေ ဘယ်လောက် စိတ်မကောင်းဖြစ်ဖြစ် လူအများကြီးထဲက အကောင်းဆုံးဆိုတာကို ရွေးရတာဆိုတော့ မတတ်နိုင်ဘူး ရွေးချယ်ရတာပဲ၊ ဒီနှစ်ကတော့ ကျွန်မတို့ ရွေးချယ်ရ အခက်ဆုံးနှစ်လို့တောင် ဆိုလို့ရပါတယ်၊ ပြိုင်ပွဲဝင် အတော်များများ ကောင်းကြပါတယ်၊ Theatre Round 1 မှာကတည်းက ကျွန်မတော်တော်ကို စိတ်ဖိစီးမှုတွေ ကြုံခဲ့ရတယ်"ဟု တင်ဇာမော်က ပြောသည်။

"လူ ၁၂၀ ကျော် ကနေ တစ်ဝက်တိတိ ရွေးထုတ်ရတဲ့နေရာမှာ ကျွန်မတို့အားလုံး မှားယွင်းပြီး လုပ်မိမှာကို အလွန်စိုးရိမ်ကြတယ်၊ အဲဒီလိုကမှ အကောင်းဆုံးလို့ ယူဆရတဲ့သူတွေကို ဆွဲထုတ်တယ်၊ ၂၂ ဦးကို ရွေးချယ်တယ်၊ ပြီးတော့ ၁၁ ဦး ရွေးတယ်၊ ထားခဲ့ရတဲ့ ကလေးတွေကို စိတ်မကောင်းဖြစ်တယ်၊ အခုတော့ ပရိသတ်လက်ထဲ နောက်ဆုံး ၁၁ ဦးကို ရွေးချယ်ထည့်ပေးခဲ့ပါတယ်၊ ဒီအဆင့်တွေဟာ ကျွန်မတို့ထက် ပရိသတ်က အကြိုက်ကို ရွေးရတော့မှာပါ၊ ဒီနှစ်က ထူးခြားတယ်၊ ကောင်းလွန်းလို့ ၁၀ ဦးကနေ တစ်ဦးတိုးလာတယ်၊ ဒါကြောင့် အတော်ဆုံးကလေးတွေကို ရွေးချယ်နိုင်ပါစေလို့ ဆုတောင်းတယ်" ဟု တင်ဇာမော်က ဆက်လက်ပြောကြားသည်။

Myanmar Idol Season 3 သည် Theatre Round 2 ရောက်သည်အထိ ပြိုင်ပွဲဝင် ၂၂ ယောက်ကို အောင်မြင်စွာ ရွေးချယ်ခဲ့ပြီး ထိုထဲမှ Theatre Round 3 တွင် ပြိုင်ပွဲဝင် ၂၂ ဦးထဲမှ ပြိုင်ပွဲဝင် ၁၁ ဦးကို ရွေးချယ်ခဲ့ရာ နန်းရွှေရီ၊ စွမ်းပြည့်အောင်၊ မီလန်း၊ ငွေဇင်လှိုင်၊ နော်ဂျက်စ်၊ မေမဒီ၊ ဖြိုးမြတ်အောင်၊ ပြည့်ဖြိုး၊ ဇော်ကြီး၊ နေခက်မင်းသစ်၊ ချမ်းမြေ့မောင်ချို တို့ကို ရွေးချယ်ခဲ့ပြီး ထိုပြိုင်ပွဲဝင်များထဲမှ အကောင်းဆုံး Winner ဆုရှင်တစ်ဦးကို လာမည့် ၁၄ ရက် (ကြာသပတေးနေ့) နှင့် သောကြာနေ့ ည ၉ နာရီတွင် Sky Net Channel-9 ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဟု သိရသည်။




ကိုလင်း

# မစ်စတင်းအလှမယ် ခိုင်ဇင်လင်း ထိုင်းနိုင်ငံသို့ မိတ်ကပ်ပညာများ သွားရောက်သင်ကြားခွင့်ရရှိ




**အရည်** အချင်းပြည့်ဝပြီး မိမိကိုယ်ကိုယ် ယုံကြည်မှုရှိသူ အမျိုးသမီးငယ်များကို Mistine အလှကုန်က ရွေးချယ်ပြီး အမျိုးသမီးတိုင်း အလှအပနှင့် ဆက်နွှယ်၍ ဝမ်းစာရေးအတွက် အခိုင်အမာရပ်တည်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဒုတိယမြောက် Mistine Make Over Season 2 ကို ကျင်းပရာ ပြိုင်ပွဲဝင် ၂၇၀ ကျော် ယှဉ်ပြိုင်ခဲ့ကြပြီး အဆင့်ဆင့်ရွေးချယ်ခြင်းဖြင့် မစ်စတင်းအလှမယ် ခိုင်ဇင်လင်းကို ရွေးချယ်ပေးခဲ့ကြောင်း သိရှိရသည်။

"ဆုကိုရမယ်လို့လည်း ထင်မထားပါဘူး၊ မစ်စတင်းအလှမယ်ပြိုင်ပွဲဝင်တော့ ပြင်ဆင်ချိန်ကလည်း သိပ်မရလိုက်တော့ စိုးရိမ်မိတယ်၊ အားလုံးကလည်း လှကြတယ်၊ အရည်အချင်းတွေလည်း အသီးသီးရှိကြတယ်၊ ရွေးချယ်ခဲ့ပြီး ပြိုင်ပွဲမှာယှဉ်ပြိုင်ဖို့အတွက် ကိုဂွန်လွင်ဆီမှာ သင်တန်းတက်ခဲ့တယ်၊ အထူးသဖြင့်က မော်ဒယ်လ်တစ်ယောက် မဟုတ်တဲ့အတွက် တော်တော်လေး ခက်ခဲတယ်၊ သင်တန်းကနေ စကားပြောတဲ့ လေယူလေသိမ်းကအစ၊ ကိုယ်ရည်ကိုယ်သွေး၊ လမ်းလျှောက်နည်း၊ နေနည်းထိုင်နည်းနဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေရှိအောင် ကြိုးစားခဲ့တယ်"ဟု အလှမယ် ခိုင်ဇင်လင်းက ပြောသည်။

အဆိုပါ ပြိုင်ပွဲသို့ ထိုင်းနိုင်ငံမှ နာမည်ကြီး မိတ်ကပ်ပညာရှင်များ၊ ထိုင်းနိုင်ငံ၏ နာမည်ကြီးမင်းသမီးတစ်ဦးဖြစ်သူ PEEMAK ရုပ်ရှင်ဇာတ်ကားသရုပ်ဆောင်မင်းသမီး Ms. Mai Davika နှင့် ပြည်တွင်း သရုပ်ဆောင် ရွှေမှုံရတီနှင့် အနုပညာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။ ပြိုင်ပွဲတွင်ဆုရရှိသူမှာ ဆုငွေကျပ် ၁၀သိန်းနှင့်အတူ ထိုင်းနိုင်ငံသို့သွားရောက်ပြီး မိတ်ကပ်ပညာများကို လေ့လာခြင်း၊ Mistine နှင့်အတူ အလှအပရေးရာ လုပ်ငန်းများကိုလည်း ဆောင်ရွက်ပြီး ပြည်တွင်းရှိ အမျိုးသမီးငယ်များကို ပြန်လည်၍ဝေမျှသင်ကြားမှုများ လုပ်ဆောင်ရမည်ဟု သိရှိရသည်။

ကိုလင်း

# ငါးကြိမ်မြောက် Myanmar Music Festival Concert တွင် ဂန္ထဝင်သီချင်းများပါဝင်မည်



***ငါးကြိမ်မြောက်*** ဂန္ထဝင်ဂီတဖျော်ဖြေပွဲကျင်းပမည့် ဂီတဖျော်ဖြေပွဲ (5th Myanmar Music Festival 2018 Concert) ကို ဇွန် ၁၇ ရက် ညနေ ၆ နာရီမှစတင်၍ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ ဖျော်ဖြေမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက် လေ့လာကြည့်ရှုအားပေးနိုင်မည်ဖြစ်သည်။

"ထူးခြားတာက မလေးရှားနဲ့ မြန်မာနဲ့ပေါင်းထားတာ မြန်မာနိုင်ငံက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးအောင်ဝမ်းတူး(ရွာစား)နဲ့ ပလွေပညာရှင်၊ နဲ့ပညာရှင်၊ ပတ္တလားပညာရှင်ပါမယ်၊ ပြီးတော့ တေးသံရှင်မေဆွိနဲ့ ရခိုင်အဆိုရှင် ကိုဝင်းကိုခိုင်တို့လည်း ပါဝင်ကြမှာဖြစ်ပါတယ်၊ ကျွန်မတို့ ဂန္ထဝင်တေးဂီတအမျိုးအစားဆိုတာ ကမ္ဘာမှာ တန်ဖိုးထားပြီးတော့ ထိန်းသိမ်းကြတယ်၊ အခုလို ဂန္ထဝင်ဂီတတွေ၊ အော်ပရာတွေကို သူများနိုင်ငံမှာ ကြည့်ချင်တယ်ဆိုရင် ရိုးရိုးတန်းတန်း Pop Show တွေထက် စျေးကြီးကြီးပေးပြီး ကြည့်ကြရတယ်၊ ကျွန်မတို့နိုင်ငံမှာလည်း သီချင်းကြီး သီချင်းခန့်ဆိုတဲ့ ဂန္ထဝင်တေးဂီတတွေရှိတယ်၊ အဲ့ဒါမျိုးတွေကို သူတို့တစ်တွေ ဘယ်လိုထိန်းသိမ်းထားသလဲဆိုတာ ဒီပွဲတွေမှာကြည့်ရင် ဗဟုသုတကောင်းကောင်းရမှာပါ၊ အခွင့်အရေးကောင်းဖြစ်တဲ့အတွက် အချိန်ပေးပြီး လေ့လာအားပေးစေချင်ပါတယ်"ဟု ဂီတဖျော်ဖြေပွဲ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ (ဒေါ်) ပတ္တမြားကေခိုင်က ပြောသည်။

အဆိုပါဖျော်ဖြေပွဲကြီးတွင် အမေရိကန်၊ ထိုင်ဝမ်၊ ဂျပန်နိုင်ငံတို့မှ ဂီတပညာရှင်များ၊ မလေးရှားနိုင်ငံတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအပြင် ပြည်တွင်းတိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုမှ ဂီတဝါသနာရှင် ၂၅ ဦးတို့က ဂန္ထဝင်ဂီတအော်ပရာရှိုးကို ပူးပေါင်းပါဝင် ဖျော်ဖြေတင်ဆက်မည်ဟုသိရပြီး မြန်မာဘက်မှ မေဆွိ၊ ရခိုင်တေးသံရှင် ကိုဝင်းကိုခိုင်၊ ဆိုင်းပညာရှင်များအပြင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အတီးပညာရှင်များ ပါဝင်တီးခတ်မည်ဟု သိရသည်။

•••••• ကိုလင်း ••••••

## ပုံမှန်ဇာတ်လမ်းများထက် ကွဲပြားအောင် ရိုက်သူများအတွက် ဇာတ်လမ်းရှားပါးမှုရှိနေ

၂၀၁၇ ခုနှစ်က မြန်မာ ရုပ်ရှင်လောက၏ ထိပ်တန်းမင်းသားတစ်လက်ဖြစ်သည့် အကယ်ဒမီနေတိုးနှင့် ဂီတလောက၏ ထိပ်တန်းစာရင်းဝင် ရွှေထူးတို့ နှစ်ဦးကို Myanmar Media 7 ထုတ်လုပ်ရေးမှ ဇာတ်ကားများနှင့် အနုပညာလုပ်ငန်းများလုပ်ဆောင် ရိုက်ကူးရန် စာချုပ်ချုပ်ဆိုခဲ့သည်။ မကြာမီက ရုံတင်သွားသည့် ဒါရိုက်တာသားညီ ရိုက်ကူးသော "ပက်ပက်စက်စက်ညို့" ရုပ်ရှင်ဇာတ်ကားကြီးတွင် နေတိုး၊ ရွှေထူးနှင့် အလှမယ် မိုးစက်ဝိုင်တို့ ပါဝင်သရုပ်ဆောင်ခဲ့ရာတွင် အောင်မြင်ခဲ့သည့်အတွက် ဒုတိယမြောက် ဇာတ်ကားအဖြစ် အဆိုတော် ရွှေထူး အဓိကပါဝင် သရုပ်ဆောင်မည့် "နှလုံးသားတံခါးကို ထွက်ချည် ဝင်ချည် လုပ်တဲ့ ညှော့်သည်"အမည်ရ ဇာတ်ကားကို ယခုလတွင် သရုပ်ဆောင် ရွှေမှုံရတီ၊ နေခြည်ဦးတို့နှင့်အတူ ရိုက်ကူးနေကြောင်း ဒါရိုက်တာ ဝေမင်းမောင်ထံမှ သိရသည်။

"ကျွန်တော်တို့ Media 7 က နာမည်ကြီး အနုပညာရှင်တွေ တော်တော်များနဲ့ ဇာတ်ကားတွေ ရိုက်ကူးခဲ့တာရှိပါတယ်၊ အဲဒီလို ရိုက်ကူးခဲ့တာမို့ ပရိသတ် အားပေးမှုတွေ အများကြီးရခဲ့ပါတယ်၊ မကြာမီက ရွှေထူးနဲ့ နေတိုးကို စာချုပ်ချုပ်ပြီး ရိုက်ကူးမှုတွေ၊ ကြော်ငြာပိုင်းတွေ အားလုံးအောင်မြင်စွာ လုပ်ဆောင်ခဲ့ပါတယ်၊ ဒါကြောင့် လာမယ့် ၂၀၁၉-၂၀၂၀ မှာလည်း စာချုပ်ချုပ်ဖို့ ပြင်ဆင်နေပါတယ်၊ ဒီဇာတ်ကားနှစ်ကား ပြီးသွားရင် ဒဏ္ဍာရီမိုးဆိုတဲ့ ဇာတ်ကားရိုက်ကူးဖို့ ပြင်ဆင်နေပါတယ်၊ ဇာတ်လမ်း မိုးနီဖြစ်ပြီး သရုပ်ဆောင် ရဲတိုက်၊ ရွှေထူး၊ ဒေါင်း၊ ဝတ်မှုံရွှေရည်တို့က သရုပ်ဆောင်ထားတယ်" ဟု Media 7 မှ ကိုရွှေမန်းက ပြောသည်။



လတ်တလော ရုပ်ရှင်လောကကို လှုပ်ခတ်စေခဲ့သည့် 'မုဒြာခေါ်သံ၊ ဥပါယ်တံမျဉ်၊ ဒုဋ္ဌဝတီကိုလွန်၍' စသည့် ဇာတ်ကားများအကြောင်းနှင့် တစ်လတစ်ကား ရိုက်ကူးနေသည့် စျေးကွက်အပေါ် "အသိုက်အဝန်း အနေနဲ့ကတော့ အကောင်းဘက်ကို ဦးတည်နေတာလို့ ပြောလို့ရပါတယ်၊ ပုံမှန် အနေအထားလောက် ရိုက်ထားတဲ့ ဇာတ်ကားလောက်က နောင်ဆို တိုးဖို့ မလွယ်ကူတော့ပါဘူး၊ ပရိသတ်ကလည်း အရင်လို မရတော့ဘူး၊ ဇာတ်ကားတစ်ကားကို ဘယ်လို ကြိုးစားထားသလဲဆိုတာ သိလာတဲ့အတွက် ထုတ်လုပ်ရေးပိုင်းတွေက ကြိုးစားအားထုတ်မှု ပိုပြီးမြင့်မှသာ ရေရှည်ရပ်တည်နိုင်မှာပါ၊ နောက်ပိုင်း မြန်မာရုပ်ရှင်ဇာတ်ကားအချို့ ဆိုးရွားနေတာ တွေ့ရတယ်၊ ကျွန်တော်တို့ကလည်း ပိုပြီးအားစိုက်ဖို့လိုလာတယ်၊ စိန်ခေါ်မှုတွေ များများရှိလေ ကိုယ့်အတွက် ပိုကြိုးစားမှုရှိလေလေပါ၊ စိန်ခေါ်မှုတိုင်းကို လက်ကမ်း ကြိုဆိုပါတယ်" ဟု ၎င်းက ပြောသည်။

ယခုနောက်ပိုင်းတွင် ဇာတ်ကားများသည် ဇာတ်အိမ်ရှားပါးလာခြင်းကြောင့် လည်းကောင်း၊ ဇာတ်ကားရိုက်ကူးမှုများကို ထုတ်လုပ်ရေးပိုင်းက အများအပြား ရိုက်ကူးမှုကြောင့် လည်းကောင်း၊ အများနှင့်မတူအောင် ကွဲထွက်ရန် ကြိုးစားနေရသောကြောင့်လည်းကောင်း ဇာတ်လမ်းရှားပါးနေကြောင်း သိရသည်။

ကိုလင်း

## နိုင်ငံတကာ အနုပညာသတင်း

# ပရိသတ်တွေကြောင့် မျက်ရည်ကျမတတ် ဝမ်းသာမိပါတယ်လို့ဆိုလိုက်တဲ့ ဒီမီလိုဗာတို

ဒီမီလိုဗာတိုဟာ လန်ဒန်မြို့ O2 အားကစားကွင်းမှာ ဖျော်ဖြေဖို့ စီစဉ်ခဲ့ပေမယ့်သူ့ရဲ့ ကျန်းမာရေးအခြေအနေကြောင့် သီဆိုဖျော်ဖြေနိုင်ခဲ့ခြင်းမရှိပါဘူး။ အဲဒီအတွက် သူရဲ့ပရိသတ်တွေကို လူမှုမီဒီယာပေါ်ကနေတစ်ဆင့် တောင်းပန်ထားပါတယ်။ လန်ဒန်မြို့က ပရိသတ်တွေရော၊ သူ့ရဲ့ပွဲကိုကြည့်ဖို့ အဝေးတစ်နေရာကနေ လာခဲ့ကြရတဲ့ ပရိသတ်တွေကိုရော အားလုံးကို တောင်းပန်ပါတယ်လို့ တောင်းပန်စကားဆိုခဲ့ပါတယ်။ ပွဲကျင်းပမယ့်နေရာကို ရောက်ရှိနေခဲ့ကြတဲ့ ပရိသတ်တွေကလည်း ကွင်းအပြင်ဘက်မှာ ဒီမီလိုဗာတိုအမြန်ပြန်နေကောင်းပါစေလို့ ဆုတောင်းပေးခဲ့ကြပြီး သူ့ရဲ့အောင်မြင်ကျော်ကြားတဲ့တေးတစ်ပုဒ်ဖြစ်တဲ့ Skyscraper ဆိုတဲ့သီချင်းကို သံပြိုင်သီဆိုခဲ့ကြပါတယ်။ ဒီဗီဒီယိုဖိုင်ကို ဒီမီလိုဗာတိုမြင်တွေ့တဲ့အခါမှာတော့ သူ့ရဲ့ပရိသတ်တွေဟာ သူ့ကိုဘယ်လောက်ထိချစ်ကြောင်း သိရလို့ မယုံနိုင်အောင်ဖြစ်ရတယ်လို့ ဆိုပါတယ်။ သူ့ပရိသတ်တွေရဲ့ သီချင်းဆိုသံကြားရလို့ မျက်ရည်ကျမိမတတ် ပျော်ရတယ်လို့လည်း သူကလူမှုကွန်ရက်မှာ ရေးသားထားပါတယ်။

ဒီမီလိုဗာတိုဟာပွဲစခါနီးကျမှ ကျန်းမာရေးအခြေအနေကြောင့် ပွဲရွှေ့လိုက်ရတာဖြစ်ပြီး ဒီလိုပွဲကိုဖျက်လိုက်ရဖို့လည်း ဆရာဝန်နဲ့ တိုင်ပင်ခဲ့ရကြောင်း၊ ဆရာဝန်က ဒီပွဲမှာ ဆက်ဆိုမယ်ဆိုရင် သူ့ရဲ့အသံကို ထိခိုက်စေမှာဖြစ်တဲ့အတွက်ကြောင့် မဆိုနိုင်တော့ဘဲ ရွှေ့လိုက်ရတာပါလို့သူက ရှင်းပြထားပါတယ်။ ပွဲပြန်လည်ကျင်းပမယ့်ရက်ကိုတော့ ဇွန် ၂၅ ရက်လို့ ပြင်ဆင်သတ်မှတ်ထားပါတယ်။

**ဘီဘီစီ**



# ပရီယန်ကာ ချိုပရာ အသည်းကွဲမှာကို သူငယ်ချင်းများစိတ်ပူနေကြ

ဘောလိဝုဒ်နာမည်ကျော်သရုပ်ဆောင် ပရီယန်ကာချိုပရာနဲ့ အဆိုတော်နစ်ခ်ဂျိုနာ့စ်တို့ တွဲနေတယ်ဆိုတာပြီးခဲ့တဲ့လကတည်းက သတင်းတွေထွက်ပေါ်ခဲ့တာဖြစ်ပြီး သူတို့နှစ်ဦးဟာ အပြင်ကိုအတူတွဲပြီး ထွက်တာကတော့ရှားပါတယ်။ ဒါပေမယ့်လည်း သူတို့နှစ်ဦးဟာ နစ်ခ်ရဲ့အစ်ကိုဝမ်းကွဲမင်္ဂလာဆောင်ကိုတော့ အတူတွဲတက်ခဲ့ကြပါတယ်။ ဒီလိုပါပဲသူတို့နှစ်ဦးသားဟာ ဇွန် ၈ ရက်တုန်းကလည်း အတူတူခရီးထွက်ခဲ့ကြပါသေးတယ်။ ပရီယန်ကာရဲ့သူငယ်ချင်းတွေကတော့ သူတို့သူငယ်ချင်းအသည်းကွဲမှာကို စိုးရိမ်နေကြပါတယ်။ နစ်ခ်အပေါ်မှာစိတ်နှစ်မထားဖို့ သတိပေးခဲ့ကြပြီး နစ်ခ်ဟာ အသည်းခွဲနိုင်တယ်လို့လည်း သူငယ်ချင်းဖြစ်သူကို သတိပေးထားကြပါတယ်။ ပရီယန်ကာကတော့ နစ်ခ်ဟာစမတ်ကျပြီး လူတော်လေးတစ်ယောက်ဖြစ်ပေမယ့် သူ့အပေါ်မှာ နက်နက်နဲနဲကြီး မချစ်မိအောင် ကြိုးစားနေတယ်လို့ ပရီယန်ကာနဲ့ နီးစပ်သူတွေက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။ ဘာလို့လဲဆိုရင် နစ်ခ်ဟာပရီယန်ကာ အရင်ဟောလိဝုဒ်ကနာမည်ကျော် စတားတွေနဲ့လည်း စုံတွဲခုတ်ခဲ့ပြီး အဲဒီအထဲမှာ ကိတ်ဟတ်ဒ်ဆန်၊ အိုလီဗာကားပ်တို့လို နာမည်ကျော်တွေလည်း ပါဝင်ပါတယ်။

ပရီယန်ကာနဲ့ကျမှ အချစ်စစ်နဲ့တွေ့ပြီး သူတို့နှစ်ဦးရေရှည်ဆက်တွဲနိုင်မလား ဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရမှာပါ။

**ဟောလိဝုဒ်လိုက်ဖ်**

**ခြူး**



ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၂၅)

# စကားပြန်နှင့် ဘာသာပြန်



**ဦးဟန်ညွန့် (ဥပဒေ)**

**တရားရုံး**

တရားရုံးတွင် အမှုရင်ဆိုင်ကြရသည်။ ထိုအခါ ဘာသာမျိုးစုံ ကြုံတတ်သည်။ အများနားလည်သော မြန်မာစကားဖြင့်သာ ပြောကြရုံမက အခြားဘာသာများ ပါဝင်တတ်သည်။ ရုံးသုံးစာသည် မြန်မာစာဖြစ်ပါသည်။ သို့သော်ငြား အခြားဘာသာစကားပြောစရာ၊ ရေးစရာ၊ မေးစရာများ ကြုံတတ်သည်။ ထိုအခါ စကားပြန် လိုအပ်သည်။ ဘာသာပြန် လိုအပ်သည်။ ဥပဒေပြဋ္ဌာန်းချက်လည်း ရှိပြီးဖြစ်ပါသည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

တရားဥပဒေစိုးမိုးရေးဆီသို့ ဦးတည်ချက်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြုစုထုတ်ဝေသော "မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများ" စာအုပ်ထွက်ရှိလာပါသည်။ ဥပဒေအရာရှိများ လေ့လာသိရှိနိုင်ရေးအတွက် ထုတ်ဝေခြင်းဖြစ်ပါသည်။ သို့သော် အများပြည်သူ ဖတ်ရှုလေ့လာထိုက်သော ဥပဒေပညာပေးစာအုပ်လည်း ဖြစ်ပါသည်ဟု ဆိုပါရစေ။




**အကူအညီရယူခွင့်**

စကားပြန်နှင့် ဘာသာပြန် အကူအညီရယူခွင့် အကြောင်းကို မျှတသော တရား စီရင်ရေးဆိုင်ရာ စံနှုန်းများစာအုပ်၊ စာမျက်နှာ-၃၆ တွင် ဖော်ပြရေးသားထားပါသည်။

တရားရုံးက အသုံးပြုသည့် ဘာသာစကားကို နားလည်ခြင်းမရှိသော ပုဂ္ဂိုလ်များအတွက် စကားပြန်ထားရှိရသည်။ ဘာသာပြန်ဆိုခြင်း တာဝန်ထမ်းဆောင်ပေးရသည်။ ထိုသို့ ဆောင်ရွက်ပေးရခြင်းမှာ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် ကိုက်ညီပါသည်။ နိုင်ငံတကာစံနှုန်းများနှင့်လည်း ကိုက်ညီပါသည်။

**ကနဦးအဆင့်**

စုံစမ်းထောက်လှမ်းမှု၊ စစ်ဆေးမေးမြန်းမှုနှင့် တရားစွဲမတင်မီ ကိစ္စရပ်များမှ စတင်၍ စကားပြန်ပေးရသည်။ ဘာသာပြန်ပေးရသည်။ အမှုစစ်ဆေးမှုအဆင့်အားလုံးနှင့် စစ်ဆေးမေးမြန်းသည့် ကာလတစ်လျှောက်လုံး စကားပြန်၊ ဘာသာပြန် ပါဝင်ရပေသည်။ ယင်းအခွင့်အရေးသည် ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်းက အသိအမှတ်ပြုထားသော အခွင့်အရေးဖြစ်ပါသည်။ လူ့အခွင့်အရေးစာချုပ်စာတမ်းတွင် ပါဝင်သောအခွင့်အရေးလည်း ဖြစ်ပါသည်။

**"စုံစမ်းထောက်လှမ်းမှု၊ စစ်ဆေးမေးမြန်းမှုနှင့် တရားစွဲ မတင်မီ ကိစ္စရပ်များမှ စတင်၍ စကားပြန်ပေးရသည်။ ဘာသာပြန်ပေးရသည်။ အမှုစစ်ဆေးမှုအဆင့်အားလုံးနှင့် စစ်ဆေးမေးမြန်းသည့် ကာလတစ်လျှောက်လုံး စကားပြန်၊ ဘာသာပြန် ပါဝင်ရပေသည်။ ယင်းအခွင့်အရေးသည် ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်းက အသိအမှတ်ပြု ထားသော အခွင့်အရေးဖြစ်ပါသည်။ လူ့အခွင့်အရေးစာချုပ်စာတမ်းတွင် ပါဝင်သော အခွင့်အရေးလည်းဖြစ်ပါသည်"**

**နားလည်ခြင်း**

စွဲချက်ကို နားလည်ဖို့ လိုအပ်ပါသည်။ မှန်ကန်သော ခုခံချေပချက် ရရှိသင့်ပါသည်။ သက်ဆိုင်သည့် အခွင့်အရေးများ မဆုံးရှုံးသင့်ပါ။

အမှုအကြောင်း၊ စွပ်စွဲမှုအကြောင်း သိနားလည်ဖို့ လိုအပ်သည်။ လူတစ်ဦး၏ ဘဝ၊ လူတစ်ဦး၏ အနာဂတ်အတွက် တရားမျှတမှု လိုအပ်လှပါသည်။

**အကြားအာရုံ၊ အမြင်အာရုံ**

အကြားအာရုံနှင့် အမြင်အာရုံ ချို့တဲ့နေသူများအပါအဝင် မသန်စွမ်းသူများအတွက်ပါ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပေးပေသည်။ မျှတသော တရားစီရင်ရေးဆိုင်ရာ အခွင့်အရေးကို မထိခိုက်စေရပေ။

**ရာဇဝတ်ကျင့်ထုံးဥပဒေ**

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၆၁(၁)(၂)(၃) တို့အရ တရားခံနားမလည်သော ဘာသာစကားကို နားလည်သည့် ဘာသာစကားဖြင့် လူသိရှင်ကြား တရားခွင်တွင် ဘာသာပြန်ဆိုခြင်း၊ ရှေ့နေဖြင့် တရားရုံးဘာသာစကားပြန်ဆိုပေးခြင်း စာတမ်းအမှတ်စာသားကို အဓိပ္ပာယ်ပြန်ဆိုရန် တရားရုံး၏ သဘောအတိုင်း ဘာသာပြန်ဆိုပေးခြင်းတို့မှာ ရည်ညွှန်းအပ်သော ပြဋ္ဌာန်းချက်၊ စံနှုန်းများ ဖြစ်ကြပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၆၄(၁)အရလည်း တရားခံ၏ အခွင့်အလမ်းများ ရှိပေသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၃ အရလည်း စကားပြန်၏ တာဝန်ကို သတ်မှတ်ထားသေးသည်။

**သက်သေခံအက်ဥပဒေ**

သက်သေခံအက်ဥပဒေပုဒ်မ ၁၂၆ အရ စကားပြန်၊ ရှေ့နေများ၏ ကဏ္ဍကို ဖော်ပြဆောင်ရွက်ရသည်။

**ကလေးသူငယ်ဥပဒေ**

ကလေးသူငယ်ဥပဒေ ပုဒ်မ ၄၂ အရ ကလေးသူငယ်မှုခင်းများကို လိုအပ်ပါက စီရင်စစ်ဆေးရာတွင် စကားပြန်ရရှိအောင် စီစဉ်ပေးရကြောင်း ပြဋ္ဌာန်းထားပါသည်။

**ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ**

ပုဒ်မ ၂၇ အရ စကားပြန်ထားခြင်း၊ မသန်စွမ်းသူအတွက် လက်စမ်းစာပေ နားလည်သူ ထားရှိပေးခြင်းများ ဖော်ပြပြဋ္ဌာန်းထားသည်။

**နိုင်ငံတကာစံနှုန်း**

ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၄(၃)အရ မိမိနားလည်သည့် ဘာသာစကားဖြင့် အသုံးပြုဆောင်ရွက်ခွင့် စကားပြန်အကူအညီ အခမဲ့ရပိုင်ခွင့်များ ထားရှိပေးပေသည်။ စကားပြန်နှင့် ဘာသာပြန်ကိစ္စများသာမက စံနှုန်းများပါ ဖော်ပြပေးသေးသည်။

**မျှတသောတရားစီရင်ရေး**

မျှတသောတရားစီရင်ရေးဖြစ်ဖို့ တစ်ဦးတစ်ယောက်နှင့်ဆောင်ရွက်၍ မရ။ တာဝန်ရှိသူအချင်းချင်း စုပေါင်းတာဝန်ယူရကြောင်း သက်သေပြလျက်ရှိပေသည်။ ဤအချက်ကို ဤစာအုပ်တွင် ဖော်ပြရေးသားသည်။

**အချက် (၄)ချက်**

- (က) တရားသူကြီးများ၏ လွတ်လပ်မှုနှင့်ဘက်မလိုက်မှု
- (ခ) အများပြည်သူရှေ့မှောက်တွင် ကြားနာခြင်း
- (ဂ) အမှုစစ်ဆေးစီရင်ရာတွင် စွပ်စွဲခံရသူရှိနေခွင့်
- (ဃ) လုံလောက်သောအကြောင်းမရှိဘဲ တရားစီရင်မှုကို နှောင့်နှေးကြန့်ကြာမှုမရှိစေရေးတို့သည် မျှတသောတရားစီရင်ရေးအတွက် အရေးကြီးသော အချက် (၄)ချက် ဖြစ်ပေသည်။

**ရှေ့နေချုပ်၏ အမှာစာ**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်တစ်ရပ်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့်အပြင် " တရားဥပဒေစိုးမိုးရေးဆီသို့ "ဟူသည့် ပြည်ထောင်စုရှေ့နေရုံး၏ မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ "မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းများ" စာအုပ်ကို ထုတ်ဝေနိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်ဟု ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၏ အမှာစာ (၂၀၁၈၊ ဖေဖော်ဝါရီလ) တွင် မှတ်တမ်းပြုရေးသားထားပါသည်။

**စေတနာ**

"စံနှုန်းများ" စာအုပ်ကို ဖတ်ရှုရင်း၊ တစ်ချိန်က ဥပဒေအရာရှိ တာဝန်ထမ်းဆောင်ခဲ့ဖူးသော ကျွန်တော့်အနေနှင့် မျိုးဆက်သစ် ဥပဒေအရာရှိများအတွက် အားတက်မိပါကြောင်း စဉ်းစားမိသည့် ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ---။ ။

## တောင်တွင်းကြီးမြို့နယ်၌ နှစ် ၂၀ အတွင်း မိုးရေချိန်စံချိန်သစ်တင် ရွာသွန်း

**တောင်တွင်းကြီး ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ဇွန် ၁၂ ရက်က မိုးရေချိန် ၃ ဒသမ ၅၈ လက်မရွာသွန်းခဲ့ကြောင်း တောင်တွင်းကြီးမြို့စိုက်ပျိုးရေး မိုးလေဝသတိုင်းထွာရေးစခန်းမှတ်တမ်းများအရ သိရသည်။ တစ်ရက်တည်း အများဆုံးမိုးရေချိန်အဖြစ် ၂၀၁၁ ခုနှစ် ဇွန် ၂၅ ရက်က မိုးရေချိန် ၃ ဒသမ ၂၃ လက်မ ရွာသွန်း၍ စံချိန်တင်ခဲ့ရာမှ ၂၀၁၈ ခုနှစ် ဇွန် ၁၂ ရက်က မိုးရေချိန် ၃ ဒသမ ၅၈လက်မ ရွာသွန်းခဲ့သဖြင့် နှစ် ၂၀ အတွင်း မိုးရေချိန်စံချိန်သစ်တင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသမှတ်တမ်းများအရ သိရသည်။

ထိုသို့ မိုးများအဆက်အပြတ် ရွာသွန်းခြင်းကြောင့် စက်စက်ယိုချောင်းရေမှာ တောင်ပြင် ၁ ရပ်ကွက်၊ အုန်းတော ၂ ရပ်ကွက်တို့မှ အနိမ့်ပိုင်းရှိနေအိမ် ၃၀၀ ခန့်သို့ ရေအနက် တစ်ပေမှ နှစ်ပေခန့်အထိ ရေများဝင်ရောက်ခဲ့ကြောင်း အဆိုပါရေဝင်ရောက်မှုကြောင့် နေအိမ်များပြောင်းရွှေ့ရမှုမရှိကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# ကော့မှူးမြို့နယ်တွင် ဘက်စုံသုံးဆိပ်ကမ်းတည်ဆောက်ရန် စီမံကိန်းအစီရင်ခံစာကို လွှတ်တော်တွင် ဆွေးနွေး

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သရက်တောကျေးရွာတွင် ဘက်စုံသုံးဆိပ်ကမ်း(Multipurpose Terminal) တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှပေးပို့သော လုပ်ငန်းစီမံကိန်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဇွန် ၁၁ ရက်က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးတို့က ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးခဲ့**

ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်စိုးပပလှိုင်၊ သဃ်န်းကျွန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနေမျိုးကျော်(ခ)ဦးနေဘုန်းလတ်၊ လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ကျော်ထွန်း၊ ကွမ်းခြံကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမန်းအောင်ကိုမင်း၊ ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ကြည်ပြာနှင့် ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးရန်အောင်မင်း(ခ)ဦးဂေးမောင်တို့က အစီရင်ခံစာနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ကိုယ်စားလှယ် ဒေါ်စိုးပပလှိုင်က ဆွေးနွေးရာတွင် အစီရင်ခံစာထဲတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေး၊ ကုန်စျေးနှုန်းများ တည်ငြိမ်မှုရှိစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေး၊ စက်သုံးဆီစျေးနှုန်းတည်ငြိမ်ရေး အစရှိသည့်ရည်ရွယ်ချက်များဖြင့် ဘက်စုံသုံးဆိပ်ကမ်းတစ်ခု ဆောင်ရွက်နိုင်ရန် မြေနေရာရှာ၍ ဆန်းစစ်မှုများ ဆောင်ရွက်ခဲ့သည်ဟု တွေ့ရှိရကြောင်း၊ စက်သုံးဆီစျေးနှုန်းကို အဓိကထားရည်ရွယ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားကြောင်း၊ ထို့ပြင် ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်အကြား မြေနေရာများကို စက်သုံးဆီသိုလှောင်စခန်းနှင့် ဘက်စုံသုံးဆိပ်ကမ်းတည်ဆောက်ရန် နိုင်ငံတကာအတွေ့အကြုံရှိ ကုမ္ပဏီကြီးများနှင့် ပဏာမ ဖြစ်နိုင်ခြေလေ့လာပြီး လက်တွေ့ကွင်းဆင်း၍ ဆောင်ရွက်ခဲ့သည်ဟု သိရှိရကြောင်း၊ ရည်ရွယ်ချက်ကောင်းများကြောင့် နိုင်ငံတော်နှင့် ဒေသတွင်းရှိ ပြည်သူများအတွက် ဆောင်ရွက်သင့်သည့် စီမံကိန်းတစ်ခုဟု ယူဆကြောင်း၊ သို့သော် အစီရင်ခံစာတွင် စီမံကိန်းအတွက် ကနဦးလိုအပ်ချက်ဖြစ်သည့် မြေနေရာသတ်မှတ်ပြီး ထိုမြေများအတွက် မည်သို့ရှင်းလင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ပါဝင်ခြင်းမရှိသည့်အတွက် ပြီးပြည့်စုံသောအစီရင်ခံစာဟု သတ်မှတ်ရန်မသင့်ကြောင်းနှင့် ဆွေးနွေးရန်မသင့်သေးကြောင်း တင်ပြခဲ့သည်။



လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော်(ခ)ဦးနေဘုန်းလတ် ဆွေးနွေးစဉ်။

**ပြန်လည်ဆန်းစစ်ရန်လို**

ကိုယ်စားလှယ် ဦးနေမျိုးကျော်(ခ)ဦးနေဘုန်းလတ်ကလည်း အစီရင်ခံစာတွင် အပိုင်းသုံးပိုင်းပါဝင်ပြီး အပြည့်အစုံမဟုတ်ဘဲ အချက်အလက်အချို့ကို တင်ပြထားသည်ကို တွေ့ရှိရကြောင်း၊ လက်ရှိ ရန်ကုန်အတွင်းပိုင်းဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းနှစ်ခုသည် စွမ်းဆောင်နိုင်မှု ကန့်သတ်ချက်ရှိနေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိ လုပ်ကိုင်ဆောင်ရွက်နေသည့် ကုန်သွယ်မှုလုပ်ငန်းပမာဏနှင့် ဆိပ်ကမ်းနှစ်ခု၏ စွမ်းဆောင်နိုင်မှုမှာ အမှန်တကယ် လုံလောက်မှုမရှိဆိုသည့်အချက်ကို ပြန်လည်ဆန်းစစ်ရန် လိုအပ်ကြောင်း၊ လက်ရှိတွင် သီလဝါဆိပ်ကမ်း၌ အကွက်လွတ်များ များစွာရှိကြောင်းနှင့် အဆိုပါအကွက်များကို ငှားရမ်းအသုံးမပြုဘဲထားရှိခြင်းများ ရှိနေသည်ကို လေ့လာသိရှိရကြောင်း၊ ကော့မှူး ဘက်စုံသုံးဆိပ်ကမ်းနေရာသည် မြို့လယ်နှင့်ဝေးပြီး ပင်လယ်ဝနှင့်နီးကပ်သည့်အတွက် သင်္ဘောများဆိုက်ကပ်ရန် အားသာချက်တစ်ခုအနေဖြင့် ဖော်ပြထားကြောင်း၊ အဆိုပါ အချက်သည် အခြားတစ်ဖက်တွင် အားနည်းချက် ဖြစ်သွားနိုင်ကြောင်း၊ ကုန်စည်များတင်ပို့ရာတွင် ခရီးဝေးကွာမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ဆိပ်ကမ်းကို ဘက်စုံသုံးဟု ဖော်ပြထားသော်လည်း စက်သုံးဆီ တင်ပို့ဖြန့်ဖြူးရန်အတွက် အဓိက ရည်ရွယ်ထားသည်ဟု နားလည်မိကြောင်း၊ ထို့ကြောင့် ဘက်စုံသုံးဆိပ်ကမ်းအဖြစ် အမှန်တကယ် အသုံးပြုမည်လား စက်သုံးဆီအတွက် ရည်ရွယ်ပြီးသုံးမည်လား ဆိုသည်ကို ပြတ်ပြတ်သားသား သေချာစွာဆုံးဖြတ်၍ ပွင့်ပွင့်လင်းလင်း တင်ပြရန်လိုကြောင်း၊ စက်သုံးဆီဆိပ်ကမ်းတည်ဆောက်ပုံနှင့် အခြားဆိပ်ကမ်းများ တည်ဆောက်ရာတွင် ဒီဇိုင်းအနေဖြင့် တူညီမှုမရှိကြောင်း၊ စက်သုံးဆီများသိုလှောင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာများ၊ အခြားစိန်ခေါ်မှုများကို ကုစားကာကွယ်ရေး လေ့လာပြင်ဆင်ထားရန်လည်း လိုအပ်ကြောင်း၊ ပြည်ပကုမ္ပဏီများ၏ ဆန်းစစ်လေ့လာမှုအရ စီမံကိန်းသည် အောင်မြင်နိုင်ခြေရှိသည်ဟု ရေးသားထားသော်လည်း စီမံကိန်းတစ်ခုကို ဆောင်ရွက်ရာတွင် ပဏာမ စိစစ်မှုများကို ပြုလုပ်သည့်ကုမ္ပဏီနှင့် နောက်ပိုင်း တည်ဆောက်မည့်ကုမ္ပဏီများအကြားတွင် ချိတ်ဆက်မှုမရှိဘဲ သီးခြားလွတ်လပ်သည့် ကုမ္ပဏီများကိုသာ ဆောင်ရွက်ခိုင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အောင်မြင်မည်၊ မအောင်မြင်မည်ကို သေချာစွာ ခွဲခြားနိုင်ခြင်းမရှိသေးကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် စီးပွားရေးအမြင်တစ်ခုတည်းဖြင့် ကြည့်၍မရကြောင်း၊ နိုင်ငံရေးအမြင်၊ လူမှုရေးအမြင်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအမြင် စသည့် အမြင်ပေါင်းစုံဖြင့် ကြည့်ပြီးမှ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မည့်နေရာတွင် လူနေထိုင်သည့်ရွာများရှိသည်ဟု သိရပြီး မြေသိမ်းယာသိမ်းကိစ္စများ ပါဝင်လာပါက မည်သို့ဆောင်ရွက်မည်ကို အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြမထားသည်ကို တွေ့ရကြောင်း၊ ထို့အပြင် ဤမျှကြီးမားသော ရင်းနှီးမြှုပ်နှံမှုကို မည်သူက ရင်းနှီးမြှုပ်နှံမည်၊ စီမံကိန်းကုန်ကျစရိတ်၊ စီမံကိန်း၏ ကြာမြင့်ချိန်ကာလများသည်လည်း ထည့်သွင်းစဉ်းစားသင့်သော အချက်များဖြစ်ကြောင်းနှင့် အစီရင်ခံစာသည် ပြည့်စုံလုံလောက်မှုမရှိကြောင်း၊ လုံလောက်သည့်အချက်အလက်များကို တင်ပြပြီးနောက် လွှတ်တော်အနေဖြင့် ထပ်မံဆွေးနွေးပြီးမှသာ ဆောင်ရွက်သင့်သော စီမံကိန်းတစ်ခုဖြစ်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။ **သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

# ရန်ကုန်မြို့ရှိ ဂျာမနီ ယဉ်ကျေးမှုဗဟိုဌာန အဆောက်အအုံသစ် မွမ်းမံဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၂**



မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အဓိကအရေးပါသည့် ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်(ဖဆပလ)ရုံးအဖြစ်အသုံးပြုခဲ့ပြီး ၁၉၄၅ ခုနှစ် အစောပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း ရုံးထိုင်ခဲ့သော သမိုင်းဝင် အဆောက်အအုံကို အဆင့်မြင့်မွမ်းမံ၍ Goethe ဗီလာစံအိမ် အမည်ဖြင့် ဂျာမနီ ယဉ်ကျေးမှုဗဟိုဌာန အဆောက်အအုံသစ်အဖြစ် ဖွင့်လှစ်ခြင်း စာနယ်ဇင်းရှင်းလင်းပွဲကို ဇွန် ၁၁ ရက်က အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး၊ Goethe Institute ဥက္ကဋ္ဌနှင့် ဒါရိုက်တာတို့ တက်ရောက်ကြပြီး ဂျာမန်ယဉ်ကျေးမှုဗဟိုဌာနသစ် ပြုပြင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဂျာမနီသံအမတ်ကြီးက "ကျွန်မတို့ရဲ့ ဒီယဉ်ကျေးမှုဗဟိုဌာနကနေ ယဉ်ကျေးမှုဖလှယ်တဲ့ အစီအစဉ်တွေ ဆောင်ရွက်နိုင်မှာဖြစ်တဲ့အပြင် ဂျာမန်ဘာသာစကားသင်တန်းတွေကိုလည်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်၊ ဒီကနေတစ်ဆင့် ထူးချွန်တဲ့သူတွေကို ဂျာမနီနိုင်ငံကိုသွားရောက်ပြီးတော့ ပညာသင်ကြားနိုင်မယ့် အစီအစဉ်တွေကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဒါဟာ မြန်မာလူငယ်တွေအတွက်တော့ အခွင့်အလမ်းကောင်းတွေဖြစ်လာမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အသက် ၁၆ နှစ်ပြည့်ပြီး ၁၀ တန်းအောင်ထားသော မြန်မာလူငယ်များအနေဖြင့် ဂျာမန်ဘာသာစကားကို သင်ယူနိုင်မည့်အခွင့်အလမ်း ပိုမိုရရှိမည်ဖြစ်ကြောင်း၊ သင်တန်းနှင့်ပတ်သက်သည့် အချက်များကို ဖုန်း ၀၁-၂၃၀၆၁၄၂ သို့လည်းကောင်း၊ ဝက်ဘ်ဆိုက် http://goethe.de/myanmar တွင်လည်းကောင်း၊ ဖေ့စ်ဘုတ်စာမျက်နှာ Goethe-Institute Myanmar တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Goethe ဗီလာခေါ် ဂျာမနီယဉ်ကျေးမှုဗဟိုဌာနသည် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနှင့် နတ်မောက်လမ်းထောင့်တွင် တည်ရှိပြီး ယခင် ပန်းချီပန်းပုသင်တန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့သည့်နေရာလည်းဖြစ်ကြောင်း၊ အဆိုပါ အဆောက်အအုံကို ၂၀၁၄ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဂျာမနီနိုင်ငံ သမ္မတက ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အဆိုပါ သမိုင်းဝင် အဆောက်အအုံကို ပြုပြင်မွမ်းမံရန်နှင့် အဆောက်အအုံသစ် ဆောက်လုပ်ရန်အတွက် ဘာလင်မြို့ရှိ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက ယူရိုသန်းနှင့်ချီ၍ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၆ နိုဝင်ဘာ ၁ ရက်တွင် လုပ်ငန်းစတင်ပြီး ၂၀၁၈ ခုနှစ် မေလတွင် ပြီးစီး၍ ယခု ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် Goethe institute ပေါင်း ၁၆၀ ရှိသည့်အနက် မြန်မာနိုင်ငံမှ Goethe institute အဆောက်အအုံမှာ ဆွဲဆောင်မှုအရှိဆုံးနှင့် အလှအပဆုံးဖြစ်ကြောင်း သိရသည်။

၎င်းအဆောက်အအုံသည် ဂျာမနီနိုင်ငံတွင် ပညာသင်ကြားရန် ကြိုးစားနေသော ကျောင်းသားကျောင်းသူများအတွက် ပညာရေးရပ်ဝန်းတစ်ခု ဖြစ်လာမည်ဖြစ်သည့်အပြင် မြန်မာ၊ ဂျာမနီနှင့် ဥရောပနိုင်ငံများမှ အနုပညာရှင်များအကြား အနုပညာများနှင့် တီထွင်ဖန်တီးမှုများကို ဖလှယ်မှုများပြုလုပ်နိုင်မည့် နေရာတစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**မြင့်မောင်စိုး**

# နောင်ချိုမြို့နယ် အကျဉ်းဦးစီးဌာန၌ အသိပညာပေးဟောပြောပွဲကျင်းပ

**နောင်ချို ဇွန် ၁၂**

နောင်ချိုမြို့နယ် ကုန်းစံကျေးရွာ အကျဉ်းဦးစီးဌာနရှိ စိုက်ပျိုးမွေးမြူရေး အတတ်သင်စခန်းနှင့် ဟိုခိုကျေးရွာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းတို့တွင် ဇွန် ၁၀ ရက်က အသိပညာပေးဟောပြောပွဲများ ကျင်းပသည်။

ဟောပြောပွဲတွင် ကုန်းစံအကျဉ်းဦးစီးဌာနတာဝန်ခံ ဦးမင်းဝေနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နယ်လီဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သန်းသန်းထွေးက အသိပညာတိုးပွားစေဖို့ ပြည်သူများအားလုံး စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးပေါင်ခန့်လျှန်က ပြည်သူများ နေ့စဉ်စားသုံးသော စားသောက်ဖွယ်ရာများ အန္တရာယ်မဖြစ်စေရေးနှင့် လုံခြုံစိတ်ချစွာ စားသောက်နိုင်ရေးအတွက် တံဆိပ်၊ အမှတ်အသား၊ ရက်လွန်သတိပေးစာတန်းများ မပါရှိသော အန္တရာယ်ဖြစ်စေသော စားသောက်ဖွယ်ရာနှင့် မုန့်မျိုးစုံတို့ကို မစားသောက်ကြရေး စသည်တို့ကို အသိပညာပေးဟောပြောခဲ့ကြသည်။

**စိုးဝင်း(နောင်ချို)**



**ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ၌ လေးအိမ်စုမင်္ဂလာစာကြည့်တိုက်သစ် ဖွင့်ပွဲကို ဇွန် ၁၀ ရက်က ကျင်းပခဲ့ရာ လေးအိမ်စုရွာ ဆရာတော်၊ ဆန်ဒေါင်းအင်တာနေရှင်နယ်မှ အဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလှမျိုးအောင်နှင့် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

(အဆိုပါ စာကြည့်တိုက်မှာ ၁၉၉၂ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယနေ့တိုင်ရှင်သန်အောင်မြင်လျက်ရှိကာ ဧရာဝတီတိုင်းဒေသကြီးတွင် ဒုတိယနှင့် တတိယဆုများ ရရှိခဲ့ဖူးသော စာကြည့်တိုက်ဖြစ်ကြောင်း၊ ယခု စာကြည့်တိုက် အဆောက်အအုံသစ်ကို ကိုရီးယားနိုင်ငံ ဆန်ဒေါင်းအင်တာနေရှင်နယ်၏ မတည်လှူဒါန်းငွေကျပ် ၁၃၅ သိန်းနှင့် ပြည်တွင်း ပြည်ပအလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်)

**မြို့နယ်(ပြန်/ဆက်)**

# တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ထားဝယ်မြို့မရဲစခန်း အချုပ်ခန်းနှင့် အကျဉ်းထောင်ကို စစ်ဆေး

**ထားဝယ် ဇွန် ၁၂**

တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်ပိုက်ပိုက်အေးသည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကျော်စွာငြိမ်း၊ ရုံးအဖွဲ့မှူးဒေါ်ချယ်ရီခင်၊ ထားဝယ်ခရိုင်တရားသူကြီး၊ ထားဝယ်မြို့နယ် တရားသူကြီးတို့နှင့်အတူ ဇွန် ၁၁ ရက်က ထားဝယ်မြို့မရဲစခန်း အချုပ်ခန်းနှင့် ထားဝယ်အကျဉ်းထောင်တို့ကို သွားရောက်စစ်ဆေးခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့သည် ထားဝယ်မြို့မရဲစခန်းတွင် အချုပ်ကျနေသူများနှင့် တွေ့ဆုံပြီး ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခြင်းရှိမရှိ စသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ထားဝယ်အကျဉ်းထောင်သို့သွားရောက်စစ်ဆေးရာတွင် အကျဉ်းထောင်မှ တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူများနှင့် အချုပ်သား အချုပ်သူများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့က အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အချုပ်သားများ နေထိုင်သည့်အဆောင်များသို့ သွားရောက်ပြီး အကျဉ်းသား၊ အချုပ်သားများအနေဖြင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခံစားနိုင်ရေး၊ အမှုများကို စစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် လိုအပ်သည်များကို ဌာနဆိုင်ရာများကြား ပေါင်းစပ်ဆောင်ရွက် ပေးခဲ့သည်။ **သူဇာနွယ်(ဖျာပုံ)**

# တိုက်ကြီးမြို့မှ မူလတန်းလွန်ကျောင်းဆောင်အတွက် ရန်ပုံငွေမကျ၍ ကလေးများ စာသင်ရန် ခက်ခဲနေ

**တိုက်ကြီး ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ ဈေးရပ်ရှိ မြို့မ(၁) အခြေခံပညာ မူလတန်းလွန်ကျောင်း အဆောက်အအုံသည် ၂၀၁၇ ခုနှစ် မတ် ၁၃ ရက်က လျှပ်စစ်ဓာတ်ကြောင့် ပျက်စီးခဲ့၍ အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်လိုက်ပြီးနောက် လက်ရှိအချိန်အထိ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ရန်ပုံငွေ မကျသေးသဖြင့် ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေးအတွက် အခက်အခဲရှိနေကြောင်း သိရသည်။

အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်လိုက်ပြီးနောက်တွင် ကျောင်းသားကျောင်းသူများအား ရှမ်းစုရပ်ရှိ ရှမ်းကျောင်းကြီးဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့၍ စာသင်ကြားပေးခဲ့ရာ ထိုနေရာမှာ အလင်းရောင်ကောင်းစွာမရ၊ လေဝင်လေထွက်မကောင်း၊ အခင်းမရှိသော အခန်းဖြစ်သောကြောင့် ကလေးငယ်များမှာ ကျန်းမာရေးနှင့်မညီညွတ်ဘဲ အခက်အခဲများစွာဖြင့် စာသင်ကြားနေကြရသလို ကျောင်းသွားကျောင်းပြန်တွင်လည်း မီးရထားလမ်း၊ ကားလမ်းများကိုဖြတ်၍ သွားနေရသောကြောင့် ကလေးများ အန္တရာယ်ဖြစ်မည်ကို မိဘများ စိုးရိမ်ပူပန်နေကြရကြောင်း သိရသည်။



အဆိုပါမူလတန်းကျောင်းကို ရှမ်းကျောင်းကြီးဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့၍ စာသင်နေသည်မှာ ယခုအချိန်အထိ တစ်နှစ်ခွဲခန့် ကြာပြီဖြစ်သော်လည်း ယနေ့အထိ ကျောင်းဆောင်အသစ်ကို ဆောက်လုပ်နိုင်ခြင်းမရှိသေးသောကြောင့် ဘုန်းကြီးကျောင်း၌သာ စာသင်ကြားပေးနေရကြောင်း သိရသည်။

ကျောင်းသားမိဘတစ်ဦးက "ကျွန်တော်တို့အနေနဲ့ ကျောင်းဖျက်ပြီးတော့ ရန်ပုံငွေချပေးမယ်လို့ ပညာရေးဌာနကပြောတာ ကြားတယ်၊ အခု ဖျက်ပြီး အဆောင်ဟောင်းကို ရောင်းရငွေ ၁၅၃၉၀၀၀၀ ကျပ်ကိုတောင် ပညာရေးဝန်ကြီးဌာနကို ပေးသွင်းပြီးဖြစ်ပါတယ်၊ ၂၀၁၈ ခုနှစ် ကျောင်းဖွင့်အမီ ပြန်လည်တည်ဆောက်ပေးမယ်လို့ ပညာရေးဌာနမှ သိရှိခဲ့ရသော်လည်း ယနေ့အထိ ရန်ပုံငွေမကျလို့ မဆောက်ရဘဲ ကလေးတွေ စာသင်တဲ့အခါ နေရာမလောက်လို့ အပြင်ထွက်သင်နေရတာ တစ်နှစ်ခွဲရှိပါပြီ၊ မိုးရွာရင်တော့ စာသင်စရာ နေရာမရှိပါဘူး၊ ကျောင်းအောက် ဓမ္မာရုံထဲမှာ စုပြီးနေရပါတယ်၊ ဒါ့အပြင် ဘုန်းကြီးကျောင်းကိုရောက်ဖို့ ရန်ကုန်-ပြည် ကားလမ်းနဲ့ မီးရထားလမ်းတွေကို ဖြတ်သွားနေရတော့ အန္တရာယ်များတယ်၊ ဒီလို ဒုက္ခခံပြီး စာသင်ရတာ တစ်နှစ်ခွဲရှိသွားပြီ၊ အထူးသဖြင့် KG တန်း ကလေးတွေ အပြင်ထွက်စာသင်နေရလို့ ကလေးတွေအတွက် စိတ်ပူရတယ်"ဟု ပြောသည်။

အဆိုပါ မြို့မ(၁) မူလတန်းလွန်ကျောင်းမှာ ကျောင်းသားကျောင်းသူ ၃၅၀ ခန့် တက်ရောက်လျက်ရှိပြီး ကျောင်းမြေနေရာအရ ကျောင်းဆောင်သစ်ကို သုံးထပ်အဆောက်အအုံအဖြစ် ဆောက်လုပ်မည်ဟု သိရသည်။ အဆိုပါ ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးအတွက် မြို့မိမြို့ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘများက လက်မှတ်ထိုး၍ ရန်ပုံငွေရရှိရန် ပညာရေးဝန်ကြီးဌာနသို့ တင်ပြထားကြောင်းလည်း သိရသည်။

ကျောင်းဆောင်သစ်ဆောက်ရန် ရန်ပုံငွေမကျသဖြင့် အဆောက်အအုံဆောက်လုပ်ရန် ကြန့်ကြာနေမည်ဆိုပါက ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တစ်နှစ်လုံးတွင် ကလေးများ စာသင်ကြားရေး ခက်ခဲနေမည်ကိုလည်း ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်များက စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

## မြိုင်၌တောင်သူများထံသို့ မြေယာနှင့်သီးနှံလျော်ကြေးငွေ ပေးအပ်

**မြိုင် ဇွန် ၁၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်သွားသော မြေယာများအတွက် မူလပိုင်ရှင် တောင်သူများထံသို့ မြေယာနှင့် သီးနှံလျော်ကြေးငွေများ ပေးအပ်ပွဲကို ဇွန် ၁၂ ရက်က မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် မြို့နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ အင်ဂျင်နီယာချုပ်(တူးဖော်ရေး) ဦးမျိုးဇော်ဦးက မြေယာနှင့် သီးနှံလျော်ကြေး ပေးချေနိုင်ရေး ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တောင်သူများထံသို့ မြေယာနှင့် သီးနှံလျော်ကြေးငွေများ ပေးအပ်ခဲ့ကြသည်။

လျော်ကြေးငွေများပေးအပ်ရာတွင် ဆင်စိန်၊ ဝက်ပုတ်နှင့် တောင်စုံ ကျေးရွာအုပ်စုသုံးခုမှ တောင်သူရှစ်ဦး၏ မြေဧရိယာ ၄ ဒသမ ၉၈ ဧကအတွက် မြေယာလျော်ကြေးငွေ ကျပ် ၇၄၇၀၀၀၀ နှင့် သီးနှံလျော်ကြေးငွေ ကျပ် ၃၁၄ သိန်းနီးပါးကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

၁၃၅

## ကော့ကရိတ်၌ ငြိမ်းချမ်းရေးမိသားစုဝင်များအတွက် စိုက်ပျိုးနည်းသင်တန်း ဖွင့်လှစ်ပေးပြီး မျိုးသန့်မျိုးစပါးများ ထောက်ပံ့

**ကော့ကရိတ် ဇွန် ၁၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းရှိ KNU တပ်မဟာ ၅ နှင့် ၇ တို့မှ ငြိမ်းချမ်းရေးမိသားစုဝင်များအတွက် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး ပညာပေးသင်တန်းကို ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဇွန် ၁၁ ရက်မှစ၍ ကော့ကရိတ်မြို့နယ် တတန်ကူးကျေးရွာရှိ KNU စိုက်ပျိုးမွေးမြူရေးစခန်း၌ ဖွင့်လှစ်ပေးခဲ့ပြီး မျိုးသန့်မျိုးစပါးများကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် KNU ဗဟိုကော်မတီဝင် ဖဒိုစောမြမောင်၊ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးအဖွဲ့ဝင် လှိုင်းဘွဲမြို့နယ်မှ အကျိုးဆောင်တောင်သူ ဦးစောအောင်တောတို့က ဒေသတွင်းစိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကြပြီး ဒေသတွင်း၌ မျိုးကောင်းမျိုးသန့်စပါးများ ပြန့်နှံ့စိုက်ပျိုးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဆင်းသုခ မျိုးသန့်မျိုးစပါး ၂၈၅ တင်းကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်ဦးက KNU ကရင်အမျိုးသားအစည်းအရုံးမှ တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ငြိမ်းချမ်းရေးမိသားစုဝင် သင်တန်းသား သင်တန်းသူ ၅၀ အား စိုက်ပျိုးရေးဦးစီးဌာန ကော့ကရိတ်ခရိုင်ဦးစီးမှူး ဒေါ်နော်သူးလေးထီး ဦးစီးသည့် စိုက်ပျိုးရေးပညာရှင် ကရင်အမျိုးသား၊ အမျိုးသမီး ဆရာ ဆရာမများက စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာများဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ စာတွေ့သင်ခန်းစာများနှင့် ဇွန် ၁၄ ရက်နှင့် ၁၅ ရက်တွင် လက်တွေ့သင်ခန်းစာများကို သင်ကြားပို့ချပေး၍ အခြေခံစိုက်ပျိုးနည်းပညာများကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ဟသ်ာတခရိုင် စက္ခုပါလာဒီဖောင်ဒေးရှင်းက ဆယ်ကြိမ်မြောက် အခမဲ့ မျက်စိခွဲစိတ်ကုသပေး

**ဟသ်ာတ ဇွန် ၁၂**

မိုးကောင်းကျောင်းတိုက် သက်တော်ရှည်ဆရာတော်ကြီး၏ ဩဝါဒကို ခံယူ၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် ဟသ်ာတခရိုင် စက္ခုပါလာဒီ ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ဒသမအကြိမ်မြောက် အခမဲ့ မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်းကို ဇွန် ၁၁ ရက်မှစ၍ ဟသ်ာတမြို့မိုးကောင်းကျောင်းတိုက်ရှိစက္ခုပါလာဒီဖောင်ဒေးရှင်း၏ အခမဲ့ မျက်စိခွဲစိတ်ကုသဆောင်၌ ဆောင်ရွက်ပေးလျက်ရှိပြီး ဇွန် ၁၆ ရက်အထိ အခမဲ့ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျက်စိဝေဒနာရှင်များအား ကုသပေးရာတွင် ဟသ်ာတခရိုင်အတွင်းသာမက အခြားမြို့နယ် ဒေသအသီးသီးမှ မျက်စိဝေဒနာရှင်များလည်း လာရောက်စာရင်းပေး ကုသနိုင်ကြောင်း၊ မျက်စိစမ်းသပ်ခွဲစိတ်သူ လူနာနှင့် လူနာစောင့်တစ်ဦးအတွက် ထမင်းဘူးနှင့် သောက်ရေသန့်များကိုလည်း စီစဉ်လှူဒါန်းပေးထားကြောင်း ဖောင်ဒေးရှင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းဇော်ထံမှ သိရသည်။



စက္ခုပါလာဒီ ဖောင်ဒေးရှင်းကို ၂၀၀၈ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ယခင်က ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီး၌ ခရိုင်အတွင်းရှိဆရာဝန်များ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး အဖွဲ့များနှင့် စက္ခုပါလာဒီဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး နဝမအကြိမ်မြောက်အထိ အခမဲ့ မျက်စိခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ကာ ယခုနှစ်တွင် ဆယ်ကြိမ်မြောက် ကုသပေးရာတွင်မူ မိုးကောင်းကျောင်းတိုက်ကြီးရှိ စက္ခုပါလာဒီဖောင်ဒေးရှင်း၏ အခမဲ့ မျက်စိခွဲစိတ်ကုသဆောင်တွင် ကုသပေးခြင်းဖြစ်သည်။

အသင်းကြီးက မျက်စိခွဲစိတ်ကုသပေးခဲ့မှုအနေဖြင့် ပြီးခဲ့သည့် ကိုးနှစ်တာကာလကိုးကြိမ်တွင် မျက်စိစမ်းသပ်မှု ကုသမှုခံယူသည့် လူနာများအပြင် ခွဲစိတ်ကုသသူ ၁၁၀၀၀ ကျော်အထိ ရှိခဲ့ကြောင်းနှင့် ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်ဖြစ်သည့် ဟသ်ာတခရိုင်နယ်မြေ ပတ်ဝန်းကျင်သာမက နယ်ပေါင်းစုံရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ် ခွဲစိတ်ကုသပေးပြီး အလင်းရစေရေးအတွက် ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## အလုံမြို့နယ်အတွင်းရှိ ဖုန်းကြိုးများနှင့် တိုင်များကောင်းမွန်ရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇွန် ၁၂**

မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသော ဆက်သွယ်ရေးကြိုးများ ပြတ်ကျခြင်းနှင့် ဖုန်းတိုင်များပျက်စီးခြင်း မဖြစ်စေရေးအတွက် လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်းရှိ ဆက်သွယ်ရေးတိုင်များနှင့် လိုင်းကြိုးများကို တာဝန်ရှိဌာနဆိုင်ရာများပူးပေါင်း၍ ဇွန် ၁၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးအေးလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တယ်လီဖုန်းကုမ္ပဏီမှ တာဝန်ရှိသူများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



# မိုးများသော်လည်း နတ်တလင်းမြို့နယ် တောင်ညိုရေလှောင်တမံ စိုးရိမ်စရာမရှိ

**နတ်တလင်း ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အတွင်း နေရာအနှံ့အပြား၌ မိုးများသည်းထန်စွာ ရွာသွန်းနေမှုကြောင့် မြို့နယ်၏အရှေ့ဘက်ခြမ်းရှိ တောင်ညိုရေလှောင်တမံတွင် ရေဝင်ရောက်မှုများနေသော်လည်း ရေကျော်ခြင်း ရေကြီးရေလျှံခြင်း အခြေအနေများအတွက် စိုးရိမ်စရာမရှိကြောင်း သိရသည်။

မိုးရေချိန် တိုင်းတာချက်အရ ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် နတ်တလင်းမြို့နယ်၌ မိုးရေချိန် ၄ ဒသမ ၇၅ လက်မခန့် ရွာသွန်းခဲ့ပြီး တောင်ညိုရေလှောင်တမံအတွင်း ရေအမှတ်မှာ ၂၄၄ ဒသမ ၃ ပေမှ ၂၄၅ ဒသမ ၈ ပေအထိ တစ်ပေခွဲခန့် တက်လာခဲ့ကာ တမံ၏ သိုလှောင်ရေပမာဏအနေဖြင့် ၁၂၇၀၀၀ ဧကပေမှ ၁၃၈၄၀၀ ဧကပေအထိ ရေဝင်ရောက်မှု များလာခဲ့ကြောင်း၊ သို့သော် တောင်ညိုရေလှောင်တမံ၏ ကန်ရေပြည့်ရေအမှတ်မှာ ၂၅၅ ပေဖြစ်ပြီး တမံအမြင့်မှာ ၂၇၀ ပေဖြစ်သဖြင့် စိုးရိမ်စရာမရှိကြောင်း သိရသည်။ ထို့အပြင် ရေလှောင်တမံပေါ်တွင် ၂၄ နာရီ ရေအခြေအနေ စောင့်ကြည့်လျက်ရှိကြောင်းလည်း မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးအရာရှိ ဦးစဝ်ခွန်ဦးထံမှ သိရသည်။

**တင်မြင့်(နတ်တလင်း)**



# သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ရွှေသောင်ယံ၌ ပေးအပ်

**ရွှေသောင်ယံ ဇွန် ၁၂**

ဇွန် ၉ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့နယ်ရှိ သဘော့ကန်ကျေးရွာ၊ ဝက်သေကျေးရွာနှင့် ကျူတောကျေးရွာတို့မှ ပြိုကျပျက်စီးသွားသော နေအိမ်များအတွက် ထောက်ပံ့ငွေ ပေးအပ်ပွဲကို ရွှေသောင်ယံမြို့ အမှတ်(၃)ရပ်ကွက်ရှိ အဏ္ဏဝါသိပ္ပံကျောင်းခန်းမဆောင်၌ ဇွန် ၁၁ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြိုကျခဲ့သော နေအိမ်ငါးလုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ကျပ်ခုနစ်သိန်းနှင့် အမိုးလန်ပျက်စီးသည့် နေအိမ် ၁၂ လုံးအတွက် ထောက်ပံ့ငွေ ကျပ် ၆၅၀၀၀၀၊ လူဦးရေ ၅၅ ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေ ကျပ် ၁၁၅၅၀၀ တို့ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးသန်းစိုး၊ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများနှင့် ရွှေသောင်ယံမြို့ အုပ်ချုပ်ရေးမှူး ဦးမင်းမင်းဦးတို့က လေဘေးသင့်ပြည်သူများထံ ပေးအပ်ခဲ့သည်။

**ကိုကိုမောင်(ပြန်/ဆက်)**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းပိုင်ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၆၈)နှင့်အမှတ်(၆၆)ရှိ အောက်ဖော်ပြပါ အဆောက်အအုံ ငါးလုံးအား ငါးနှစ်သက်တမ်း ကာလအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်-

| စဉ် | အမျိုးအစား | မြေကွက်အကျယ် (ပေ) |
|---|---|---|
| (က) | မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမ | ၁၈၀×၈၀ |
| (ခ) | သိုလှောင်ရုံ၊ စာရင်းစစ်၊ ကျောက်ရွေးခန်း | ၁၀၀×၅၁ |
| (ဂ) | အဆောက်အအုံ(၂၂)ငွေစာရင်းရုံးခန်း | ၆၀×၃၂ |
| (ဃ) | အဆောက်အအုံအမှတ်(၃၀) ကျောက်စိမ်းသံဂိုဒေါင် | ၁၃၃×၈၀ |
| (င) | အဆောက်အအုံအမှတ်(၁၈)သံဂုံးဂိုဒေါင် | ၇၅×၃၆ |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၆-၂၀၁၈ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၀-၇-၂၀၁၈ရက် ညနေ ၄:၃၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၄၈၁၈၊ ၀၆၇-၄၁၄၉၀၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ရွှေမြင့်မိုရ်-မိုးကုတ်ဝိပဿနာကျောင်းတိုက်
## (၁၀)ရက် ညအိပ်တရားစခန်းပွဲ
## (၁၈-၆-၂၀၁၈ မှ ၂၇-၆-၂၀၁၈)အထိ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ အမှတ်(၁)ဝိုင်း၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်ကြီးတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နာယက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေမြင့်မိုရ် ဆရာတော် အရှင်သောဘဏ(ပိဋကတစ်ပုံအောင်) အရှင်သူမြတ်မှ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်များနှင့် ဝိပဿနာအလုပ်ပေးတရားတော်များကို ဟောကြားမည် ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသူများသည် ဇွန်လ(၁၄/၁၅)ရက်တို့တွင် ကြိုတင်စာရင်းပေးသွင်း၍လည်းကောင်း၊ (သို့မဟုတ်) မိမိတို့၏အိပ်ရာလိပ်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများပါ တစ်ပါတည်းယူဆောင်ပြီး ဇွန်လ ၁၇ ရက် ညနေ ၅:၃၀နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင် မှတ်ပုံတင်မိတ္တူဖြင့် တစ်ပြိုင်တည်း စာရင်းပေးသွင်းတရားစခန်းဝင်ရောက်နိုင်ကြပါသည်။

(အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ညနေဖျော်ရည် လှူဒါန်းလိုသူများ စုံစမ်းမေးမြန်း လှူဒါန်းနိုင်ပါသည်။)

**ဆက်သွယ်ရန် ဖုန်းနံပါတ် - ၀၉-၅၀၅၀၀၁၀၊ ၀၉-၅၀၀၉၄၃၃၊ ၀၉-၉၇၂၂၅၈၇၃၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ ပထမနှစ်သင်တန်း
## ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

(က) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ပညာသင်နှစ် ပထမနှစ်သင်တန်းသို့ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-
- (၁) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသည့် နိုင်ငံသားဖြစ်ရမည်။
- (၂) ၂၀၁၈ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူဖြစ်ပြီး၊ စုစုပေါင်းရမှတ် ၄၅၀နှင့်အထက်ရရှိသူများ လျှောက်ထားနိုင်သည်။
- (၃) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများမှ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်များပါဝင်သည့် ဘာသာရပ်တစ်ခုခုဖြင့် ဖြေဆိုအောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။

(ခ) စုစုပေါင်း ကျောင်းသားကျောင်းသူဦးရေ ၂၀၀ လက်ခံမည်ဖြစ်သည်။

(ဂ) သင်တန်းကာလ(၅)နှစ်ဖြစ်၍ အထူးပြုဘာသာရပ်အလိုက် အောင်မြင်ပြီးမြောက်သူများကို အောက်ပါကွန်ပျူတာ ဆိုင်ရာဘွဲ့များကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အဆင့်မီပါက မဟာဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများသို့ အဆင့်ဆင့် တက်ရောက်ခွင့်ရှိသည်-
- (၁) ကွန်ပျူတာသိပ္ပံဘွဲ့(စီးပွားရေးသတင်းအချက်အလက်စနစ်) B.C.Sc(Business Information Systems)
- (၂) ကွန်ပျူတာသိပ္ပံဘွဲ့(စွမ်းရည်မြင့်တွက်ချက်မှုပညာ) B.C.Sc(High Performance Computing)
- (၃) ကွန်ပျူတာသိပ္ပံဘွဲ့(အသိပညာအင်ဂျင်နီယာ) B.C.Sc(Knowledge Engineering)
- (၄) ကွန်ပျူတာသိပ္ပံဘွဲ့(ပရိုဂရမ်အင်ဂျင်နီယာ) B.C.Sc(Software Engineering)
- (၅) ကွန်ပျူတာနည်းပညာဘွဲ့(ဆက်သွယ်ရေးနှင့် ကွန်ရက်ပညာ) B.C.Tech.(Communication and Networking)
- (၆) ကွန်ပျူတာနည်းပညာဘွဲ့(ကွန်ပျူတာစနစ်ပညာ) B.C.Tech.(Computer Systems)
- (၇) ကွန်ပျူတာနည်းပညာဘွဲ့(မြုပ်နှံထိန်းချုပ်စနစ်) B.C.Tech.(Embedded Systems)

(ဃ) ဝင်ခွင့်လျှောက်ထားလိုသူများသည် ဝင်ခွင့်လျှောက်လွှာပုံစံများကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန Website www.myanmar-education.edu.mmတွင်လည်းကောင်း၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် Website www.uit.edu.mmတွင်လည်းကောင်း ရယူနိုင်ပါသည်။

| | | |
|---|---|---|
| **ဝင်ခွင့်လျှောက်လွှာ စတင်လက်ခံသည့်ရက်** | - | ၁၅-၆-၂၀၁၈ရက်(သောကြာနေ့) |
| **လျှောက်လွှာနောက်ဆုံး လက်ခံမည့်ရက်** | - | ၁၆-၇-၂၀၁၈ရက်(တနင်္လာနေ့) |
| **ဝင်ခွင့်ရရှိသူများ၏ အမည်စာရင်းကြေညာမည့်ရက်** | - | ၁၅-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) |
| **ကျောင်းအပ်စတင် လက်ခံမည့်ရက်** | - | ၁၆-၈-၂၀၁၈ရက်(ကြာသပတေးနေ့) |
| **ကျောင်းအပ်နောက်ဆုံး လက်ခံမည့်ရက်** | - | ၂၃-၈-၂၀၁၈ရက်(ကြာသပတေးနေ့) |

(င) ဝင်ခွင့်ရရှိသူများသည် အထက်ပါ ကျောင်းအပ်နောက်ဆုံးရက်ထိ ကျောင်းအပ်နှံရန် ဤတက္ကသိုလ်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက အရန်ရွေးချယ်ထားသည့်စာရင်း (Waiting List)အဖြစ် ထုတ်ပြန်ကြေညာထားသူများထဲမှ ဝင်ခွင့်ရရှိနိုင်ရန် ထပ်မံထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး ၁၂-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ ကျောင်းအပ်ရမည် ဖြစ်ပါသည်။

(စ) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲတင်ပြရမည်-
- (၁) ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းမူရင်း
- (၂) ကျောင်းသားကျောင်းသူနှင့် မိဘနှစ်ပါး၏မှတ်ပုံတင်မိတ္တူတစ်စုံစီ
- (၃) ဓာတ်ပုံသုံးပုံ(ဓာတ်ပုံ၏နောက်ကျောတွင် အမည်နှင့်တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ်ရေးရန်။)

(ဆ) ဝင်ခွင့်လျှောက်လွှာများကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ပါရမီလမ်း၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ စာတိုက်သင်္ကေတ-၁၁၀၅၁သို့ တိုက်ရိုက်လျှောက်ထားရမည်။

(အသေးစိတ်သိလိုပါက ဖုန်း-၀၁-၉၆၆၄၇၀၉သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။)

**ကျောင်းသားရေးရာဌာန**
**သတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

## သမီးလေး မမြမဋ္ဌုသိန်း(ဘာသာစုံဂုဏ်ထူးရှင်)အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဖေဖေ ဗိုလ်ချုပ်ဝင်းသိန်း-မေမေ ဒေါ်ခင်သန်းရင်တို့၏ တစ်ဦးတည်းသော သမီးလေးမမြမဋ္ဌုသိန်း၊ (၂၀၁၇-၂၀၁၈)ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းသာဂုဏ်ယူပါတယ်။ ကောင်းမြတ်သော အနာဂတ်များကို သမီးလေး ထာဝရပိုင်ဆိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။

**ဘဘ - ဦးလှအောင်၊ ဘွားဘွား-ဒေါ်အောင်မေတင်**
**အန်တီ- ဒေါ်အေးအေးသွင်(ရွှေမြင့်မိုရ် ဆန်စက်၊ နေပြည်တော်၊ လယ်ဝေးမြို့)**
**ဦးစန်းလွင်(ရန်ကုန်)၊ ဦးအောင်နိုင်ဝင်း (MEC ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် KIA Car Showroom မကွေးမြို့)**




## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၆-၂၀၁၈ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၃)တွင် ခမရ(၁၀၂) စစ်မှုထမ်းဟောင်းညီနောင်များ၏ အထူးကျေးဇူးတင်လွှာ ကြော်ငြာတွင် အမှတ်(၁၅) ခြေမြန်တပ်ရင်းအစား အမှတ်(၁၀၂) ခြေမြန်တပ်ရင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မော်တော်ယာဉ်အမှတ်(4M-9687)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ အခွင့်ရကုန်စည်ရောင်းချသူ ဖြစ်သည့် United Diamond Co.,Ltd မှ မော်တော်ယာဉ်မှတ်ပုံတင်အမှတ် Nissan Double Cab (AT)2015 Model SHN (4M-9687) အား အငှားဝယ်စနစ်ဖြင့် အမည်ခံဝယ်ထားသူ ဒေါ်သင်းသင်းဝါ ၁၃/တကန(နိုင်)၀၅၀၅၅၂ သည် အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ရုံးချုပ်ချေးငွေဌာနသို့ ယနေ့မှစ၍ (၇)ရက်အတွင်း ဆက်သွယ်လာရန်နှင့် ဆက်သွယ်လာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တန်းမြို့နယ်၊ ပီလခတ်ကျေးရွာနေ ဦးမိုးမိုးနှင့် ဦးလှမိုး ၁၂/ကတန(နိုင်)၀၅၁၅၉၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမိုးမိုး(ခ)ဦးလှမိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တန်းမြို့နယ်၊ ကျုံကန်ကျေးရွာနေ မအေးအေးဖြူ၁၂/ကတန(နိုင်)၁၂၀၄၄၆၏ ဖခင်ဦးအုံးသိန်း(ခ)ဦးအုန်းသိန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးအုံးသိန်း(ခ)ဦးအုန်းသိန်း**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ တိုက်အမှတ်-၁၃၃၅၊ လေးလွှာ(အေ) အလျား×အနံ(၁၅'×၅၀') အကျယ်အဝန်းရှိ တိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးစန်း ၉/အမရ(နိုင်)၀၅၈၅၃၉ ထံမှ ၁၁-၆-၂၀၁၈ရက်တွင် တန်ဖိုးငွေ အပြေအကျေပေးချေလျက် အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ဖော်ပြပါ အခန်းနှင့် ပတ်သက်၍ ဒေါ်ခင်ဖုံးတင့် ၁၂/ဥကမ(နိုင်)၀၀၄၆၆၈ သိရှိခြင်းမရှိဘဲ ရောင်းခြင်း၊ ပေါင်ခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းမှအစ အခြားနည်းတစ်စုံတစ်ရာ လွှဲပြောင်းခြင်းမပြုရန်နှင့်ပြုပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြအောင်(B.A,R.L) တရားလွှတ်တော်ရှေ့နေ (၂၅၇၅)**
**အမှတ်(၆၂)၊ အခန်း ၁၆၊ (ပထပ်)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တန်းမြို့နယ်၊ ကျုံကန်ကျေးရွာနေ မချောစုဇင်၏ ဖခင် ဦးကျော်ရွှေ(ခ)ဦးကျော်ဆွေ ၁၂/ကတန(နိုင်)၁၀၅၆၅၄မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးကျော်ရွှေ(ခ)ဦးကျော်ဆွေ**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ မောင်ခမ်းကျေးရွာ၊ အထက နဝမတန်း(C)မှ မောင်အောင်နိုင်ဦးနှင့် အလက(ပေပင်)၊ တတိယတန်းမှ မနှင်းနှင်းမိုးတို့၏ ဖခင်ဦးဇော်ဦး၏ အမည်မှန်မှာ ဦးပေါ်ဦး ၈/နမန(နိုင်)၀၀၀၂၄၂ဖြစ်ပါကြောင်း။ **ဦးပေါ်ဦး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/6874 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အထက ဆင်မြီးဆွဲ၊ နဝမတန်းမှ မောင်ထက်ဝေဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်ဆွေမာဦး ၇/သကန(နိုင်)၀၇၉၉၁၄ ဖြစ်ပါကြောင်း။

**ဒေါ်ဆွေမာဦး**

## မိဘအမည်မှန်

မိတ္ထီလာမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(C)မှ မစိုးစန္ဒာ၏ မိဘအမည်မှန်မှာ ဦးငွေအောင် ၉/မထလ(နိုင်)၃၀၁၁၅၂ နှင့်ဒေါ်ဆန်းမွှေး ၉/မထလ(နိုင်)၁၁၅၉၁၁ ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
## ရုံးအမှတ်(၁)၊ နေပြည်တော်
## ဒုတိယဦးစီးမှူး ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲအောင်မြင်သူများ စာရင်းထုတ်ပြန်ခြင်းနှင့် လူတွေ့စစ်ဆေးမည့်ရက် ကြေညာခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး (၂၀)နေရာအတွက် ၁၉-၅-၂၀၁၈ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ရေးဖြေစာမေးပွဲတွင် အောင်မြင်သူများ၏ ခုံနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပြီး အောင်မြင်သူ (၅၂)ဦးကို ၁၇-၆-၂၀၁၈ရက် နံနက် ၈နာရီတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်၌ ကွန်ပျူတာကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးပါမည်-

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ခုံအမှတ် | A-004 | A-015 | A-045 | A-077 | A-081 | A-088 | A-122 | A-184 |
| | A-196 | A-205 | A-210 | A-216 | A-252 | A-259 | S-003 | S-006 |
| | S-007 | S-014 | S-026 | S-030 | S-033 | S-055 | S-060 | S-072 |
| | S-078 | S-096 | S-101 | S-105 | S-108 | S-114 | S-147 | S-155 |
| | S-161 | S-165 | S-181 | S-229 | S-248 | S-253 | S-288 | S-296 |
| | S-297 | S-300 | S-311 | S-355 | S-358 | S-360 | S-370 | S-382 |
| | S-388 | S-428 | S-441 | S-451 | | | | |

၂။ သို့ပါ၍ လူတွေ့စာမေးပွဲဖြေဆိုမည့်သူများသည် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ ဘွဲ့လက်မှတ်(သို့မဟုတ်) အောင်လက်မှတ်(မူရင်း)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)နှင့် အလုပ်သမားမှတ်ပုံတင်(မူရင်း)တို့ကို ယူဆောင်၍ လူတွေ့ဖြေဆိုချိန်မတိုင်မီရောက်ရှိကြောင်း အချိန်မီသတင်းပို့ရန် ကြေညာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက www.mopf.gov.mm/my/content/ferd-news တွင်ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**
**ရုံးအမှတ်(၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၇၁၅၂၊ ၀၆၇-၃၄၀၇၁၅၃**

## ဖခင်အမည်မှန်

ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်း အထက၊ တက္ကသိုလ်ဝင်တန်းမှ မသိမ့်သိမ့်သူ(၄၁/၂၀၁၇)၏ ဖခင်အမည်မှန်မှာ ဦးနေမင်းထွန်း ၁၂/ကတန(နိုင်)၀၉၆၄၉၉ ဖြစ်ပါကြောင်း။ **ဦးနေမင်းထွန်း**

## အမည်ပြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ ၌/ရပ်ကွက်၊ အမှတ် ၅၅၁ နေ ဦးဉာဏ်ဇော်စိုး ၁၂/ဒဂန(နိုင်)၀၂၇၆၁၇၏ သားမောင်ဘုန်းခန့်ကိုအား မောင်ဘုန်းခန့်ကြွယ်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဘုန်းခန့်ကြွယ်**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ဘုရားကြီးရပ်ကွက်နေ ဦးမြင့်ခိုင်၏သား မောင်ကျော်ဇေယျာထွန်း ၈/မသန(နိုင်)၁၅၂၀၂၅အား မောင်ကျော်ဇေယျာဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်ဇေယျာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမြသွင် (၇/ကတခ(နိုင်)၀၁၃၂၈၂) ၏သမီးဖြစ်သူ ကျောက်တံခါးမြို့နယ် အ.ထ.က (ဖဒို) နဝမတန်းမှ နော်အေးအေးဖောနှင့် မနော်အေးဖောမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**နော်အေးအေးဖော(ခ)မနော်အေးဖော**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# ရန်ကုန်ပညာရေးတက္ကသိုလ်

## ၂၀၁၈-၂၀၁၉ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အောက်ဖော်ပြပါ ဘွဲ့ကြိုသင်တန်းကို ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံခွင့်ပြုမည့်ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| (က) | Bachelor of Education | BEd | (၅)နှစ် | (၄၀၀)ဦး | အချိန်ပြည့် |

၂။ ရန်ကုန်ပညာရေးတက္ကသိုလ်၏ ပညာရေးဘွဲ့ကြိုသင်တန်းသို့ ဝင်ခွင့်လျှောက်ထားလိုသူများသည် ၂၀၁၈ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့ပြီး သိပ္ပံဘာသာတွဲအတွက် အနိမ့်ဆုံးရမှတ်(၄၅၅)၊ ဝိဇ္ဇာ+သိပ္ပံဘာသာတွဲအတွက် အနိမ့်ဆုံးရမှတ်(၄၂၀)နှင့် ဝိဇ္ဇာဘာသာတွဲအတွက် အနိမ့်ဆုံးရမှတ်(၄၀၀)ရရှိသူဖြစ်ရမည်။ ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားသူများအတွက် အရည်အချင်းသတ်မှတ်ချက်နှင့် ဝင်ခွင့်လျှောက်ထားခြင်းဆိုင်ရာ **အသေးစိတ်**ဖော်ပြချက်များကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင် ထည့်သွင်းဖော်ပြထားသည်။

၃။ ရန်ကုန်ပညာရေးတက္ကသိုလ်၏ ဝင်ခွင့်လျှောက်လွှာပုံစံကို ပညာရေးဝန်ကြီးဌာန Website www.moe.gov.mmနှင့် ရန်ကုန်ပညာရေးတက္ကသိုလ် website www.yuoe.edu.mmတို့မှ downloadရယူ၍လည်းကောင်း၊ ၂၀၁၈ခုနှစ်၊ ဇွန်လအတွင်း အသေးစိတ်ကြေညာထားရှိမည့် နေ့စဉ်ထုတ်သတင်းစာများမှလည်းကောင်း(ပူးတွဲ)၊ ရန်ကုန်ပညာရေးတက္ကသိုလ် သင်တန်းရေးရာဌာနမှလည်းကောင်း ဝင်ခွင့်လျှောက်လွှာပုံစံရယူပြီး ရန်ကုန်ပညာရေးတက္ကသိုလ်သင်တန်းရေးရာဌာနသို့ တိုက်ရိုက်လျှောက်ထားရမည်။

၄။ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ ထုတ်ပေး/လက်ခံမည့်နေ့ရက် - ၁၅-၆-၂၀၁၈ရက်(သောကြာနေ့)မှ ၁၅-၇-၂၀၁၈ရက်(တနင်္ဂနွေနေ့)ထိ

၅။ လျှောက်လွှာတင်သွင်းရမည့်နေရာ - ကျောင်းသားရေးရာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် အမှတ်(၃၁၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ လူတွေ့နှုတ်ဖြေစစ်ဆေးမည့်နေ့ရက် - ၆-၈-၂၀၁၈ရက်(တနင်္လာနေ့)မှ ၇-၈-၂၀၁၈ရက်(အင်္ဂါနေ့)ထိ

၇။ တက္ကသိုလ်ဝင်ခွင့်ရရှိသူများစာရင်းကြေညာမည့်နေ့ရက် - ၁၅-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)

၈။ ကျောင်းဝင်မှတ်ပုံတင်ဆောင်ရွက်ရမည့်နေ့ရက် - ၁၆-၈-၂၀၁၈ရက်(ကြာသပတေးနေ့)မှ ၁၂-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ထိ

၉။ သင်တန်းစတင်ဖွင့်လှစ်မည့်နေ့ရက် - ၃-၁၂-၂၀၁၈ရက်(တနင်္လာနေ့)

၁၀။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိသော ရမှတ်စာရင်း(မူရင်း)
(ခ) (၆)လအတွင်း ရိုက်ထားသည့် လိုင်စင်ဓာတ်ပုံ(၆)ပုံ (နောက်ခံအပြာရောင်နှင့် ကာလာဓာတ်ပုံ)
(ဂ) နေထိုင်ကြောင်းရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ(မူရင်း)
(ဃ) အိမ်ထောင်စုစာရင်းမိတ္တူ
(င) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)

၁၁။ အသေးစိတ်သိရှိလိုပါက ရန်ကုန်ပညာရေးတက္ကသိုလ် သင်တန်းရေးရာဌာန၊ ဌာနမှူး(သင်တန်းရေးရာ)၊ (ဖုန်းနံပါတ်-၀၁-၅၂၆၉၃၇၊ ၀၉-၉၇၉၆၀၂၉၀၇)ထံတွင် လည်းကောင်း၊ မော်ကွန်းထိန်း(ဖုန်းနံပါတ်-၀၁-၅၃၄၂၇၃၊ ၀၉-၉၇၀၆၀၈၀၃၃)ထံတွင်လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

**ဓာတ်ပုံ**

### ရန်ကုန်ပညာရေးတက္ကသိုလ်
### တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ
### (၂၀၁၈ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်)

ရုံးအတွက်

**ရန်ကုန်ပညာရေးတက္ကသိုလ်**
မှတ်ပုံတင်အမှတ်------------------------
သင်တန်းနှစ် ------------------------
ခုံအမှတ် ------------------------

(၁) မှတ်ပုံတင်အရွယ်ဓာတ်ပုံကို သတ်မှတ်ထားသည့်အကွက်တွင် သေချာစွာကပ်ပါ။
(၂) လိုအပ်ချက်များကို ပြည့်စုံမှန်ကန်စွာရေးသွင်းပါ။ မပြည့်စုံလျှင်ဝင်ခွင့်စဉ်းစားမည်မဟုတ်ပါ။

| | ကျောင်းသား | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|---|
| ၁။ အမည်(အခြားအမည်ရှိပါက ဖော်ပြပါ) | | | |
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့နေ (ဦးအောင်ထွန်း-ဒေါ်ဝိုင်း)တို့၏သမီးချွေးမ၊ (ဦးစောလှမြင့်-ဒေါ်ဌေးဌေးကြည်)၊ (ဦးမောင်လွင်-ဒေါ်ခင်ဝေ)၊ ဦးကျော်မြင့်ဝင်း-ဒေါ်သန်းသန်းလွင်၊ ဦးကြည်လွင်-ဒေါ်ဆန်းဆန်းညွန့်တို့၏အစ်မသည် ၁၂-၆-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဆရာမကြီး ဒေါ်သီတာ(ခ)သီတာသိမ့်

**ကျောင်းအုပ်ကြီးဟောင်း၊ ကန်နားကျောင်း၊ အထက(၁)ပျဉ်းမနား၊ အလက(၁)၊ အထက(၁၄)နေပြည်တော်၊ ဒက္ခိဏခရိုင်ပညာရေးမှူးရုံး**
**သီတာဖောင်ဒေးရှင်း**

**အသက်(၅၀)**

ဒေးဒရဲမြို့နေ (ဦးငြိမ်းမောင်)-ဒေါ်တင်ရွှေတို့၏သမီး၊ ဦးစောလွင်-ဒေါ်အေး အေးမြင့်၊ ဦးခင်မောင်တင် (ဒုတိယဝန်ကြီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန)-ဒေါ်အေးအေးငြိမ်း၊ ဦးထွန်းထွန်းဦးတို့၏ညီမ၊ ဦးကိုကိုသိန်း-ဒေါ်မူမူလွင်၊ ဒေါ်ခင်မျိုးသက်၊ ဒေါ်လွင်လွင်မြင့်၊ ဦးစန်းလင်း-ဒေါ်အေးမြတ်ထွေး၊ ဦးမင်းမင်းဇော်-ဒေါ်သီသီနိုင်၊ ဦးညီညီလွင်-ဒေါ်အိအိချောတို့၏အစ်မ၊ မောင်နေမျိုးသူ-မမြတ်မီမီခင်၊ မဇင်ညီုတာတို့၏မိခင်၊ ဦးခင်မောင်ဝင်း (ညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)၏ဇနီးသည် ၁၂-၆-၂၀၁၈ရက် ညနေ ၄း၅၅နာရီတွင် ဇမ္ဗူသီရိမြို့နယ်၊ ရန်မျိုးသန့်စင်လမ်းနှင့် သုခသီတာလမ်းထောင့်၊ အမှတ်(၅၄၄/၀၁) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## စောဒီကလေး (Saw Declay)

**အသက်(၆၃)နှစ်**

ဟင်္သာတမြို့နေ (ဒေါက်တာဂျေဖိုးမြတ်-ဒေါ်ဖြူတီ)တို့၏သား၊ (နော်အိုင်ရင်းဖိုးမြတ်-စောရစ်ချတ်ချစ်)၊ (ဦးတင့်ဇော်)-နော်ချယ်ရီ၊ နော်အဲမာ-စောစောစီးဟဲ၊ (စောစိစိကူး)-ဒေါ်ခင်ဝင်းမူ၊ ဦးစောဂျူးလီးယက်ဖိုးမြတ်-နော်ရှီးလာ၊ (စောရောဘတ်)-နော်မူးမူ၊ နော်အယ်နီတာဖိုးမြတ်တို့၏ညီ/မောင်/အစ်ကိုသည် ၁၁-၆-၂၀၁၈ရက် ညနေ ၆း၃၅နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မြင့်(ခ)ဦးမြင့်

**ကုန်သွယ်/လယ်ယာ(ငြိမ်း)**
**လှည်းဆိပ်**

**အသက်(၈၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ထန်းတပင်မြို့နယ်၊ လှည်းဆိပ်စံပြကျေးရွာနေ (ဒေါ်ဟန်စိန်)၏ခင်ပွန်း၊ ဦးဌေးမင်း-ဒေါ်သန္တာတင့်၊ ဦးမင်းသိန်း-ဒေါ်ခင်မာစန်း၊ ဒုမှူးကြီးနေဦး-ဒေါ်ယုယုဝေတို့၏ဖခင်၊ မယဉ်မင်းသိမ့်၊ မောင်သန်းထိုက်စိုး၊ မောင်မင်းဟိန်းခိုင်၊ မောင်ရဲမင်းဦးတို့၏အဘိုးသည်၁၂-၆-၂၀၁၈ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးမြသောင်း

**အလုပ်ရုံခွဲမှူး(ငြိမ်း)**
**အုတ်ကျင်းဂုန်နီစက်ရုံ(လယ်/ဆည်)**
**လေ-၁၄၇၁၈(၁/၆၇)**
**သင်တန်း(လပထ)**

**အသက်(၇၃)နှစ်**

မင်းလှမြို့နေ(ဦးအေးမောင်-ဒေါ်တင်ညွန့်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးစွန်ကီး-ဒေါ်စောဖြူ)တို့၏ သားသမက်၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၇လမ်း၊ အမှတ် ၇၁(မြေညီ-A)နေ ဒေါ်ခင်စော (ဂုန်လျှော်၊ ငြိမ်း)၏ခင်ပွန်း၊ ကိုကျော်ဇေယျ၊ ကိုညဏ်လင်းဇော် (ခေတ္တ-စင်ကာပူ)၊ မချိုလဲ့ဝေ (ဂန့်ဂေါခရိုင်စိုက်ပျိုးရေးရုံး)၏ဖခင်၊ မောင်စိုးဝဏ္ဏထူး(NIEC)၏အဘိုးသည်၁၁-၆-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်အေးမြင့်

**(ပန်ဒါစတိုး)**

**အသက်(၆၂)နှစ်**

ပဲခူးမြို့၊ မင်းလမ်း၊ အမှတ် ၂နေ [ဦးကျင်သန်း (ခ) ကျန်ကျင်လျောင်]-ဒေါ်ကျင်ကြူးတို့၏သမီး၊ ဦးလှမြင့်-ဒေါ်မိမိလေး၊ ဦးလှစိုး၊ ဦးလှဝင်း-ဒေါ်အေးမြသဲဖြူတို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏ ကြီးတော်သည် ၁၂-၆-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၈ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဒေါက်တာဇင်ဇင်ပြုံး

**(အသင်းဝင်အမှတ်-၁၂၃၄)**

**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊အင်ကြင်းလမ်း၊ အမှတ် (၂)နေ ဒေါ်အေးသိန်း (ဂုဏ်ထူးဆောင်နာယက)၏မြေး၊ ဒေါက်တာသန်းဆွေ-ဒေါ်စန်းခင်တို့၏သမီးသည် ၁၁-၆-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် သံလျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဥတ္တမာစာရ (ဂန္ထဝါစကပဏ္ဍိတ) (ဟင်္သာတ)

**တိုင်းသံဃနာယကအဖွဲ့ (ဥက္ကဋ္ဌ၊ မဟာဒွါရ)**

**သက်တော်(၇၀)၊ သိက္ခာတော်(၅၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ပန်းတနော်လမ်း၊ လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တဥတ္တမာစာရ ဆရာတော်ကြီးသည် (၁၃၈၀ပြည့်နှစ် နယုန်လပြည့်ကျော် ၁၄ရက်) ၁၂-၆-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလဆန်း ၈ရက်) ၂၀-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါကျောင်းတိုက်၌အန္တိမအဂ္ဂိစျာပူဇာသဘင် ဆင်ယင်ကျင်းပပြီး မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဂန်ဂမား(ခ)ဒေါ်အမာ

**သန်လျင်မြို့**

**အသက်(၉၇)နှစ်**

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၂၈နေ (ဦးဝေလယား)၏ဇနီး၊ ဒေါ်ကမလာ၊ ဦးထွန်းဝင်း-ဒေါ်ပုလဲ၊ (ဦးလှဝင်း)-ဒေါ်ထွေးရီ၊ ဦးရန်ကတောင်း-ဒေါ်အေးကြည်၊ ဦးသန်းဝင်း-ဒေါ်သန်းသန်း၊ (ဦးစိန်မောင်)-ဒေါ်လှသန်း၊ ဒေါ်လဲ့လဲ့တို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ် ၂၁ယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၆-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၆း၄၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် သန်လျင် အမိုးနီဟိန္ဒူသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး

## ဗိုလ်ကြီးမြဝင်း(ငြိမ်း) (လျှပ်/စက်)

**အသက်(၈၇)နှစ်**

ဒေးဒရဲမြို့နေ (ဦးဘချစ်-ဒေါ်အမာ)တို့၏သား၊ ဖျာပုံမြို့နေ (ဦးစံရင်-ဒေါ်မှိန်)တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးမြင့်ဆွေ-ဒေါ်ခင်မွန်သိန်းတို့၏ဦးလေး၊ ဦးဝင်းထွဋ်(အလုပ်ရုံစုမှူး၊ လျှပ်စစ်ဌာန၊ ဆင်မလိုက်သင်္ဘောကျင်း)-ဒေါ်မြင့်မြင့်အေး(အမက-၁၊ ကမာရွတ်)၊ ဦးနေလင်း(Director, New Good One Co.,Ltd.)-ဒေါ်လွင်လွင်အေး၊ လှည်းကူးမြို့နယ်၊ အင်းတိုင်ကျေးရွာနေ ဦးအောင်မြင့်စိန်-ဒေါ်မီမီဝင်း(မူပြ၊ ငြိမ်း)၊ မဆွေဆွေဝင်းတို့၏ဖခင်၊မြေးခြောက်ယောက်တို့၏အဘိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အင်းတိုင်ကျေးရွာ၊ ဇေယျာမြင့် ၃လမ်းနေ(ဒေါ်မြင့်မြင့်)၏ခင်ပွန်းသည် ၁၂-၆-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အင်းတိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ လှည်းကူးမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးမြဝင်း(ငြိမ်း) (လျှပ်/စက်)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ခေတ္တာလမ်းနေ ဦးနေလင်း(Director New Good One Co.,Ltd.)၏ဖခင် ဗိုလ်ကြီးမြဝင်း(ငြိမ်း) (လျှပ်/စက်)သည် ၁၂-၆-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**New Good One Co.,Ltd.**
**ဦးမိုးကျော်သူ၊ ဦးအောင်ထွဋ်ဦး**
**ကုမ္ပဏီဝန်ထမ်းများ**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဘုန်းတော်ကြီး ဖိလစ်အောင်သွင်ဦး

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်း၊ အမှတ် ၄၄နေ (ဦးအောင်ရင်-ဒေါ်နယ်လီ)တို့၏သား၊ (ဦးမန်းလှသိန်း-ဒေါ်နှင်းညွန့်)တို့၏သားသမက်၊ ဦးရစ်ချက်ကြည်ဇင်ဦး(ဒုတိယမြို့နယ်တရားသူကြီး၊ ကန့်ဘလူမြို့နယ် တရားရုံး)၊ မောင်လုကာအောင်ဇင်ဦး(သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင်၊ ဆရာမ ရေချယ်သဇင်ထွေး(ဌာနမှူး၊ မိခင်များအသင်း၊ ရန်ကုန်သာသနာပိုင်နယ်)၏ခင်ပွန်းသည် ၁၁-၆-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈း၅၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၆-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် သန့်ရှင်းသောတြိနတိကသီဒြယ်ကျောင်းတော်ကြီး (ဗိုလ်ချုပ်ဈေး) အနီး၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသောင်းထွန်း အသက်(၇၀)

**မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း**
**(စာတိုက်နှင့်ကြေးနန်း)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ ဆင်မင်းလမ်းနေ (ဦးမောင်ကို-ဒေါ်ရှမ်း)တို့၏သား၊ (ဦးဝင်းနိုင်-ဒေါ်ခင်အေး)တို့၏သားသမက်၊ ဦးဟန်ညွန့်-ဒေါ်မြမြဝင်း၊ ဦးခင်မောင်လွင်-(ဒေါ်ခင်မမညို)တို့၏ညီ/မောင်၊ ဦးစောဝင်း-ဒေါ်ခင်စမ်းစမ်းယဉ်၊ ဦးဟန်ထွေးအောင်-ဒေါ်စန္ဒာအောင်တို့၏အစ်ကို၊ ဒေါ်ဆွေဆွေဝင်း (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အေးမင်းပိုင်(NCX MYANMAR)-မမိုးမိုးမြင့်အောင်၊ မောင်ဟိန်းခန့်ဇော်(YBS)-မမေသကြီန်ထွန်း(NCX MYANMAR)တို့၏ ဖခင်၊ မောင်ဘုန်းပြည့်သုခ၏အဘိုးသည် ၁၂-၆-၂၀၁၈ရက် နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်ထွေး (သထုံမြို့)

**အသက်(၆၅)နှစ်**

သထုံမြို့နယ်၊ ဈေးကြီးလမ်းနေ (ဦးဘသွင်-ဒေါ်အေးကြည်)တို့၏သမီး၊ (ဒေါ်တင်အုန်း)၊ ဦးတင်မောင်(အကောက်ခွန်၊ ငြိမ်း)၊ (ဒေါ်စန်းမြင့်)၊ ဒေါ်တင်ငွေ၊ (ဦးခင်လှိုင်-ဒေါ်တင်အေး)၊ ဦးတင်ညွန့်(ဒုတိုင်းဆက်သွယ်ရေး၊ ငြိမ်း)-ဒေါ်လှတင်၊ ဦးတင်ဖေ(စစ်မှုထမ်းဟောင်း၊ ငြိမ်း)-ဒေါ်သန်းအိ၊ (ဒုတိယဗိုလ်မှူးကြီးသူရတင်စိုး)-ဒေါ်ကြည်ကြည်လွင်၊ မြစ်ကြီးနားမြို့နေ ဦးတင်မြင့်-ဒေါ်အေး၊ ဦးတင်ထွန်း(ဒုရဲမှူးကြီး၊ ငြိမ်း)-ဒေါ်မူမူဝင်းတို့၏ညီမ၊ ဦးတင်သိန်း(ဒုညွှန်ချုပ်၊ ငြိမ်း၊ ထွေ/အုပ်)-ဒေါ်ညိုညိုဝင်း၊ (ဦးတင်ဦး)-ဒေါ်ထွေးထွေးအောင်တို့၏အစ်မသည် ၁၂-၆-၂၀၁၈ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် သထုံမြို့၊ဈေးရုံတန်း၊ ခိုင်သဇင်စားသောက်ဆိုင်၊ ဒေါ်ခင်အေးလှိုင်၏နေအိမ်မှ သထုံမြို့ ကျောက်တန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၂၄) ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ ဒုတိယမြောက်နေ့တွင် အမှာစကားပြောကြား




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၂၄) ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ ဒုတိယမြောက်နေ့တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၁၂**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ယနေ့ ကျင်းပသည့် (၂၄)ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ ဒုတိယမြောက်နေ့တွင် ယခုနှစ်အစည်းအဝေး၏ အကြောင်းအရာဖြစ်သည့် "ပွင့်လင်းသောအာရှဖြစ်ရေး- ကြီးပွားရေးနှင့် တည်ငြိမ်ရေးရရှိအောင် ဆောင်ရွက်ရေးနည်းလမ်း" နှင့်အညီအမှာစကားပြောကြားရာ၌ ဒီမိုကရေစီအစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေပါကြောင်း၊ အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များအား ဦးစားပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

**စီးပွားရေးဖွံ့ဖြိုးမှုတိုးမြှင့်ရန် မျှော်မှန်းထား**

အရှေ့အာရှနှင့် ပစိဖိတ်ဒေသများတွင် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေတဖြည်းဖြည်းဖွံ့ဖြိုးလာပြီး စီးပွားရေးဖွံ့ဖြိုးမှု ရာခိုင်နှုန်းအား ၂၀၁၈ ခုနှစ်တွင် ၆ ဒသမ ၇ ရာခိုင်နှုန်း မှ ၇ ရာခိုင်နှုန်းထိတိုးမြှင့်ရန် မျှော်မှန်းထားပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ကုန်သွယ်ရေးအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ကို ဆွေးနွေးတင်ပြပြီး အာရှ၏အနာဂတ်သည် ငြိမ်းချမ်းရေးကို အရင်းပြုပြီးဘက်ပေါင်းစုံပါဝင်သည့်စနစ် အားကောင်းစေရေးနှင့် စည်းမျဉ်းစည်းကမ်းပေါ်အခြေခံ၍ ဘက်ပေါင်းစုံပါဝင်သောကုန်သွယ်မှုစနစ် ကာကွယ်ခြင်းသည်သာ အရေးကြီးဆုံးဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် moderator တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက်နှင့်ပတ်သက်၍ လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊

*စာမျက်နှာ ၅ ကော်လံ ၁*

## မာတိကာ


အခကြေးငွေပေး၍ လူသတ်ရန် စေခိုင်းသူနှင့် လူသတ်မှုကျူးလွန်သူတို့ကို အရေးယူထား
စာမျက်နှာ - ၁၁

အိုလံပစ်နေ့အထိမ်းအမှတ် အမြန်စစ်တုရင်ပြိုင်ပွဲတွင် နေမိုး ပထမဆုရ
စာမျက်နှာ - ၁၂

ကော့ကရိတ်မြို့တွင် ရွှေဆိုင်အနုကြမ်းစီးကာ သေနတ်ဖြင့် ပစ်ခတ်ခဲ့သူအား ဖမ်းမိ
စာမျက်နှာ - ၁၃


## အမျိုးသမီးခြေစမ်းပွဲ မြန်မာနှင့် ထိုင်း တစ်ဂိုးစီသရေကျ

**ရန်ကုန် ဇွန် ၁၂**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်နေသည့် မြန်မာအမျိုးသမီးအသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် နည်းပြချုပ်သစ် ဦးဝင်းသူမိုးလက်ထက် ပထမဆုံးနိုင်ငံတကာ ခြေစမ်းပွဲအဖြစ် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း၏ ပွဲထွက်လူစာရင်းတွင် အမာခံကစားသမားများအစုံအလင်ပါဝင်ခဲ့ပြီး နောက်ပိုင်းတွင် ကစားသမားအများစုလဲလှယ်အသုံးပြုခဲ့သည်။ ထိုင်းအသင်းမှာလည်း လူစုံနီးပါးအသုံးပြုခဲ့ပြီး အိမ်ရှင်ဖြစ်သောကြောင့် ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ကစားကွက်အရ မရှုံးသော်လည်း တစ်ဦးချင်းဘောလုံးအပျက်များခြင်း၊ ဘောလုံးပေးပို့မှု မှားယွင်းခြင်းတို့ကြောင့် တိုက်စစ်ပုံဖော်ရာတွင် အားနည်းခဲ့ခြင်းဖြစ်သည်။ ၄၈ မိနစ်တွင် ထိုင်းအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ကန်ဂျာနာက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းအတွက် ချေပဂိုးကို ၈၁ မိနစ်တွင် ဂျူလိုင်ကျော်က သွင်းယူခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ထိုင်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒုတိယပွဲအဖြစ် ဇွန် ၁၄ ရက်တွင် ထိုင်းအမျိုးသမီးကလပ် ချောင်ဘူရီအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲများ ဇွန် ၁၃ ရက် ကျင်းပမည်

**ရန်ကုန် ဇွန် ၁၂**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံး၊ ထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ် (ပထမနေ့) ကို ဇွန် ၁၃ ရက်တွင် သုဝဏ္ဏနှင့် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။ ကွာတားဖိုင်နယ်တွင် အသင်းကြီးများ ထပ်မံပါဝင်လာပြီး ပြိုင်ဆိုင်မှုပြင်းထန်သည့် ပွဲကောင်းများကို ခံစားရဖွယ်ရှိနေသည်။

ကွာတားဖိုင်နယ် (ပထမနေ့) အဖြစ် ဇွန် ၁၃ ရက်တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် GFA အသင်း၊ အောင်ဆန်းကွင်း၌ ရောဝတီအသင်းနှင့် မကွေးအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် GFA အသင်းနှင့် တွေ့ဆုံနေသော်လည်း ၂၀၁၅ ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ဖူးသည့် အစဉ်အလာကြောင့် သတိပြုကစားရဖွယ်ရှိနေသည်။ ထို့ပြင် ဇွန် ၁၀ ရက်က ကစားခဲ့သည့် အမှတ်ပေးပွဲတွင် ရောဝတီကို မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့ရာ အပြောင်းအလဲပြုလုပ်နိုင်ရန် လိုအပ်နေသည်။ ရန်ကုန် အသင်းသည် ၂၀၁၇

*စာမျက်နှာ ၉ ကော်လံ ၁*



ကွာတားဖိုင်နယ်ကစားမည့် ရန်ကုန်အသင်း။




မြန်မာ့အလင်း
ယနေ့ရန်ကုန် Yangon Today
၁၃၈၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၁ ရက်
၂၀၁၈ ခုနှစ်၊ ဇွန် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့



ဓာတ်ပုံ - ဘော်ဂါသွေး

# မြို့ရန်ကုန်၏ ယာဉ်ကြောကျပ်တည်းခြင်း ဖြေရှင်းမှုနည်းလမ်းအစုံစုံ

တင်ဝင်းလေး (ကြည့်မြင်တိုင်)

**“ရန်ကုန်မြို့တွင် ယာဉ်ကြောကျပ်တည်းရသည့်အကြောင်းတစ်ရပ်တွင် မော်တော်ယာဉ်များ တင်သွင်းမှုမူဝါဒ မတည်ငြိမ်မှုကြောင့်လည်းပါသည်ဟု မြို့ပြသယ်ယူပို့ဆောင်ရေးဆိုင်ရာ လေ့လာမှုပြုသူတို့က ထောက်ပြ”**

**၂၀၁၀ပြည့်နှစ်** ကာလက စတင်ပြီး တစ်စတစ်စ ပိုမိုကျပ်တည်းလာခဲ့သော ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို ယခင်အစိုးရလက်ထက်က နည်းမျိုးစုံဖြင့် ဖြေရှင်းခဲ့သည်။

လမ်းမကြီး ဝဲယာတိုးချဲ့ခြင်း၊ ယာဉ်မရပ်ရ လမ်းများသတ်မှတ်ခြင်း၊ ခရီးသည်တင်လိုင်းကားများအား ကတ်တုံးများချ၍ သတ်မှတ်မောင်းနှင်စေခြင်း၊ အချို့လမ်းဆုံတို့၌ ကတ်တုံးများချ၍ ယာဉ်ကြောသတ်မှတ်ပေးခြင်း၊ ခုံးကျော်တံတားများ၊ လူကူးတံတားများ တည်ဆောက်ပေးခဲ့ခြင်း၊ မီးပွိုင့်များကို ခေတ်မီမီးပွိုင့်စနစ် ပြောင်းလဲခြင်း၊ မီးပွိုင့်လမ်းဆုံများတွင် CCTV ကင်မရာများ တပ်ဆင်ဖမ်းဆီးခြင်း၊ နောက်ဆုံး ရန်ကုန်မီးပွိုင့်များကို ထိန်းချုပ်သည့် ဗဟိုထိန်းချုပ်ရေးစနစ်ကို စီမံကိန်းချစီစဉ်မှုများ ရှိခဲ့သည်။ သို့သော် ယင်းအစိုးရလက်ထက်တွင် အကောင်အထည် မဖော်နိုင်ခဲ့ပေ။

ယနေ့ NLD အစိုးရ တက်လာပြီး နောက်တွင်လည်း ယာဉ်ကြောကျပ်တည်းမှုကို မ.ထ.သ အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းခဲ့ပြီး အများပိုင်ဘတ်စ်ကားလိုင်းများ ထူထောင်ခြင်း၊ YBS စနစ်ပြောင်းလဲ၍ မြို့တွင်း၊ မြို့ပြင် ကန့်သတ်ပြေးဆွဲမှုများ ပြုခဲ့ခြင်း၊ ယခုနောက်ပိုင်း YBS ယာဉ်လိုင်းအချို့ ခရီးရှည်ပြေးဆွဲမှုများ ရှိလာသည်။ လမ်းကြောင်းနှင့် ကားလမ်းအပေါ် ရောင်းချနေသည့် ဈေးသည်များကို နေရာအတည်တကျ (ညဈေးတန်းတွင်) ပေး၍ ပြောင်းရွှေ့စေခြင်း၊ ကုန်းလမ်းမှ ခရီးသည်များအား အဆင်ပြေစွာ သွားနိုင်ရေးအတွက် ရေလမ်း Water Bus စနစ်ဖော်ဆောင်၍ ပြေးဆွဲမှုပြုပေးခြင်း၊ ကျောင်းကြို၊ ကျောင်းပို့ယာဉ်များအား ကန့်သတ်ခြင်းဖြင့် နည်းလမ်းစုံစွာ ထိန်းကျောင်းမှုများ ပြုခဲ့သည်။ သို့သော် ယနေ့တိုင် ယာဉ်ကြောကျပ်တည်းမှုက လျော့ကျမသွားခဲ့ပေ။ အတိုင်းအတာတစ်ခုမျှလောက်သာ လုပ်ဆောင်နိုင်ခဲ့သည်ကို လေ့လာဆန်းစစ်မိခဲ့သည်။

ယနေ့ ရန်ကုန်တွင် မီးပွိုင့်တစ်ချက်မိလိုက်သည်နှင့် ရပ်တန့်နေသော ယာဉ်ကြောမှာ “မန္တလေးတစ်ပြ” မကဟု ထင်မိသည်။ မျက်စိတစ်ဆုံးမကလည်း တွေ့ရသည်။

ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၏ စာရင်းအရ ၂၀၁၁ ခုနှစ်က ရန်ကုန်မြို့တွင် မော်တော်ယာဉ် အစီးရေ နှစ်သိန်းကျော်ရှိသည်ဟု ဆိုသည်။ ယနေ့ ၂၀၁၈ ခုနှစ်တွင် မော်တော်ယာဉ် အစီးရေငါးသိန်းကျော် ရှိနေပြီဟုဆိုသည်။ ထိုအထဲတွင် အငှားတက္ကစီယာဉ် ၇၀၀၀၀ ကျော်ပါဝင်သည်ဟု သိရသည်။ ရန်ကုန် YGN တံဆိပ်အပြင် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ် အက္ခရာအမှတ်အသား တက္ကစီများကိုပါ ပြေးဆွဲနေသည်ကို တွေ့ရသည်။

အချပ်ပို (ခ) သို့





ခေတ်မီ မီးပွိုင့်ထိန်းချုပ်ရေးစင်တာ

# ရန်ကုန်မြို့ပြအနီးက စက်မှုဥယျာဉ်သစ်တွေ

ဝေယံဦး

**စီးပွားရေး**မြို့တော်လို့ သတ်မှတ်ထားခေါ်ဝေါ်နေကြတဲ့ ရန်ကုန်မြို့ဟာ တကယ်လည်း စီးပွားရေးလုပ်ငန်းတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ ကုန်သွယ်မှုလုပ်ငန်းတွေအပြင် ရန်ကုန်မြို့ပြရဲ့ဆင်ခြေဖုံးမြို့နယ်တွေမှာ စက်မှုဇုန်တွေကလည်း အစီအရီနဲ့ ဝိုင်းရံနေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အရန်စက်မှုဇုန်တွေအဖြစ် ဧက ၁၀၀၀ ခန့်ကျယ်ဝန်းမြေနေရာတွေပေါ်မှာ အကောင်အထည်ဖော်ဖို့ ရှိနေသလို ရန်ကုန်တိုင်းဒေသကြီးရဲ့လှည်းကူးမြို့နယ်မှာ ဇရပ်ကွင်းစက်မှုဥယျာဉ်စီမံကိန်းကိုလည်း အကောင်အထည်ဖော်နိုင်ရေး ကြိုးစားနေတယ်လို့ဆိုပါတယ်။

ဇရပ်ကွင်းစက်မှုဥယျာဉ်စီမံကိန်းဟာ ရန်ကုန်တိုင်းဒေသကြီး ဇရပ်ကွင်းရွာအနီးမှာရှိတဲ့ မြေဧရိယာ ၆၅၅ ဧကခန့်ပေါ်မှာ အကောင်အထည်ဖော် ဆောင်ရွက်မှာဖြစ်တယ်လို့ ဒီနှစ်ပြီးခဲ့တဲ့ မေလဒုတိယပတ်မှာ ကျင်းပခဲ့တဲ့ ရန်ကုန်ရင်းနှီးမြှုပ်နှံမှု ဖိုရမ် ၂၀၁၈ မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရစီမံကိန်းနဲ့ ပုဂ္ဂလိက စီမံကိန်းတွေ ချပြရှင်းလင်းတဲ့အခါမှာ ဖော်ပြပြောကြားခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ ဇရပ်ကွင်းစက်မှုဥယျာဉ်စီမံကိန်းဟာ အငယ်စားစက်မှုဇုန်စီမံကိန်းလိုဖြစ်နေပေမယ့် ဒေသဖွံ့ဖြိုးရေးနဲ့ စီးပွားရေးတိုးတက်ဖို့အပြင် အလုပ်အကိုင် အခွင့်အလမ်းတွေ များစွာထွက်ပေါ်လာစေမှာဖြစ်တာကြောင့် ရန်ကုန်မြို့ရဲ့အရှိန်အဟုန်နဲ့ တိုးတက်ဖြစ်ထွန်းလာမှုကို တွန်းအားတစ်ရပ်အဖြစ် ထွက်ပေါ် လာဖို့ရှိနေပါတယ်။

ဇရပ်ကွင်းစက်မှုဥယျာဉ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် မြေငှားရမ်းလုပ်ကိုင်နိုင်ဖို့နဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း ၂၀၁၈ ခုနှစ် မတ်လက ခွင့်ပြုခဲ့တယ်လို့ ဆိုပါတယ်။

ရန်ကုန်မြို့ကနေပြီး မိနစ် ၄၀ ခန့် ကားနဲ့မောင်းနှင်သွားရောက်လို့ရတာမို့ ရန်ကုန်မြို့နဲ့ နီးကပ်နေသလို ကုန်ပစ္စည်းသယ်ယူပို့ဆောင်ဖို့အတွက်ရော၊ ကုန်သွယ်မှုအတွက်ပါ အဆင်ပြေစွာ ထွက်ပေါ်လာမယ့် စက်မှုဥယျာဉ်တစ်ခုအဖြစ် တည်ရှိလာမှာဖြစ်ပါတယ်။ ဒါ့အပြင် စက်မှုထုတ်ကုန်တွေကို ပြည်တွင်းပြည်ပ သယ်ယူပို့ဆောင်ရေးအတွက်လည်း အကောင်းဆုံးလမ်းကြောင်းပေါ်မှာရှိတယ်လို့ ဆိုပါတယ်။

ဇရပ်ကွင်းစက်မှုဥယျာဉ် သို့မဟုတ် စက်မှုဇုန်ကို ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏအဖြစ် ကျပ်ငွေသန်းပေါင်း ၆၅၀၀၀ ကျော်ရှိမယ်လို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ဖော်ပြထားပါတယ်။ ဇရပ်ကွင်းစက်မှုဇုန် တည်ဆောက်ရေးကာလအနေနဲ့ ငါးနှစ်လို့ သတ်မှတ်ထားပြီး အဲဒီကာလအတွင်းမှာ စက်ရုံအလုပ်ရုံတွေ၊ အခြေခံအဆောက်အအုံတွေ တည်ဆောက်ပြီးစီးနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ လက်ရှိအချိန်မှာတော့ မြေကြီးလုပ်ငန်းနဲ့ ခြံစည်းရိုးလုပ်ငန်းတွေကို ဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

ဒီစက်မှုဇုန်မှာတော့ အထည်ချုပ်လုပ်ငန်းတွေ၊ အလှကုန်ထုတ်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးသုံးပစ္စည်းလုပ်ငန်းတွေနဲ့ စိုက်ပျိုးရေးအခြေပြု စက်မှုလုပ်ငန်းတွေအပြင် လျှပ်စစ်ပစ္စည်းနဲ့ အခြားစက်ရုံ အလုပ်ရုံတွေ ပါဝင်မှာဖြစ်ပါတယ်။



စက်မှုဇုန် အထည်ချုပ်လုပ်ငန်းခွင်ကို တွေ့ရစဉ်။

အခုလို စက်မှုဇုန်အသစ်တွေ ပေါ်ထွက်လာဖို့ ကြိုးစားနေတာဟာ ရန်ကုန်တိုင်းဒေသကြီးသာမကဘဲ တစ်နိုင်ငံလုံး တိုးတက်ဖွံ့ဖြိုးလာရေးအတွက် အထောက်အကူပြုစေမှာတော့ အမှန်ပါပဲ။ အထူးသဖြင့် ဒေသခံလူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေဟာ မိမိတို့ လက်တစ်ကမ်းမှာရှိနေတာဖြစ်တာမို့ အနာဂတ်လူငယ်တွေအတွက် အလုပ်အကိုင်တွေက အသင့်စောင့်ကြိုနေတဲ့ အနေအထား ဖြစ်ပေါ်လာစေမှာဖြစ်ပါတယ်။

ဒါပေမယ့် ယခင်စက်မှုဇုန်အချို့ဖြစ်ခဲ့သလိုမျိုး စက်ရုံ၊ အလုပ်ရုံတွေက မျှော်မှန်းထားသလို မတည်ဆောက်၊ မဖွင့်လှစ်၊ မလည်ပတ်နိုင်တာမျိုးတွေရှိမယ်ဆိုရင်တော့ ရည်မှန်းထားသလိုမျိုး လက်တွေ့မှာ အပြည့်အဝအကောင်အထည်မဖော်နိုင်မှာတော့ ဒေသခံတွေ စိုးရိမ်ပူပန်မှုတွေတော့ ရှိနေတယ်ဆိုပါတယ်။

အဲဒီလိုပဲ ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်း မလစ်ရွာအနီး မြေဧရိယာဧက ၄၀၀ ပေါ်မှာ ဖော်ဆောင်ဖို့ ကြိုးစားနေတဲ့ မလစ်စက်မှုဇုန်ဥယျာဉ် စီမံကိန်းလည်း ရှိနေပါသေးတယ်။ မလစ်စက်မှုဥယျာဉ်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပုဂ္ဂလိက အသေးစားစက်မှုဥယျာဉ်ဖော်ထုတ်ခြင်းနဲ့ ငှားရမ်းခြင်းအတွက် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် ၂၀၁၆ ခုနှစ် မတ်လကတည်းက ခွင့်ပြုထားခဲ့တာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ လုပ်ငန်းဆောင်ရွက်မှု နှေးကွေးနေတယ်လို့ ဒေသခံတွေကဆိုနေပြီး အခြေခံအဆောက်အအုံတွေတော့ တည်ဆောက်လုပ်ဆောင်နေတယ်လို့ ဆိုပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်မှာရှိတဲ့ ၁၂ မြို့နယ် ကိုကိုးကျွန်းမှလွဲပြီး ကျန် ၁၁ မြို့နယ်မှာ စက်မှုဇုန်တွေ၊ စက်မှုဥယျာဉ်တွေ အကောင်အထည်ဖော်ဖို့ရှိနေတယ်လို့ ယခုဇွန် ၅ ရက်က ပြုလုပ်တဲ့ ဒုတိယအကြိမ် ရန်ကုန်တိုင်းလွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး ရက် ၄၀ မြောက်နေ့မှာ ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောကြားထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ၄၅ မြို့နယ်ရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအောက်မှာ ၃၃ မြို့နယ်ရှိနေပါတယ်။ ကျန်တဲ့ ၁၂ မြို့နယ်က ဖွံ့ဖြိုးမှုကွာဟနေတာမို့ နိုင်ငံတကာအဆင့်မီ စက်မှုဇုန်တွေ ထူထောင်ကာ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ စက်ရုံအလုပ်ရုံတွေ ပေါ်ထွက်လာဖို့ ကြိုးစားနေတာ ဖြစ်ပါတယ်။

အဲဒီလို ဆောင်ရွက်နိုင်ရင်တော့ ရန်ကုန်မြို့ပြမှာ ယာဉ်ကြော ကျပ်တည်းမှုနဲ့ လူဦးရေးသိပ်သည်းမှုတွေကို လျှော့ချနိုင်မယ့်အပြင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း အများအပြားပေါ်ထွက်လာနိုင်မှာမို့ မျှော်မှန်းချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ လိုအပ်နေတာတော့ အမှန်ပါပဲ။ ။



လှည်းကူးမြို့နယ် ဇရပ်ကွင်း စက်မှုဥယျာဉ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်နေရာ။

## မြို့ရန်ကုန်၏ ယာဉ်ကြောကျပ်တည်းခြင်း ဖြေရှင်းမှုနည်းလမ်း အစုံစုံ.....မှ

ရန်ကုန်မြို့တွင် ယာဉ်ကြောကျပ်တည်းရသည့် အကြောင်းတစ်ရပ်တွင် မော်တော်ယာဉ်များ တင်သွင်းမှုမူဝါဒ မတည်ငြိမ်မှုကြောင့်လည်းပါသည်ဟု မြို့ပြသယ်ယူပို့ဆောင်ရေးဆိုင်ရာ လေ့လာမှုပြုသူတို့က ထောက်ပြကြသည်။ ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံပြီး ကားသွင်းနိုင်ဖို့၊ ထို့အပြင် ဖရီးပါမစ်ဆိုသော ကားတင်နိုင်ခွင့်တို့ကြောင့် ကားအစီးရေ သုံးသိန်းကျော်ခန့်မှာ အလွယ်တကူရောက်ရှိလာပြီး မြို့ပြရန်ကုန်တွင်သာ အခြေတည်ခဲ့ကြသည်ဟု ဆိုသည်။

ယာဉ်တစ်စီးစာ နေရာရယူဖို့အတွက် ရှာဖွေရင်းမှ မီးပွိုင့်လမ်းဆုံများအနီးတွင် ဖြူ၊ နီကျား အမှတ်အသားများ မရှိခြင်းကလည်း ယာဉ်များရပ်နားဖို့အတွက် ဖြစ်စေခြင်းကြောင့် ယာဉ်ကြောကျပ်တည်းခြင်းကို အားပေးအထောက်အကူပြုရာ ဖြစ်စေခဲ့သည်။

ဤသည်ကို အနော်ရထာလမ်းနှင့် ဆူးလေ ဘုရားလမ်း လမ်းဆုံမီးပွိုင့်မှ ယာဉ်ထိန်းရဲတစ်ဦးက "စည်ပင်က ဖြူ၊ နီကျား အမှတ်အသားတွေ လုပ်တယ်၊ ကြာရှည်မခံဘူး ပျက်တယ်၊ ပျက်တဲ့ နေရာမှာ ယာဉ်က ရပ်တယ်၊ အဲဒါကို သွားဖမ်းရင် ဖြူ၊ နီကျား မရှိလို့ရပ်တာ၊ ဖမ်းလို့မရဘူးလို့ ဆိုကြတယ်" ဟု အတွေ့အကြုံတစ်ခုကို ပြောပြသည်။

ထို့အပြင် ခရီးသည်များ၏ စောဒကတက်မှုမှာလည်း ဤအနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်း လမ်းဆုံမီးပွိုင့်တွင်ပင်ဖြစ်သည်။ လမ်းခွဆုံတွင် ပတ်လည်လူကူးခုံးကျော်တံတားကြီး ထိုးထားပေသည်။ သို့သော် ခရီးသွားအများစုက တံတားအောက် လူကူးမျဉ်းကျားပေါ်မှသာ ပြေးပြေးလွှားလွှား လမ်းဖြတ်ကူးနေကြမြဲဖြစ်သည်။

လမ်းကူးသူများက ဆိုကြသည်။ လူကူးမျဉ်းကျားများ ထားရှိပေးခြင်းက တံတားပေါ်မှလည်း သွားနိုင်ပါသည်။ တံတားအောက် ကားလမ်းမျဉ်းကျားပေါ်မှလည်း ကူးသန်းနိုင်ပါသည်ဟု အဓိပ္ပာယ်ဖွင့်ကြ၊ မိမိဆန္ဒအတိုင်း ဖြတ်ကူးနေကြခြင်းပင်ဖြစ်သည်။

ဤသည်ကလည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းသူတို့ အားနည်းချက်ကို တွေ့ရသည်။

ဤသို့ယာဉ်ကြောကျပ်တည်းလာမှုအပေါ် ဇွန် ၈ ရက်က ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက မေးခွန်းများ ထုတ်ခဲ့သည်။

"ရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ၏ ကြီးကြပ်မှုဖြင့် ယာဉ်ကြောကျပ်တည်းမှုကို အတိုင်းအတာ တစ်ခုအထိ ဖြေရှင်းနိုင်ရေးနှင့် YBS ယာဉ်များ စည်းကမ်းထိန်းသိမ်းရေးအတွက် ဒဂုံမြို့နယ် အလုံလမ်းတွင် တည်ဆောက်နေသော ခေတ်မီမီးပွိုင့်ထိန်းချုပ်ရေးစင်တာ အနေဖြင့် မည်သည့်နေ့ရက်တွင် တည်ဆောက်ပြီးစီးမည်ကို သိလိုကြောင်း" ဖြစ်သည်။

ထိုမေးခွန်းကို ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်နီလာကျော်က "ခေတ်မီ မီးပွိုင့်ထိန်းချုပ်ရေးစင်တာသည် မီးပွိုင့်စနစ်ကိုသာမက ရန်ကုန်မြို့တွင် သွားလာနေသော ယာဉ်ကြောအားလုံးကိုပါ စောင့်ကြည့်ထိန်းချုပ်ရန်အတွက်ပါ ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ပြီး စင်တာမှာ ယခင်အစိုးရလက်ထက် တိုင်းဒေသကြီးအနေဖြင့် စာချုပ်ချုပ်ဆိုအကောင်အထည် ဖော်ခဲ့ခြင်းဖြစ်ပြီး၊ အဆောက်အအုံတည်ဆောက်မှုမှာ ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီး CCTV များဖြင့် စောင့်ကြည့်ခြင်းအပြင် ရန်ကုန်ဘတ်စ်ကားများ ထိန်းချုပ်ခြင်းလုပ်ငန်းတို့ကို စတင်လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း၊ မီးပွိုင့်ကိစ္စနှင့် ပတ်သက်၍ ရပ်နားထားသည့် ကားအစီးအရေ၊ ကားအသွားအလာတို့ကိုပါလိုက်၍ မီးပွိုင့်ကြာမြင့်ချိန် စနစ်များပြုလုပ်ခြင်း၊ မီးပွိုင့်တစ်ခုနှင့်တစ်ခု ချိတ်ဆက်ခြင်းများကိုပါ စမ်းသပ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် တပ်ဆင်အသုံးပြုသည့် စက်ပစ္စည်းများ၏ အရည်အသွေးကိုပါ ပြန်လည်စိစစ်လျက် Network ချိတ်ဆက်မှုအတွက်ပါ ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိနေပြီ ဖြစ်ကြောင်း" ပြောကြားပေးခဲ့သည်ကို ကြားသိရသည်။

ထို့အပြင် ခေတ်မီမီးပွိုင့်များ ထိန်းချုပ်ရေးစင်တာ တည်ဆောက်မှုမှာ ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်သည့်အတွက် ၎င်းစင်တာ၏ လုပ်ငန်းအားလုံး လည်ပတ်လှုပ်ရှားမည့်ရက်ကို မကြာမီထုတ်ပြန်ပေးသွားမည်ဟု ဆိုထားရာ ထိုစင်တာကြီး လုပ်ငန်းလည်ပတ်ပါက မြို့ပြရန်ကုန်၏ ယာဉ်ကြောကျပ်တည်းမှုမှာ အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်လာတော့မည်ကို မှန်းမျှော်ကြည့်မိသည်။ ။



# တရားဥပဒေစိုးမိုးရေး မြို့ရန်ကုန်ကို ကူညီပေး

**ထင်ပေါ်ဝင်း**

**မြန်မာနိုင်ငံရဲ့ ပင်မစီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့ဟာ လူနေထူထပ်တာနဲ့အမျှ ပြဿနာအမျိုးအစားပေါင်းများစွာကလည်း ဒုနဲ့ဒေးပါ။ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးပြဿနာတွေကို နေ့စဉ်နဲ့အမျှ ရန်ကုန်နေ ပြည်သူလူထုက ကြုံတွေ့နေရပါတယ်။ မဖိတ်ခေါ်ဘဲ ရောက်လာတတ်တဲ့ ဒီလိုပြဿနာတွေအနက်က တစ်ခါတစ်ရံ တရားဥပဒေစိုးမိုးမှု ပျောက်ဆုံးနေခြင်းက ရန်ကုန်လူထုအတွက် ထိတ်လန့်ချောက်ချားစေပါတယ်။**

ယခုဇွန်လအတွင်းမှာ ကျင်းပတဲ့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးမှာလည်း တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို အပြုသဘောဆောင်တဲ့အနေနဲ့ အချက်အလက်အတော်များများကို ဝေဖန်ထောက်ပြသွားခဲ့ကြပါတယ်။ တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန် တင်သွင်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဥပဒေချိုးဖောက်ပြီး တရားမဝင်လုပ်ကိုင်နေသော လုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့က ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြတာပါ။

အဆိုရှင်တင်သွင်းတဲ့ အချက်အလက် သာဓကများကို လေ့လာကြည့်ရာမှာတော့ တရားမဝင်လုပ်ကိုင်လျက်ရှိတဲ့ အုတ်ဖုတ်လုပ်ငန်း၊ စားကျက်မြေဝင်ရောက်လုပ်ကိုင်တဲ့လုပ်ငန်း၊ ငါးကန်လုပ်ငန်း၊ မြစ်သဲကျောက်စုပ်ယူတဲ့ လုပ်ငန်း၊ သစ်တောမြေများတွင် မြေတူးတဲ့ ကိစ္စများကို ရှင်းလင်းဆွေးနွေးကာ ဥပဒေချိုးဖောက်လုပ်ကိုင်နေမှုများကို အဓိကထား တင်ပြသွားတာကို တွေ့ရပါတယ်။ အဆိုပါတွေ့ရှိမှုများနဲ့ ပတ်သက်ပြီးတော့ လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးကျော်ကျော်ထွန်းက အခုလိုဆွေးနွေးခဲ့ပါတယ်။ "ဒီမိုကရေစီစနစ်ဖော်ဆောင်ရာမှာ ဥပဒေစည်းမျဉ်း စည်းကမ်းများကို အလေးအနက်ထား လိုက်နာရပါမယ်၊ စီးပွားရေးလုပ်ငန်းများ၊ လူမှုဘဝနေ့စဉ်ဆောင်ရွက်ချက်များအားလုံးမှာ ဥပဒေပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်၊ ဒီဥပဒေတွေကို နိုင်ငံသားအားလုံးက လေးစားလိုက်နာကြရမှာပါ၊ တာဝန်ရှိသူများကလည်း ဥပဒေမှပြဋ္ဌာန်းထားသည့်အတိုင်း ကျောသားရင်သားမခွဲခြားဘဲ တိကျစွာလိုက်နာဆောင်ရွက်ပေးရမယ့် တာဝန်ရှိပါတယ်၊ ဒီလိုမှမဟုတ်ဘဲ ဥပဒေလိုက်နာရမယ့်သူများနဲ့ တာဝန်ရှိသူများဟာ လျော့ရဲစွာ ဆောင်ရွက်နေကြမယ်ဆိုရင် တရားဥပဒေစိုးမိုးရေးကို တဖြည်းဖြည်း ထိခိုက်လာပါတော့တယ်" လို့ ပြောကြားခဲ့ပါတယ်။

တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်ပြီး ထပ်မံတင်ပြလိုတဲ့ အကြောင်းအရာတစ်ခုကတော့ ရန်ကုန်သူ ရန်ကုန်သားတို့အတွက် အုပ်စုဖွဲ့ပြီး မိုက်ကြေးခွဲနေတဲ့ လူမိုက်များအကြောင်းပဲ ဖြစ်ပါတယ်။ လူမိုက်တွေကို ဆရာ၊ တပည့်မွေးထားပြီး ကိုယ်အလိုရှိတဲ့ကိစ္စရပ်တွေမှာ ခေါ်ယူအသုံးပြုနေတဲ့ ကိစ္စတွေပါ။ တရားဥပဒေစိုးမိုးရေး လိုအပ်ချက်နဲ့ ပတ်သက်ပြီး သာကေတမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်ထားနွယ်ဝင်းက တိုင်းဒေသကြီးလွှတ်တော်မှာ အခုလိုဆွေးနွေးခဲ့ပါတယ်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အချို့သောလုပ်ငန်းတွေဟာ ဥပဒေကိုမျက်ကွယ်ပြုပြီး ပြောင်ပြောင်တင်းတင်း လုပ်ကိုင်နေကြတာကို ပြည်သူတွေကြုံတွေ့နေရပါတယ်၊ သာကေတမြို့နယ်တွေလည်း အလားတူဖြစ်ရပ်များစွာ ရှိနေပါတယ်၊ ဒါကလည်း စည်ပင်အတွင်း၊ ပြင်ပနဲ့ ရန်ကုန်တိုင်းဒေသကြီးတစ်တိုင်းလုံးမှာရှိတဲ့ လုပ်ငန်းအကြီးအသေးမဆို တရားမဝင်ဥပဒေချိုးဖောက်တာပဲ ဖြစ်ပါတယ်၊ အဲဒီတရားမဝင်လုပ်ငန်းလုပ်ကိုင်သူတွေက သက်ဆိုင်ရာတွေကို လိုင်းကြေးပေးပြီး ပြည်သူတွေရှေ့မှာ ပြောင်ပြောင်တင်းတင်း လုပ်ကိုင်နေကြတာပဲ ဖြစ်ပါတယ်၊ အဲဒီလို တရားမဝင်လုပ်ကိုင်နေသူတွေက လူမိုက်၊ ဒါမှမဟုတ် အုပ်စုဖွဲ့ရမ်းကားသူတွေကိုလည်း တပည့်မွေး၊ ဆရာမွေး လုပ်ထားကြတဲ့အတွက် ရပ်ကွက်နေသူတွေက နောက်ဆက်တွဲပြဿနာတွေကို ရင်မဆိုင်ချင်ကြလို့ တိုင်တာတောင်မှ မတိုင်ရဲတဲ့အခြေအနေကို ရင်ဆိုင်နေကြရပါတယ်၊ အဓိကပြဿနာကတော့ တရားဥပဒေစိုးမိုးရေး လိုအပ်ချက်ပဲ ဖြစ်ပါတယ်" လို့ လွှတ်တော်တွင်းမှာ ဆွေးနွေးတင်ပြခဲ့ပါတယ်။

*အချပ်ပို (ဃ) သို့*

# ဧရာဝတီရေကြောင်းမှသည် ရန်ကုန်မြို့ပြဆီသို့ ခရီးသွားဝင်ငွေရှာဖွေစို့ . . . .

**သန်းထိုက်**

**ရန်ကုန်မြို့သည် မြို့ပြဖွံ့ဖြိုးမှု တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ပြောင်းလဲလာလျက်ရှိရာ ခေတ်မီ အဆောက်အအုံများနှင့် မြို့ပြအမွေအနှစ်အဆောက်အအုံများ၊ သမိုင်းဝင်စေတီများကို လေ့လာကြည့်ရှုမည့် နိုင်ငံခြားခရီးသွားများ ခရီးသွားရာသီဝင်ရောက်လာသည်နှင့် လာရောက်လည်ပတ်ကြလေ့ရှိသည်။ ရန်ကုန်၊ တောင်ကြီး၊ မန္တလေးနှင့် ပုဂံသို့ အများဆုံးလာရောက် လည်ပတ်ကြသည့်နည်းတူ မန္တလေး၊ ပုဂံမှ ရန်ကုန်မြို့သို့ သင်္ဘောခရီးစဉ်ဖြင့် လာရောက်လည်ပတ် သူများလည်းရှိသည်။ သြဂုတ်လမှ မေလအထိသည် ခရီးသွားရာသီဖြစ်၍ မကြာမီ လအနည်းငယ်အတွင်း ခရီးသွားရာသီသို့ ချင်းနင်းဝင်ရောက်တော့မည်ဖြစ်သည်။**

## သဘာဝအလှရဲ့ဆွဲဆောင်မှု

ရန်ကုန်မြို့သို့ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းပြီး မြို့ပြကျေးလက်နှင့် စေတီ၊ ပုထိုးများ၊ သမိုင်းဝင်အဆောက်အအုံများကို စိတ်ဝင်တစား လေ့လာကြသော နိုင်ငံများမှာ ဥရောပနိုင်ငံများမှ အများစုဖြစ်သည်။ တစ်ကြိမ်လာရောက်လည်ပတ်ပြီးပါက နောက်တစ်ကြိမ်လာရောက်ရန် သဘာဝအလှများဖြင့် ထာဝရဆွဲဆောင်လျက်ရှိသော ဧရာဝတီမြစ်ကြီးနှင့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့သော ရိုးရာလက်မှုလုပ်ငန်းများက နိုင်ငံခြားသားခရီးသွားများ၏ ရင်ကို လှုပ်ခတ်ဖိတ်ခေါ်နေသောကြောင့် ဖြစ်သည်။ လေကြောင်း၊ ကုန်းကြောင်းဖြင့် ရန်ကုန်မြို့ကို လာရောက်လည်ပတ်ခြင်းထက် ဧရာဝတီ၏ အလှအပကိုခံစားရင်း ရန်ကုန်မြို့ကို စုန်ဆင်းလာရခြင်းကို ရက်ရှည်ခရီးအဖြစ် ထွက်လေ့ရှိသော နိုင်ငံခြားခရီးသွားများ ပို၍ကြိုက်နှစ်သက်လေ့ရှိသည်။

ဧရာဝတီမြစ်ကြောင်းအတိုင်း ရန်ကုန်မြို့သို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားအပန်းဖြေခရီးသွားများအတွက် သင်္ဘောဆိုက်ကပ်ရန် ပန်းဆိုးတန်းဆိပ်ကမ်းအနီးတွင် ဆိပ်ကမ်းတစ်ခုထားရှိပြီး ထိုဆိပ်ကမ်းမှ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗန္ဓုလပန်းခြံ၊ ဗိုလ်တထောင်စေတီတော်နှင့် ပဲခူးရွှေမော်ဓောစေတီသို့ သွားရောက် လည်ပတ်လေ့လာကြလေ့ရှိသည်။ ရန်ကုန်မှဖြစ်စေ၊ မန္တလေး၊ ပုဂံမှဖြစ်စေ နိုင်ငံခြားခရီးသွားများအတွက် ခရီးစဉ်သည် တစ်လခန့်ကြာမြင့်သောခရီးစဉ်ဖြစ်သောကြောင့် မြန်မာပြည်၏ သဘာဝအလှနှင့် ရိုးရာယဉ်ကျေးမှုပုံရိပ်တို့ကို လေ့လာကြည့်ရှုခွင့်ရကြ၍ မြန်မာနိုင်ငံကိုပို၍ နှစ်သက်ကြခြင်းဖြစ်သည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်သည် မြန်မာပြည်ကို အလုပ်အကျွေးပြုနေသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ အထူးသဖြင့် ဧရာဝတီမြစ်ကြီးဖြစ်သောကြောင့် ဧရာဝတီမြစ်ကြီး အစဉ်နုပျိုရှင်သန်နေရန်လိုအပ်သည်။



**ဧရာဝတီမြစ်ကမ်းသောင်ပြင်တွင် ခရီးတစ်ထောက်နားနေသည့် ခရီးသွားပို့ဆောင်ရေးသင်္ဘောတစ်စင်းကို တွေ့ရစဉ်။** ဓာတ်ပုံ -သန်းစိုး



**ရန်ကုန်ပန်းဆိုးတန်းဆိပ်ကမ်းအနီးရှိ နိုင်ငံခြားခရီးသွားများပို့ဆောင်ရာ ဆိပ်ကမ်းကို တွေ့ရစဉ်။**

နိုင်ငံခြားဝင်ငွေ နှစ်စဉ်ရှာဖွေပေးလျက်ရှိသော ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ကြီး ရှင်းသန့်သာယာလှပရန် သတိမူလုပ်ဆောင်သင့်နေပြီဖြစ်သည်။

ရန်ကုန်မြို့မှ ပုဂံနှင့် ဗန်းမော်မြို့သို့ နိုင်ငံခြားခရီးသွားများကို ရိုးရှင်းလှပသော နှစ်ထပ်သင်္ဘောသုံးစင်းဖြင့် ခရီးသွားဝန်ဆောင်မှုပေးနေသော သူဂေါ(ဝ်)အိပ်ဇောတစ်သင်္ဘောမှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးအောင်က ယခုနှစ်ခရီးသွားရာသီနှင့်ပတ်သက်၍ ဤသို့ သုံးသပ်ပြောကြားခဲ့သည်။

"ရန်ကုန်မြို့ကို ဒီနှစ်ခရီးသွားဝင်ရောက်မှုက ခန့်မှန်းရခက်နေတယ်၊ ကျွန်တော်တို့ သင်္ဘောနဲ့ဝန်ဆောင်မှုကိုတော့ ဒီနှစ်မှာခန့်မှန်းလို့ရနေပါပြီ၊ မားကက်တင်းကတော့ အခက်အခဲရှိနေတယ်၊ ဆွစ်ဇာလန်အဖွဲ့ကနေ မားကက်တင်းလုပ်ပေးတာဆိုတော့ လာနေကျခရီးသွားတွေ ထပ်လာချင်ပေမယ့် ပြည်ပမီဒီယာတွေရဲ့နယ်စပ်အရေးကို ဖိအားပေးမှုကြောင့် ခရီးသွားဝန်ဆောင်မှုကို မနှစ်ကထက် ဈေးထက်ချပြီး ခရီးသွားတွေကို ဆွဲဆောင်ထားရတယ်၊ ရန်ကုန်မြို့ကို နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုများအောင် ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူတွေ ကြိုးပမ်းနေကြပါတယ်၊ ဘယ်လိုပုံစံနဲ့စွဲဆောင်နိုင်မလဲပေါ့၊ ရေကြောင်းခရီးသွားက ဒီနှစ်မှာ ၃၀ ရာခိုင်နှုန်းလျော့နိုင်တယ်၊ ဆွစ်ဇာလန်နိုင်ငံမှာ ပြင်သစ်စကား၊ ဂျာမန်စကား ပြောတဲ့ဆွစ်လူမျိုးတွေလည်းရှိတယ်၊ သူတို့တွေက အများဆုံး မြန်မာပြည်ရဲ့ဧရာဝတီအလှကို ခံစားကြလေ့ရှိတယ်၊ ရန်ကုန်နဲ့ ချင်းတွင်းခရီးစဉ်ဆိုရင် နိုင်ငံခြားသားတွေ သိပ်သဘောကျကြတယ်၊ နောက်တစ်ခေါက် ပြန်လာတဲ့သူတွေလည်းရှိတယ်။

## ခရီးသွားရာသီခန့်မှန်းချက်

ရေကြောင်းခရီးသွားဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်မှုက ယခင်ထက်ပိုပြီးချောမွေ့လာတယ်၊ ဧရာဝတီမြစ်ထဲမှာ သင်္ဘောကြီး အစင်း ၂၀ ကျော်ရှိမယ်၊ သင်္ဘောအသေးတွေကများတယ်၊ နိုင်ငံခြားကလာပြီးဆွဲတဲ့သင်္ဘောတွေလည်းရှိတယ်၊ ဩစတြေးလျနဲ့ ဥရောပက သင်္ဘောတွေလိုပေါ့၊ သူတို့က ကုမ္ပဏီကြီးတွေဆိုတော့ တောင့်ခံနိုင်ပေမယ့် လိုကယ်ကုမ္ပဏီတွေအချို့က ဒီနှစ်ခရီးသွားလုပ်ငန်းကို တောင့်မခံနိုင်ကြဘူး၊ မဲခေါင်ခရီးသွားလုပ်ငန်းက အရှေ့တောင်အာရှမှာ နာမည်အကြီးဆုံးပဲ၊ ခုနကကုမ္ပဏီကြီးတွေက အဲ့ဒီနေရာမှ အခြေခံယူပြီးတော့ မြန်မာပြည်ကို ဘရန်္ဒချဲ့ယူတာများတယ်၊ သူတို့က ပက်ကေ့ချ်လည်းများတယ်၊ မဲခေါင်ကိုဝင်ပြီး မြန်မာပြည်ကို တစ်ပတ်ခရီးစဉ် လာတတ်ကြတာ၊ ဒီနှစ်ရန်ကုန်မြို့ကို ခရီးသွားဝင်ရောက်မှုရာသီအစမှာ လျော့နည်းနိုင်ပေမယ့် နောက်ပိုင်းကောင်းဖို့ မျှော်လင့်ပါတယ် " ဟု ယခုနှစ် ခရီးသွားရာသီ ကြိုတင်ခန့်မှန်းချက်ကို သုံးသပ်ပြောကြားသည်။

သူဂေါ(ဝ်)အိပ်ဇောတစ်ရေယာဉ်(၂)ကို မောင်းနှင်သော ရေယာဉ်မှူး ဦးထွန်းမြင့်ကလည်း ဧရာဝတီမြစ်ကြီးအကြောင်းကို ဤသို့ တစေ့တစောင်း ပြောကြားသည်။

*အချပ်ပို (ဃ) သို့*

# မိုးဦးကာလ အရောင်းအဝယ်အေးသွားသည့် ရန်ကုန်




— မင်းသော် —

မိုးရာသီဖြစ်လာသည်က တစ်ကြောင်း၊ ရန်ကုန်လိုင်စင်များ ချထားပေးမည့်သတင်းစကားများက တစ်ကြောင်း အကြောင်းအမျိုးမျိုးတို့ကြောင့် ရန်ကုန်ကားဈေးကွက်သည် အရောင်းအဝယ် အေးလျက်ရှိကြောင်း သိရသည်။

စတိနံပါတ်များ အရောင်းအဝယ်အနည်းငယ်ရှိနေသော်လည်း ဈေးကွက်တစ်ခုလုံးအနေဖြင့်မူ အားနည်းနေသေးကြောင်း၊ စတိနံပါတ်များထက် ညာမောင်းတစ်ပတ်ရစ်များ အရောင်းအဝယ်မှာ အနည်းငယ်ရှိသော်လည်း မိုးဆက်တိုက်ရွာနေသဖြင့် ကားရောင်းဝယ်ရေးစခန်းများနှင့် ရောင်းဝယ်ရာနေရာအချို့တို့တွင်လည်း အရောင်းအဝယ်များလည်း မရှိသလောက် နည်းပါးနေသည်ကို မြင်တွေ့ရသည်။

ရန်ကုန်မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လက်မှတ် တစ်ခုဖြစ်သည့် YVQC စနစ် Yangon Vehicle Quota Certificate မှာ မော်တော်ယာဉ်အစီးရေ သတ်မှတ်ချက်ဖြစ်ပြီး ယခုနှစ်အတွက် ရန်ကုန်အတွင်းရှိ မော်တော်ကားအစီးရေကန့်သတ်ချက်တစ်ခု ဖြစ်လာပေလိမ့်မည်။

“လက်ရှိမှာတော့ ညာမောင်းတွေကို တိုက်ရိုက်ထိခိုက်စရာ ဘာမှမရှိပါဘူး၊ ကားသစ်တွေ၊ ဘယ်မောင်းသွင်းတွေနဲ့သာ ဘယ်လိုဖြစ်လာနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာပါ၊ ညာမောင်းဂျပန်ကားလေးတွေ ဝယ်ယူချင်တဲ့သူတွေကတော့ ပုံမှန်အတိုင်း မထူးခြားပါဘူး၊ စောင့်ကြည့်နေကြတာတော့ရှိတယ်၊ အမှန်က ၂၀၁၆ မော်ဒယ် နောက်သွင်းမယ့်ကားတွေကိုပဲ ဆိုလိုတာဆိုတော့ လက်ရှိဈေးကွက်နဲ့က ဘာမှမဆိုင်ဘူး၊ မဆိုင်ပေမယ့်လည်း ဝယ်လက်ကတော့ ဘာထူးမလဲ စောင့်ကြည့်တာအကျင့်ပါနေတယ်၊ အရောင်းအဝယ်က နှစ်ဆန်းပိုင်းလိုတော့ လုံးဝမရှိတာမဟုတ်ဘူး၊ ပြီးခဲ့တဲ့ တစ်လတာအတွင်းနဲ့ နှိုင်းယှဉ်ရင်တော့ ကျသွားတယ်”ဟု ကိုကျော်ဇေယျာဝင်းက ပြောသည်။

ထို့ပြင် စလစ်ဈေးနှုန်းများမှာ ကျဆင်းသွားခြင်းမရှိဘဲ တန့်နေပြီး သက်တမ်း ၂၀ ရန်ကုန်လိုင်စင်စနစ်မှာ လက်ရှိတွင် ငွေကျပ် ၁၂၅ သိန်း ဝန်းကျင်နှင့် အရောင်းအဝယ် ဖြစ်နေကြောင်း၊ အများစုမှာ ရန်ကုန်လိုင်စင်ရရှိလိုသည့်အတွက် ဈေးကမြင့်လျက်ရှိကြောင်း သိရှိရသည်။ “စလစ်ဈေးကွက်ကတော့ ပုံမှန်ပါပဲ၊ အရောင်းအဝယ်က ဖြစ်တယ်၊ အများစုက ညာမောင်းလိုချင်ကြတယ်၊ ဒီလိုဆိုရင် စလစ်က လိုနေဦးမှာပဲ၊ အခုနောက်ပိုင်းမှာ ယာဉ်အိုယာဉ်ဟောင်းအပ်နှံသူကလည်း နည်းပါးသွားခဲ့ပြီ၊ စလစ်လိုအပ်ချက်ကလည်း အများကြီးလိုနေတာမျိုးတော့ မဟုတ်ဘူး၊ ဒီလို အနေအထားမှာ ဈေးကမကျဘူးဆိုတာ နောင်ဖြစ်မယ့် အလားအလာတစ်ခုခု ရှိနိုင်တယ်”ဟု လည်း ကားလောကသားအချို့က ပြောသည်။

ယခုရက်ပိုင်းအတွင်း မိုးရာသီအကြမ်းခံ အိမ်သုံးကားများ ဈေးကွက်အတွင်းအဝယ်လိုက်နေပြီး နယ်ဝယ်လက်အချို့လည်း ဈေးစုံစမ်းမှုများတော့ ဆက်တိုက်ရှိနေကြောင်း၊ အရောင်းအဝယ်မှာမူ ပုံမှန်သာရှိပြီး ရာသီဥတုကောင်းမွန်သည့် ရက်များတွင် အရောင်းအဝယ်ပိုမိုဖြစ်ပေါ်ကြောင်း၊ ရန်ကုန်လိုင်စင်ကားအများစုမှာ မေးသူ၊ ဝယ်သူ ရှိနေသော်လည်း ယခုရက်အတွင်း နယ်လိုင်စင်ကားများ အရောင်းအဝယ်မှာမူ မရှိသလောက်နည်းပါးနေပြီး ဈေးကွက်အတွင်း လာမည့်ရက်အတွင်း နယ်လိုင်စင်ကားဈေးနှုန်းများ ကျဆင်းလာနိုင်ကြောင်း ကားဝယ်ရောင်းတစ်ဦးကလည်း ပြောသည်။ ။

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Alphard | 2002 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၄၃ |
| CRV RD5 | 2001 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၅၂ |
| Kluger | 2008 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၇၅ |
| Fit GE6 | 2011 | နယ် | 1300cc | အပြင်ဈေး | ၁၇၇ |
| Insight | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၆၂ |
| Wish | 2012 | ရန်ကုန်/စတိ | 1800cc | အပြင်ဈေး | ၅၀၀ |
| Vitz | 2010 | နယ် | 1300cc | အပြင်ဈေး | ၁၈၅ |
| Belta | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၄ |
| Mark X | 2004 | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၁၀ |
| HiAce | 2007 | နယ်/စတိ | 2700cc | အပြင်ဈေး | ၃၇၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

*အချပ်ပို (ဂ) မှ*

လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်ထားနွယ်ဝင်း အဓိကထား ပြောဆိုတင်ပြသွားတဲ့ အချက်များကတော့ ရန်ကုန်စည်ပင်သာယာ နယ်နိမိတ် ပြင်ပသာမက နယ်နိမိတ်အတွင်းရှိ မြို့နယ်များဖြစ်တဲ့ ဒဂုံမြို့သစ် (ဆိပ်ကမ်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း၊ မြောက်ပိုင်း) မြို့နယ်နဲ့ သာကေတ၊ ရွှေပြည်သာ၊ လှိုင်သာယာ အစရှိတဲ့ မြေကွက်လပ်များရှိတဲ့ မြို့နယ်တိုင်းလိုလိုမှာ ကျောက်တိုင်များစိုက်ပြီး မြေကွက်များ ရောင်းစားသူများနဲ့ ခြံစည်းရိုးခတ်ခြင်းများအား လူမိုက်ဆန်ဆန် ဥပဒေ ချိုးဖောက်နေတာ၊ လုပ်ကိုင်နေတာကို တွေ့နိုင်ပါတယ်လို့ ထောက်ပြဆွေးနွေးခဲ့ပါတယ်။

အုပ်ချုပ်ရေးတာဝန်ရှိသူများ အချိုးအစားနဲ့ ပြည်သူလူထုဦးရေ မညီမျှဘူးဆိုပေမယ့် ဥပဒေကို မလေးစား မလိုက်နာသူ၊ ဥပဒေရဲ့အားနည်းချက်ကို ရှာဖွေအသုံးချနေသူတွေက လူဦးရေ နည်းနည်းလေးပါ။ ပြည်သူတွေအနေနဲ့ ယခုအခါ မြင်တွေ့နေရတဲ့ ဥပဒေချိုးဖောက်မှုများကို ပြည်သူ့ကိုယ်စားလှယ်ဖြစ်တဲ့ လွှတ်တော်အမတ်တွေဆီ တင်ပြနေကြပါတယ်။ အချို့သောလွှတ်တော်ကိုယ်စားလှယ်တွေက တိတ်တဆိတ်စောင့်ကြည့်ကြပေမယ့် အချို့ကတော့ အခုလိုလွှတ်တော်အတွင်းမှာပါ အစိုးရအဖွဲ့ကို ပြောကြားလာကြတာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် တင်ပြလိုတာက အနယ်နယ်အရပ်ရပ်က ရောက်ရှိနေထိုင်သူများ သာမက ဒေသခံ ရန်ကုန်သူ ရန်ကုန်သားတို့ကိုပါ တာဝန်ယူထွေးပွေ့ထားသော ရန်ကုန်မြို့တော်ကြီးမှာ တရားဥပဒေစိုးမိုးရေးအတွက် မြို့တော်သူ မြို့တော်သားများသာမက တာဝန်ရှိအဖွဲ့အစည်းအသီးသီးကပါ ဝိုင်းဝန်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းတင်ပြလိုက်ရပါကြောင်း။ ။

*အချပ်ပို (ဂ) မှ*

“ဧရာဝတီမြစ်ကြီးက ယခင်ထက် ကောလာတယ်၊ သဲသောင်ထွန်းပြီး ရေကြောင်းကျပ်လာတယ်၊ အထူးသဖြင့် ဧရာဝတီမြစ်ဖျားပိုင်း၊ မန္တလေးနဲ့ ဗန်းမော်ကြား၊ မန္တလေးနဲ့ မြင်းမူကြားမှာ စက်လှေတွေနဲ့ ကျောက်စရစ်စုပ်တာတွေက သွားလာရေးခက်ခဲပြီး ရေကြောင်း ရေလမ်းတွေ ပြောင်းကုန်တယ်၊ အဆင်းတစ်လမ်း အပြန်တစ်လမ်း ဖြစ်နေတတ်တယ်၊ ဟင်္သာတနားတစ်ဝိုက်၊ ပြည်နဲ့ မြန်အောင်မြို့ကြား၊ မိချောင်းရဲမြို့က မလွန်တံတားနားမှာ ကျောက်စရစ်စုပ်တာတွေရှိတယ်၊ နိုင်ငံခြားသားတွေက ဒါတွေကိုမြင်တော့ ကျွန်တော်တို့ကိုမေးတယ်၊ ဖြေရတာ ကျပ်တဲ့မေးခွန်းတွေ မေးတတ်ကြတယ်၊ သင်္ဘောသွားတဲ့ရေကြောင်းမှာ ပိတ်ပြီး ကျောက်စရစ် စုပ်နေတာလည်း ကြုံရတယ်၊ ရေကြောင်းတွေ ကျပ်လာပြီး ဧရာဝတီမြစ်ကြမ်းပြင်မြင့်တက်လာတာဟာ စိုးရိမ်စရာအခြေ အနေဖြစ်လာနေပြီ။

### ရေချိုလင်းပိုင်ထိန်းသိမ်းသင့်

“နိုင်ငံခြားသားတွေကို ဧရာဝတီ ရေချိုလင်းပိုင် တကူးတကပြသရတဲ့နေရာလည်းရှိတယ်၊ မန္တလေးနဲ့ ဗန်းမော်မြို့ကြားက ဧရာဝတီလင်းပိုင်ဆိုတာရှိတယ်၊ မြန်မာပြည်ရဲ့ရှားပါးရေနေသတ္တဝါတွေပေါ့၊ မြစ်ထဲမှာ အရင်က လှေတစ်စင်းနှစ်စင်းနဲ့ပဲ ရှော့တိုက် ငါးဖမ်းတာ၊ အခုခုနစ်စင်း၊ ရှစ်စင်းတွဲပြီး ရှော့တိုက်နေကြတော့ ရေနေသတ္တဝါမျိုးစိတ်တွေ ပျက်စီးကုန်တယ်၊ အထူးသဖြင့် လင်းပိုင်သေဆုံးမှုတွေ များလာတာကိုတွေ့ရတယ်၊ တာဝန်ရှိသူတွေတားလည်း ခဏပဲ၊ တစ်ပတ်မကြာဘူး မြစ်ထဲပြန်ရောက်လာကြတာပဲ၊ နိုင်ငံခြားသားတွေမြင်တော့ အံ့သြနေကြတာ၊ မန္တလေးအထက်မင်းကွန်း၊ မင်းကွန်းနဲ့ ကျောက်မြောင်းကြားက လင်းပိုင်ပြကွက်နေရာတွေပဲ၊ အရင်က လင်းပိုင်မြူးတဲ့နေရာတွေမှာ အခုလင်းပိုင်မရှိသလောက်ပါးသွားပြီ၊ မြစ်ချောင်းထဲ ငါးပေါများတာဟာလည်း နိုင်ငံခြားခရီးသွားတွေကို ဆွဲဆောင်ရာတစ်ခုအဖြစ် အချို့နိုင်ငံတွေမှာ ရှိနေတာသတိပြုမိစေလိုပါတယ်၊ ဧရာဝတီလင်းပိုင်တွေကို ထိန်းသိမ်းကြပ်မတ်သင့်ပါတယ်၊ ဧရာဝတီမြစ်မှာ ရေနေသတ္တဝါတွေ ရှားပါးလာတာ၊ မြစ်ကြောင်းတွေပြောင်းလဲပြီး မြစ်ကမ်းပါးတွေ ပြိုလာတာ အမှိုက်၊ ရှော့တိုက်နဲ့ ကျောက်စရစ်စုပ်တာကြောင့်ဆိုရင် မမှားပါဘူး” ဟု မြစ်ပြင်တွင် ကြုံတွေ့ရပုံတို့ကို ပြောသည်။

နိုင်ငံခြားသားများ ရန်ကုန်မြို့ကို ရောက်လျှင် တွံတေးမြို့မှ အိုးလုပ်ငန်းနှင့် အခြားလက်မှုလုပ်ငန်းများ လေ့လာကြလေ့ရှိသည်။ အထက်ဘက်တွင် မန္တလေးမဟာမြတ်မုနိဘုရား၊ ယွန်းလုပ်ငန်း၊ ကြေးသွန်းလုပ်ငန်း၊ ကျောက်ဆစ်လုပ်ငန်းနှင့် ပန်းပုလုပ်ငန်းတို့ကို လေ့လာကြပြီး စစ်ကိုင်းတောင်၊ ဆွမ်းဦးပုညရှင်၊ ကောင်းမှုတော်၊ မင်းကွန်း၊ မြသိန်းတန်စေတီ၊ လူအိုရုံနှင့် ဆရာတော်၊ သီလရှင်ကျောင်းများကို ဝင်ရောက်လေ့လာလှူဒါန်းကြလေ့ရှိသည်။ မန္တလေးအထက် ချင်းတွင်းမြစ်ရှိ ဗန်းမော်တွင် ချော့ချဲ့ကျောင်းများကို ပို၍လေ့လာတတ်ကြသည်။

### ခရီးသွားလုပ်ငန်းပိုမိုတိုးတက်ရန်

နိုင်ငံတော်၏တိုင်းပြည်ဘဏ္ဍာကို တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရန် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုသည်လည်း အကောင်းဆုံးဖြစ်သောကြောင့် ရန်ကုန်မြို့ပြအနေဖြင့် ခရီးသည်များကို စိတ်ဝင်တစားဆွဲဆောင်စေနိုင်မည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ပါက ရန်ကုန်မြို့ပြအလှကို ဆန်းသစ်ခေတ်မီသောပုံစံတစ်မျိုးဖြင့် နိုင်ငံခြားသားခရီးသွားများကို တွေ့မြင်ရမည်ဖြစ်သည်။ ရန်ကုန်မြစ်ကြီးကိုလည်း လှပခံ့ညားစွာဖြင့် ဖော်ဆောင်နိုင်ပါက ပင်လယ်ထွက်ပေါက် မြို့တော်ကြီးဖြစ်သော မဟာရန်ကုန်မြို့သည် နိုင်ငံခြားဝင်ငွေအများဆုံးရှာဖွေပေးရာ နိုင်ငံ့ဂုဏ်ဆောင်မြို့ပြကြီးတစ်ခုအဖြစ် ဆက်လက်ပေါ်ထွန်းလာမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။ ။


နိုင်ငံခြားခရီးသွားများလေ့လာလေ့ရှိသည့် ကျောက်မြောင်း နွယ်ငြိမ်းစံပြကျေးရွာရှိ စဉ့်အိုးလုပ်ငန်း။